စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

စိုက်ပျိုးစီးပွားသတင်းလွှာ

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် - ၃၉ မှ ၄၂ /၂၀၂၂ ထိအား စုစည်းတင်ပြပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၃၉ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၆) ရက်

၆-၁၀-၂၀၂၂	
ငွေကြေး အမျိုးအစား	ငွေလဲလှယ်နှုန်း (ကျပ်)
ဒေါ်လာ	၂၁၀၀.၀
ယူရို	၂၀၇၅.၅
စက်ဘူဒေါ်လာ	၁၄၇၃.၃
စတာလင်ပေါင်	၂၃၆၄.၃
ဂျပန်ယန်း (၁၀၀)	၁၄၅၁.၀
တရုတ်ယွမ်	၂၉၅.၁၁
ဟောင်ကောင် ဒေါ်လာ	၂၆၇.၅၂
အိန္ဒိယရူပီး	၂၅.၅၇၄
ကိုရီးယားဝမ် (၁၀၀)	၁၄၉.၁၇
မလေးရှားရင်းဂစ်	၄၅၂.၈၃
ဖိလစ်ပိုင်ပီဆို	၃၅.၇၆၄
ထိုင်းဘတ်	၅၆.၂၅၅
ဗီယက်နမ်ဒေါင် (၁၀၀)	၈.၇၉၄၀

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယမှ မူဝါဒ အပြောင်းအလဲပေါ်တွင် ကမ္ဘာ့ဆန်စျေးကွက်ငြိမ်နေ

➢ တရုတ်နိုင်ငံ၏ ဒုးရင်းသီးတင်သွင်းမှုတိုးတက်နှုန်းကြောင့် RCEP အပေါ် အာဆီယံကို နှိုးဆော်မှုဖြစ်စေ

- **အထွေထွေသတင်းများ**

➢ တရုတ်အစိုးရ၏ လျှပ်စစ်ယာဉ်ဆိုင်ရာမူဝါဒများ၊ ထုတ်လုပ်သူများ၏ တုံ့ပြန်မှုများနှင့် ယင်းကဏ္ဍဆိုင်ရာ အနာဂတ်မျှော်မှန်းချက်အခြေအနေများတင်ပြခြင်း

➢ ဂျာမနီနိုင်ငံတွင် စားသုံးသူများ၏ဝယ်ယူစားသုံးမှု ဆက်လက်ကျဆင်းနေခြင်း

➢ ဂျာမနီနိုင်ငံ Relief package အစီအစဉ်နှင့် စီးပွားရေးခန့်မှန်းတွက်ချက်မှု အခြေအနေ

➢ ဂျာမနီနိုင်ငံက ယူအေအီးနိုင်ငံနှင့် စွမ်းအင်ကဏ္ဍပူးပေါင်းရန် စီစဉ်ဆောင်ရွက်ခြင်း

➢ ဂျာမနီနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ

➢ ဂျာမနီနိုင်ငံ၏ လူဦးရေတိုးတက်မှုအခြေအနေ

➢ ဂျာမနီနိုင်ငံတွင် ဓါတ်မြေသြဇာရောင်းချရမှုများ ကျဆင်းလာခြင်း

➢ ဂျာမနီနိုင်ငံတွင် Electric Heaters များရောင်းချရမှု မြင့်တက်လာခြင်း

အိန္ဒိယမှ မူဝါဒ အပြောင်းအလဲပေါ်တွင် ကမ္ဘာ့ဆန်စျေးကွက်ငြိမ်နေ

ယခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် အိန္ဒိယက ဆန်ကွဲတင်ပို့မှု တားမြစ်ခဲ့ပြီး၊ စက်တင်ဘာလ ၁၅ ရက်နေ့မှစတင်၍ ဆန်ဖြူတင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်းတိုး၍ ကောက်ခံခဲ့ပါသည်။ အဆိုပါ တားမြစ်မှုများအား စက်တင်ဘာလ ၃၀ ရက်နေ့အထိ သက်တမ်းတိုးပေးခဲ့ပြီး၊ ယခုအခါ အောက်တိုဘာလ ၁၅ ရက်နေ့တိုင်အောင် ရွှေ့ဆိုင်းထားသဖြင့် လတ်တလောကမ္ဘာ့ဆန်စျေးကျဆင်းနေသည်ဟု သိရပါသည်။

အိန္ဒိယနိုင်ငံ၏ တားမြစ်ချက် အသက်ဝင်ပြီးနောက် ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ အပါအဝင် ဆန်တင်ပို့သည့် နိုင်ငံများအားလုံးရှိ ကမ္ဘာ့ဆန်စျေးကွက်မှာ အလွန်လှုပ်ခတ်ခဲ့ပါသည်။ သို့သော်လည်း အိန္ဒိယအစိုးရ၏ ပို့ကုန်စည်းမျဉ်းများ ဖြေလျှော့ပေးမှုနှင့်အတူ ယခုအချိန်တွင် စျေးကွက်ငြိမ်သက်နေသည်ကို တွေ့ရပါသည်။ ယနေ့ ကမ္ဘာ့စျေးကွက်တွင် အထင်ရှားဆုံး ဆန်ရောင်းချသူများအနက် ထိုင်းနိုင်ငံမှ ကုန်စည်အားလုံး၏ စျေးနှုန်းများမှာ စံချိန်တင်ရလောက်အောင် အဆမတန် ကျဆင်းနေပါသည်။

အထူးသဖြင့် ၅ ရာခိုင်နှုန်းအကျိုးအကြေပါဆန် တစ်တန်လျှင် ၄၃၅ ဒေါ်လာဖြစ်နေကာ၊ ယခင်အပတ်ကထက် ၁၁ ဒေါ်လာခန့် ကျဆင်းသွားပြီး၊ စက်တင်ဘာလအစပိုင်းကထက် ၂ ဒေါ်လာသာပိုများသည်။ ဟွမ်မာလီကဲ့သို့သော တန်းမြင့်မွေးဆန်တစ်တန်လျှင် ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက အမရိကန်ဒေါ်လာ ၉၀၀ ကျော်သာရှိ၍ တစ်တန်လျှင် ၂၂ ဒေါ်လာ ကျဆင်းသွားပါသည်။ စံပယ်ဆန်မှာလည်း ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၁၆ ဒေါ်လာသို့ကျဆင်းသွားပြီး တစ်တန်လျှင် ၆၃၂ ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်နေပါသည်။

အလားတူ ပါကစ္စတန်၏ ၅ ရာခိုင်နှုန်းအကျိုးအကြေပါဆန်စျေးနှုန်းမှာ ပြီးခဲ့သည့်သီတင်းပတ်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၇ သို့ ရုတ်တရက် တက်လာပြီးနောက်၊ ယခုအခါ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ မှ ၃၉၃ ကြားသို့ ကျဆင်းသွားပါသည်။ အိန္ဒိယနှင့် ဗီယက်နမ်ဆန်သာလျှင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ နှင့် ၄၂၃ အသီးသီးဖြင့် ဆက်လက်တည်ငြိမ်နေခဲ့ပါသည်။

Viet Hung Co., Ltd. (Tien Giang) ၏ ဒါရိုက်တာ မစ္စတာ ငုယင်ဗန်ဒွန်က “အိန္ဒိယမှ ဆန်တင်ပို့မှုကို ကန့်သတ်ရန် အမိန့်ပေးပြီးနောက်၊ ယခုအချိန်အထိ ဗီယက်နမ်ဆန်စျေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀ မှ ၅၀ ခန့်အထိ မြင့်တက်လာခဲ့ကြောင်း၊ သို့သော်လည်း မကြာသေးမီရက်များအတွင်း အိန္ဒိယသည် ဆန်တင်ပို့မှုဆိုင်ရာ မူဝါဒများစွာကို ဖြေလျှော့လိုက်သော

Agribusiness & Trade

အခါတွင် စျေးကွက်သည် တဖြည်းဖြည်းပြန်လည်တည်ငြိမ်လာခဲ့ကြောင်း၊ ကမ္ဘာတဝှမ်းမှ သွင်းကုန်လုပ်ငန်းရှင်များက ယခင်ကဲ့သို့ စာချုပ်များကို တက်ကြွစွာ စေ့စပ်ညှိနှိုင်းခြင်း မပြုတော့သည့်အပြင်၊ ဖိလစ်ပိုင်အစိုးရကလည်း ခွဲတမ်းအသစ်ကို ထုတ်ပြန်ခြင်းမရှိသေးကြောင်း၊ ယနေ့ကမ္ဘာတွင် ပျမ်းမျှဆန်စျေးက အရမ်းမြင့်နေသဖြင့် စားသုံးရန်ခက်ခဲကြောင်း၊ တစ်ချိန်တည်းတွင် ဗီယက်နမ်၌ အထွက်နည်းပြီး၊ အလယ်ပိုင်းဒေသတွင် မိုးရာသီ၏ အထွတ်အထိပ်၌ ရှိနေကြောင်း၊ အနောက်ဘက်တွင် ရေကြီးသည့်ရာသီဥတုသို့ ရောက်လာပြီး၊ ရေအတော်အတန်မြင့်လာသောကြောင့် နွေစပါးမျိုးစေ့ကြဲမည့်အချိန်ကို အနည်းနှင့်အများ သက်ရောက်မှုရှိကြောင်း၊ ၎င်းအကြောင်းများကြောင့် ဗီယက်နမ်ဆန်စျေးကွက်တွင် အခုမှ နှစ်ကုန်အထိ အတက်အကျအနည်းငယ်ရှိနိုင်မည်ဖြစ်သော်လည်း၊ စျေးနှုန်းကို အတော်အသင့် ထိန်းထားနိုင်ဆဲဖြစ်ကြောင်း” ဖြေကြားခဲ့သည်ကို တွေ့ရပါသည်။

မကြာသေးမီက ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်မှုဝန်ကြီးဌာနက ဗီယက်နမ် စားနပ်ရိက္ခာအသင်း (VFA) နှင့် ဆန်တင်ပို့ရောင်းချသူများထံသို့ ပို့ကုန်နှင့် ပြည်တွင်းစားသုံးမှုအကြား ဟန်ချက်ညီစေရန် ဖြေရှင်းချက်များကို အကောင်အထည်ဖော်ရာတွင် ညှိနှိုင်းဆောင်ရွက်ရန် စာဖြင့်အဆိုပြုခဲ့ပါသည်။

ရေရှည်အားသာချက်

အိန္ဒိယအာဏာပိုင်များ၏ စာရင်းဇယားများအရ ပို့ကုန်ကန့်သတ်ရေးမူဝါဒကြောင့် ဆန်တန်ချိန် ၁ သန်းခန့်မှာ ယင်းနိုင်ငံရှိ ဆိပ်ကမ်းများတွင် ပိတ်မိနေခဲ့သည်ဟု သိရပါသည်။ အကြောင်းရင်းမှာ ပို့ကုန်တင်ပို့သူဘက်ကရော၊ တင်သွင်းသူဘက်ကပါ လျှောက်ထားရုံဖြင့် ထပ်ဆောင်းအခွန် ၂၀ % ပေးဆောင်ရန် သဘောမတူသောကြောင့် ဖြစ်ပါသည်။ ပိတ်ပင်မှုကြောင့် အိန္ဒိယဆန်တင်ပို့သူများ၏ ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ သန်း ၇၅၀ ခန့်ရှိပါသည်။

ဟိုချီမင်းမြို့တော်ရှိ Hiep Quang Agro Company ၏ ဒါရိုက်တာ Mr. Tran Vu Khanh က “မူဝါဒသစ်အတွက် လျှောက်လွှာတင်ကာလကို သက်တမ်းတိုးရန် အိန္ဒိယအစိုးရ၏ ကြေညာပြီးနောက်၊ ၎င်းတို့ကုမ္ပဏီမှ ဝယ်ယူမည့်စာချုပ် ၁၀ စောင်မှာ ဆိပ်ကမ်းတွင် ပိတ်မိနေဆဲဖြစ်ကြောင်း၊ ပို့ကုန်တင်ပို့သူနှင့် ညှိနှိုင်းဆွေးနွေးရန် ကြိုးပမ်းသော်လည်း အောင်မြင်ဖွယ်မရှိကြောင်း၊ ထို့ကြောင့် ရွေးချယ်စရာအသစ်ရှာဖွေရန် စာချုပ်ကိုပယ်ဖျက်ဖို့ စဉ်းစားနေကြောင်း" မှတ်ချက်ပြုပြောကြားခဲ့ပါသည်။

ဗီယက်နမ်စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီ၏ ဒါရိုက်တာဖြစ်သူ ပါမောက္ခဒေါက်တာ Bui Chi Buu က “ဆန်မှာ ထိလွယ်ရှလွယ် ပစ္စည်းဖြစ်သောကြောင့် စျေးနှုန်းအလွန်အမင်း မငြိမ်မသက်

Agribusiness & Trade

ဖြစ်လေ့ရှိကြောင်း၊ ထို့ကြောင့် အစိုးရများက ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန်နှင့် လူမှုဖူလုံရေး တည်ငြိမ်ရန်ကဲ့သို့သော ရည်မှန်းချက်များစွာကို အောင်မြင်ရန် စျေးနှုန်းတည်ငြိမ်ရေး မူဝါဒများ ချမှတ်လေ့ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဆန်စျေး အမြန်အေးသွားရခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်၏ ဆန်စပါးလုပ်ငန်းတွင် အားသာချက်များစွာရှိကြောင်း၊ စျေးနှုန်းအရ အစိုးရက ငွေကြေးဖောင်းပွမှုကို လျှော့ချခြင်းဖြင့် စားသောက်ကုန်စျေးနှုန်းများအတွက် အကျိုးကျေးဇူးတစ်ရပ် ဖြစ်စေကြောင်း၊ ထို့အပြင် ကာလတိုစပါးမျိုးများကို ထုတ်လုပ်သောကြောင့် ထိုင်းဆန်အများစုနှင့် နှိုင်းယှဉ်ပါက သီးနှံရရှိရန် ၃-၄ လသာ အချိန်ကြာမြင့်ကြောင်း၊ ၎င်းအချက်များမှာ ကမ္ဘာ့ဆန်စျေးကွက် အတန်ငယ်ဖိစီးနေသည့်အခြေအနေတွင် ဗီယက်နမ်၏ အားသာချက်များဖြစ်ကြောင်း” ပြောကြားခဲ့သည်ကို လေ့လာတွေ့ရှိပါသည်။

Trung An Hi–tech Agriculture Joint Stock Company (Can Tho) ၏ အထွေထွေညွှန်ကြားရေးမှူး Mr. Pham Thai Binh က စီးပွားရေးရှုထောင့်မှ မှတ်ချက်ပြု ပြောကြားရာ၌ “အိန္ဒိယ၏ ဆန်တင်ပို့မှုအပေါ် ကန့်သတ်ချုပ်ချယ်မှုမှာ လုံခြုံရေးပြဿနာများ၏ အရေးပါမှုကို ပြသနေကြောင်း၊ လက်ရှိကမ္ဘာတွင် အစားအသောက် အခြေအနေမှာ အတော်ဖိစီးမှုဖြစ်နေကြောင်း၊ ကမ္ဘာ့ဆန်စျေးကွက်အတွက် ဆန် အဓိကရင်းမြစ်ဖြစ်သည့် အိန္ဒိယမှ ရောင်းလိုအားကျဆင်းခြင်းမှာ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အား အကျိုးရှိစေမည်ဖြစ်ကြောင်း၊ ဗီယက်နမ်၏ အားသာချက်မှာ ဆန်ထုတ်လုပ်မှုကို မြောက်မှတောင်သို့ ဖြန့်ကျက်ဆောင်ရွက်နိုင်သောကြောင့် ပို့ကုန်အတွက် တည်ငြိမ်ပြီး ပိုလျှံကြောင်း၊ သို့သော်လည်း ယနေ့ ဆန်စပါးထုတ်လုပ်မှုတွင် စီးပွားရေးထိရောက်မှု ပြဿနာကို ဂရုတစိုက်တွက်ချက်ရန် လိုအပ်လာကြောင်း၊ ဗီယက်နမ်ဆန်၏ အရည်အသွေးကို မကြာသေးမီနှစ်များအတွင်း တိုးတက်လာစေရန် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် အဆင့်မြင့်စျေးကွက်များသို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံက ရေရှည်တည်တံ့သော အစိမ်းရောင်စံနှုန်းများနှင့်အညီ တန်ဖိုးကြီးစျေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် အရည်အသွေးမြင့် ဆန်ထုတ်လုပ်နေသည့် အဖွဲ့အစည်းအား ဆက်လက်တက်ကြွစွာ မြှင့်တင်ရန် လိုအပ်ကြောင်း၊ ပြည်ပပို့ကုန်အတွက် အရည်အသွေးမြင့်ဆန် ဟက်တာ ၁ သန်း၏ အစီအစဉ်ကို ဆက်လက်မြှင့်တင်သင့်သည်ဟု ထင်မြင်ကြောင်း၊ သို့ဖြစ်ရာ လယ်သမားများနှင့် စျေးကွက်ရှိ စီးပွားရေးလုပ်ငန်းများအကြား ချိတ်ဆက်မှု (အထူးသဖြင့် တန်ဖိုးကြီး စျေးကွက်များနှင့် ချိတ်ဆက်မှု)ကို အားကောင်းခိုင်မာစေရန် လိုအပ်ကြောင်း၊ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များ (FTAs) မှရရှိလာသည့် စျေးကွက်အခွင့်အလမ်းများ၏ အကျိုးကျေးဇူးကိုယူနိုင်စေရန် ဤအစီအစဉ်ကို မြှင့်တင်ရန် လိုအပ်နေကြောင်း” ဟု Mr Binh က ပြောကြားခဲ့ပါသည်။

Agribusiness & Trade

ရင်းမြစ်၊ vietstock.vn/2022/10/vi-sao-thi-truong-gao-the-gioi-ha-nhiet-118-1005468.htm

ဒေါက်တာရွှေစင်ကို
ဒုတိယညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှုတိုးတက်နှုန်းကြောင့် RCEP အပေါ် အာဆီယံကို နှိုးဆော်မှုဖြစ်စေ

အရှေ့တောင်အာရှ၏ "အသီးအနှံများ၏ဘုရင်" ဒူးရင်းသည် တရုတ်နိုင်ငံတွင် အရှိန်အဟုန်ဖြင့် အရောင်းမြှင့်တက်လာပြီး ပမာဏနှင့်တန်ဖိုးအရ နိုင်ငံ၏ ထိပ်တန်း သစ်သီးတင်သွင်းမှုဖြစ်လာကြောင်း အရှေ့တောင်အာရှနိုင်ငံများမှ လတ်ဆတ်သော သစ်သီးဝလံများ တင်သွင်းရန် တရုတ်နိုင်ငံအတွက် ပိုမိုလွယ်ကူစေသည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) အရ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းသည် ကြီးမားသောလွတ်လပ်သောကုန်သွယ်မှုမူဘောင်တွင် နိုင်ငံကို မည်သို့ထည့်သွင်းရမည်ကို စမ်းသပ်မှုတစ်ခု ဖြစ်လာနေသည်။

ယခုနှစ် ဇန်နဝါရီလတွင် စတင်အသက်ဝင်ခဲ့သော RCEP သည် ယခုအခါ ကမ္ဘာ့အကြီးဆုံးကုန်သွယ်မှုအစုအဖွဲ့ဖြစ်ပြီး ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းရှိပြီး တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံ ၁၀ နိုင်ငံ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျှနှင့် နယူးဇီလန်တို့နှင့်အတူ မူဘောင်တွင် ပါဝင်သည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ စစ်ဆောင်ပနား Xishuangbanna မြို့သည် အရှေ့တောင်အာရှမှ ဒူးရင်းသီး အများဆုံးရရှိနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း အရှေ့တောင်အာရှနယ်စပ်အနီးတွင် တည်ရှိပြီး သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် လက်ကားဈေးသည် လူလတ်တန်းစားများနှင့် ခရီးသွားများဖြင့် စည်ကားနေ၍ ဒူးရင်းသီးမျိုးစုံကို ဒေသအနှံမှ ကုန်းတွင်းပိုင်းမှ သယ်ဆောင်လာကြသည်။

ဒူးရင်းသီးဆိုင်တစ်ဆိုင်မှ ဈေးသည်တစ်ဦး၏ ပြောကြားချက်အရ ဈေးကွက်တွင် ခရီးသွားရာသီအတွင်း ဒူးရင်းတစ်တန် နေ့စဉ်ရောင်းချရပြီး RCEP အသက်ဝင်ချိန်မှစ၍ ကုန်ကျစရိတ်များ လျော့ကျသွားသော်လည်း တရုတ်နိုင်ငံ၏ဝယ်လိုအား တိုးလာခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်နေကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် ဒူးရင်းလတ်လတ်ဆတ်ဆတ် တင်သွင်းမှုသည် တစ်နှစ်ထက် တစ်နှစ် ၄၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တန်ချိန် ၈၂၁,၆၀၀ သို့ တင်သွင်းမှုတန်ဖိုးမှာ ၈၂ ဒသမ ၄ ရာခိုင်နှုန်းမှ ဒေါ်လာ ၄ ဒသမ ၂၀၅ ဘီလီယံအထိ မြင့်တက်ခဲ့ကြောင်း တရုတ်အကောက်ခွန် စာရင်းဇယားများအရ သိရသည်။

သွင်းကုန်လမ်းကြောင်းသည် ယခုနှစ်တွင် ပိုမိုအရှိန်မြှင့်လာကာ ၂၀၁၇ ခုနှစ်ထက် လေးဆနီးပါး တိုးလာခဲ့ကြောင်း ၎င်း၏ "ခရင်မ်အရသာ" နှင့် အာဟာရတန်ဖိုး မြင့်မားမှုကို တရုတ်နိုင်ငံသားများက နှစ်သက်ပုံရကြောင်း တစ်လုံးလျှင် ၇ ဒေါ်လာကျော်ဖြင့် ဈေးမြင့်သော်လည်း ဒူးရင်းသည် တရုတ်နိုင်ငံ၏ စူပါမားကတ်များတွင် ထင်ရှားစွာ တည်ရှိနေပြီး ဒူးရင်းကိတ်မုန့်၊ ဒူးရင်းနို့ခရက်ပင်၊ ဒူးရင်းပီဇာနှင့် ဒူးရင်းဟော့ပေါ့အပါအဝင် ထူးခြားသော တရုတ်မီနူးပစ္စည်းများကို ဖန်တီးထားကြောင်း ယင်းတို့အားလုံးသည် ဆိုရှယ်မီဒီယာပေါ်တွင် ပရိသတ်များ၏ စိတ်အားထက်သန်သော မှတ်ချက်များစွာကို ရရှိထားကြကြောင်း တရုတ်နိုင်ငံ၏ဝယ်လိုအား ကြီးထွားလာမှုကို တုံ့ပြန်သည့်အနေဖြင့် ထုတ်လုပ်သည့်နိုင်ငံများသည် ပို့ကုန်များတိုးချဲ့ရန် အလျင်စလို လုပ်ဆောင်နေကြကြောင်း ထိုင်းနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် တန်ချိန် ၁.၂၉ သန်းခန့် ထုတ်လုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်ထက် မှ ၃၀ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့သည်။

တရုတ်နိုင်ငံ၏တင်သွင်းမှုက များနေပြီဖြစ်သော်လည်း တရုတ်နိုင်ငံ၏ တစ်ဦးချင်း စားသုံးမှုပိုတိုးလာဖို့ မျှော်လင့်ကြောင်း ထိုင်းလယ်သမားများ၏ ထုတ်လုပ်မှုတိုးချဲ့ရန် ပြင်းပြင်းထန်ထန် တွန်းအားပေးနေကြောင်း တရုတ်နိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ တာဝန်ရှိသူတစ်ဦးက Nikkei သို့ ရှင်းပြသည်။

တရုတ်နိုင်ငံတွင် “Hermes of durian” ဟု အမည်ပေးထားသော “Musang King” ဟုခေါ်သော တန်ဖိုးကြီး မလေးရှားထုတ်ကုန်တစ်ခု ရေပန်းစားမှု မြင့်တက်လာနေကြောင်း ယခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထုတ်လုပ်မှုကျဆင်းမည်ဟု မျှော်လင့်ထားသော်လည်း မလေးရှားအစိုးရသည် အကြီးစား ကော်ပိုရိတ်ရင်းနှီးမြှုပ်နှံမှုများကြောင့် စိုက်ခင်းများ ဆက်လက်တိုးချဲ့နေသဖြင့် ပို့ကုန်တိုးတက်မှုအတွက် ပံ့ပိုးလျက်ရှိကြောင်း ဗီယက်နမ်နှင့် လာအိုတို့သည်လည်း တရုတ်ငွေအပါအဝင် ရင်းနှီးမြှုပ်နှံမှုလှိုင်းလုံးများကို မြင်တွေ့နေရကြောင်း ဤအရှေ့တောင်အာရှနိုင်ငံများအတွက် RCEP တွင် တရုတ်၏ပါဝင်မှုသည် ပို့ကုန်မြှင့်တင်ရေးတွင် အဓိကကျသော လေစုန်တစ်ခုဖြစ်ကြောင်း စည်းကြပ်ခွန်များ ပယ်ချက်ရေးအပြင် ပျက်ဆီးနိုင်သော ကုန်စည်များကို အကောက်ခွန်ရှင်းလင်းရေး သဘောတူညီချက်တွင် အခြေခံအားဖြင့် ခြောက်နာရီအောက်သာ ပြီးစီးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ၎င်းသည် ကုန်ကျစရိတ်ကို သိသိသာသာလျှော့ချနိုင်မည်ဖြစ်ပြီး လတ်ဆတ်မှု အရေးကြီးသည့်ဒူးရင်းအတွက် အကျိုးကျေးဇူးများစွာ ပေးမည်ဖြစ်သည်။

Agribusiness & Trade

တစ်ဖက်တွင်မူ ဒူးရင်းအလုံးအရင်းသည် တရုတ်နိုင်ငံနှင့် အကြီးစားလွတ်လပ်သော ကုန်သွယ်မှု ဇုန်ထူထောင်ရေး စိန်ခေါ်မှုကို မီးမောင်းထိုးပြနေသည်။ တစ်ခုမှာ ကြီးမားလွန်းသော ဈေးကွက်ကို အနှောင့်အယှက် ဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံသည် ၎င်း၏ အပူပိုင်းမိုးသစ်တောများတွင် ဒူးရင်းစိုက်ခင်းများ လျင်မြန်စွာ ဖြစ်ထွန်းနေပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ဖြစ်စေနိုင်ကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

တရုတ်နိုင်ငံသို့တင်ပို့ရန် အထွက်နှုန်း လျင်မြန်စွာတိုးချဲ့နေသော်လည်း တရုတ်နိုင်ငံတွင် ဒူးရင်းသီး အရှုံးအမှုံးစွဲလမ်းမှု (ရောဂါ)မည်မျှကြာမည်ကို မည်သူမျှမသိနိုင်သည့်အပြင် တရုတ်နိုင်ငံအပေါ် အလွန်အကျွံ မှီခိုရသော(စီးပွားရေးအရှိန်) အန္တရာယ်လည်းရှိကြောင်း ဒူးရင်းပင်များ ရင့်ကျက်ပြီး အသီးအနှံများထွက်လာရန် ငါးနှစ်ကျော် အချိန်ယူရသဖြင့် ထုတ်လုပ်မှုကို အတိုင်းအတာတစ်ခုအထိ တိုးမြှင့်ပြီးနောက် တရုတ်နိုင်ငံမှ တင်သွင်းမှုကို ရပ်တန့်ပါက လယ်သမားများ ကြီးမားသောဆုံးရှုံးမှုကို ခံစားရမည်ဖြစ်ကြောင်း တကယ်တော့ တရုတ်က ထိုင်ဝမ်နာနတ်သီး တင်သွင်းမှုကို ပြီးခဲ့သောမတ်လတွင် တားမြစ်ခဲ့ကြောင်း ယင်းမှာ တရုတ်နိုင်ငံအား ပြစ်တင်ဝေဖန်နေသော Tsai Ing-wen ၏အုပ်ချုပ်ရေးကို တုံ့ပြန်ချက်အဖြစ် ရှုမြင်ပါကြောင်း တောင်တရုတ်ပင်လယ်ပိုင်နက်အငြင်းပွားမှုတွေကြောင့် ဖိလစ်ပိုင် ၄က်ပျောသီးတင်သွင်းမှုများကို တရုတ်က ရပ်ဆိုင်းလိုက်ကြောင်း ထိုင်းနှင့် မလေးရှားတို့သည် လက်ရှိတွင် တရုတ်နိုင်ငံနှင့် ဆိုးရွားသော သံတမန်ရေးရာ သို့မဟုတ် လုံခြုံရေးပြဿနာများ မရှိကြောင်း သို့သော်လည်း အမေရိကန်-တရုတ် ထိပ်တိုက်ရင်ဆိုင်မှုများ ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ အာရှတွင် တင်းမာမှုများသည် အနာဂတ်တွင် မည်သည့်အချိန်တွင် တိုးလာမည်ကို မည်သူမျှမသိနိုင်ကြောင်း တရုတ်နိုင်ငံအပေါ် စီးပွားရေးအရ မှီခိုအားထားမှုတိုးလာပါက ၎င်းတို့သည် တရုတ်နှင့် ၎င်းတို့၏ အနာဂတ်ဆက်ဆံရေးတွင် အားနည်းသော အနေအထားသို့ ရောက်ရှိသွားနိုင်ပါသည်။

ထို့အပြင် တရုတ်နိုင်ငံသို့ တင်ပို့သည့် အရှေ့တောင်အာရှနိုင်ငံများသည် ၎င်း၏ ပြင်းထန်သောသုတေသနနှင့် ထုတ်လုပ်မှုစွမ်းရည်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း ဟိုင်နန်ကျွန်း၏ ရာသီဥတုသည် အရှေ့တောင်အာရှနှင့် မတူကြောင်း ဒူးရင်း အများအပြားစိုက်ပျိုးရန် မလွယ်ကူကြောင်း ဒူးရင်း စိုက်ပျိုးမှုတွင် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီတစ်ခု၏ ဥက္ကဋ္ဌကပြောသည်။ “ဒါတောင် နှစ်နှစ်အတွင်းမှာ စီးပွားဖြစ်အတွက် ပထမအဆင့် ထုတ်ကုန်တွေ ထုတ်လုပ်နိုင်မယ်လို့ ထင်ပါကြောင်း ကုမ္ပဏီသည် လူကြိုက်များသော "Musang King" ကို ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း တရုတ်နိုင်ငံသည် ယူနန်၊ ကွမ်ရီးနှင့် ဟိုင်နန်ပြည်နယ်များကဲ့သို့သော နေရာများတွင် တန်ဖိုးကြီး ဒူးရင်းများကိုထုတ်လုပ်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြောင်း လတ္တီတွဒ် မြင့်မားခြင်း၊ မကြာခဏ တိုင်ဖွန်းမုန်တိုင်းများ တိုက်ခတ်ခြင်းနှင့် အခြားသော ရာသီဥတုအခြေအနေ

Agribusiness & Trade

များကြောင့် ယခုအချိန်အထိ စီးပွားဖြစ် ထုတ်လုပ်မှုများမဖြစ်နိုင်ခဲ့ကြောင်း ဝယ်လိုအားမြင့်မား မှုက ဒူးရင်းစိုက်ပျိုး ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုများ ထည့်သွင်းစဉ်းစားရန် ကုမ္ဍဏီများကို တွန်းအားပေးခဲ့ကြောင်း တရုတ်ပြည်တွင်း၌ ဒူးရင်းသီးများထုတ်လုပ်အောင်မြင်ပါက မည်သို့ဖြစ် မည်နည်း။ Shine Muscat ဟု အမည်ပေးထားသည့် ဂျပန်နိုင်ငံထုတ် ဇီမ်ခံစပျစ်သီးများကဲ့သို့ ဒူးရင်းထုတ်လုပ်မှုသည် တရုတ်နိုင်ငံတွင် ပျံ့နှံ့သွားနိုင်ပြီး စျေးကွက်၏ အစိတ်အပိုင်း အများ အပြားကို တရုတ်ဒူးရင်းမှ ကြီးစိုးသည့်နေ့တွင် မြင်တွေ့ရမည်ဖြစ်သည်။

သီအိုရီအရ RCEP ကဲ့သို့သော လွတ်လပ်သော ကုန်သွယ်မှုဇုန်တွင် စျေးကွက်ကြီးမား သော နိုင်ငံတစ်ခုအတွက် လိုလားသည်။ သို့သော် ပြဿနာမှာ တရုတ်နိုင်ငံသည် အရင်းရှင်နိုင်ငံ များထက် ကွဲပြားခြားနားသော တန်ဖိုးများနှင့် စည်းမျဉ်းများရှိကြောင်း တရုတ်နိုင်ငံသည် RCEP ပြီးနောက် ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေး (ယခင် TPP ခေါ်) ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်တွင်ပါဝင်ရန် မျှော်လင့်ထားပြီး ၎င်း၏အဖွဲ့ဝင်များကြားတွင် ကွဲပြားသော ရပ်တည်ချက်များရှိသည်။ တရုတ်နိုင်ငံ၏ ဒူးရင်းသီး အရူးအမူးစွဲလမ်းမှုသည် လွတ်လပ်သော ကုန်သွယ်မှုမြှင့်တင်ရန် ခိုင်မာသောရပ်တည်ချက် လိုအပ်ကြောင်း သတိပေးချက်တစ်ခုဖြစ်ပါ သည်။

ရင်းမြစ်–asia.nikkei.com/Economy/Trade/China–s–durian–boom–sparks–ASEAN–alarm–over–mega–trade–deal

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

တရုတ်အစိုးရ၏ လျှပ်စစ်ယာဉ်ဆိုင်ရာမူဝါဒများ၊ထုတ်လုပ်သူများ၏တို့ပြန်မှုများနှင့် ယင်းကဏ္ဍဆိုင်ရာ အနာဂတ်မျှော်မှန်းချက်အခြေအနေများတင်ပြခြင်း

တရုတ်နိုင်ငံ၏ မော်တော်ယာဉ်လုပ်ငန်းတွင် တိုးတက်မှုနှေးကွေးခြင်းကို ကိုင်တွယ်ဖြေ ရှင်းရန်အပြင် အစိုးရကစျေးကွက်လှုံ့ဆော်ရန် လိုအပ်သည်ဟု ယူဆပါက တရုတ်နိုင်ငံ၏ လျှပ်စစ် ယာဉ် EV ထောက်ပံ့ကြေးများကို သက်တမ်းတိုးမည်ဖြစ်ကြောင်း သိရှိရပါသည်။

(၂၆–၈–၂၂)ရက်နေ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံတော်အခွန်အကောက် စီမံခန့်ခွဲရေးအဖွဲ့ နှင့် စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းထုတ်ပြန်သော စွမ်းအင် သစ်သုံးယာဉ်များဝယ်ယူမှုအပေါ် ဆက်လက် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ ကြေညာချက်အရ (၁–၁–၂၀၂၃) ရက်မှ (၃၁–၁၂–၂၀၂၃) ရက်နေ့အထိ စွမ်းအင်သစ်သုံးယာဉ်များ (new energy

vehicles –NEVs) များကို ဝယ်ယူပါက မော်တော်ယာဉ်ဝယ်ယူမှုအခွန်ကင်းလွတ်ခွင့်ကို ဆက်တိုက်ရရှိမည်ဖြစ်ပါသည်။

ကင်းလွတ်ခွင့်ပြုထားသော NEV မော်ဒယ်များစာရင်းတွင် ပါဝင်ပြီး အသုတ် အမှတ် (၅၈) အထိ အပ်ဒိတ် update လုပ်ထားသော NEV များသာလျှင် ယင်း၏ အခွန်ကင်းလွတ်ခွင့်အတွက် အရည်အချင်းပြည့်မီမည်ဖြစ်ကြောင်း အထက်ပါကြေငြာချက်တွင် (၃၁-၁၂-၂၀၂၃) ရက်မတိုင်မီ စာရင်းတွင်ပါဝင်သော NEVs ဝယ်ယူမှုများအတွက် အခွန်ကင်းလွတ်ခွင့်ကိုလည်း ဆက်လက်ထိန်းသိမ်းထားပေးမည်ဖြစ်ကြောင်း မူလက ၂၀၂၂ ခုနှစ်တွင် သက်တမ်းကုန်ဆုံးရန် စီစဉ်ထားသည့် ကုန်ကျစရိတ်များသောလျှပ်စစ်ကား (EV) ထောက်ပံ့ကြေးများတိုးချဲ့ပေးရန် တရုတ်နိုင်ငံမှ ထုတ်လုပ်သူများနှင့် ညှိနှိုင်းနေလျှက်ရှိကြောင်း ဖေါ်ပြထားပါသည်။

EV ဆိုသည်မှာ တရုတ်နိုင်ငံတွင် ဘက်ထရီလျှပ်စစ်ကားများ (BEVs)၊ plug-in hybrid လျှပ်စစ်ကားများ (PHEVs နှင့် extended-range electric vehicles)နှင့် လောင်စာဆဲလ်လျှပ်စစ်ယာဉ်များ (fuel cell electric vehicles –FCVs) တို့ ပါဝင်ပါသည်။ ရည်မှန်းချက်မှာ EV စက်မှုလုပ်ငန်းအတွက် ပံ့ပိုးကူညီရန်နှင့် ဤအရေးကြီးသောစျေးကွက်ကို ချဲ့ထွင်ရန်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏စီးပွားရေးသည် မကြာသေးမီလများအတွင်း သိသိသာသာနှေးကွေးသွားခဲ့ပြီး ၎င်းနှင့်အတူ ၎င်း၏မော်တော်ယာဉ်ရောင်းချမှုများလည်း နှေးကွေးကြောင်း ၂၀၂၂ ခုနှစ်အစပိုင်းမှ စတင်၍ ယန်ဇီမြစ်စီးပွားရေးမြစ်ဝှမ်းအပါအဝင် တရုတ်နိုင်ငံတစ်ဝှမ်းရှိ မြို့ကြီးများနှင့် စက်မှုဇုန်အများအပြားတွင် ကိုဗစ် ၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစည်းမျဉ်းများ၏အကျိုးဆက်ကြောင့် ၎င်းတို့၏ ထုတ်လုပ်မှုကို တလှည့်စီရပ်ဆိုင်းခဲ့ကြရကြောင်း ကူးစက်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် စတိုးဆိုင်များပိတ်ခြင်း၊ ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်ခြင်းနှင့် စားသုံးမှုအသုံးစရိတ်များ လျှော့ချခြင်းတို့ဖြစ်ပေါ်ခဲ့ရာ တရုတ်နိုင်ငံ၏ EV စျေးကွက်တွင် စားသုံးသူများ၏ စိတ်ဝင်စားမှုကို မြှင့်တင်ရန်အတွက် သတင်းအချက်အလက်နှင့် စက်မှုနည်းပညာဝန်ကြီးဌာန (MIIT) ကဲ့သို့သော အစိုးရဝန်ကြီးဌာနအသီးသီးသည် EV သုံးစွဲသူများအား မက်လုံးများကို ၂၀၂၃ ခုနှစ်အထိတိုးချဲ့ရန် စဉ်းစားနေပြီဖြစ်သည်။

၂၀၀၉ ခုနှစ်သည် တရုတ်နိုင်ငံ၏ EV ထောက်ပံ့မှုများ၏ မူလအစ

ဖြစ်၍ တရုတ်နိုင်ငံသည် EV စျေးကွက်တွင် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်သူဖြစ်လာရန် ကြိုးပမ်းနေခဲ့ကြောင်း EVs များ သုံးစွဲခြင်းကိုအားပေးရန်အတွက် တရုတ်အစိုးရသည် EV များသည် သမားရိုးကျ အတွင်းလောင်ကျွမ်းသောအင်ဂျင် (internal combustion engine –ICE) ကားများထက် စျေးပိုကြီးသောကြောင့် EV များ ဝယ်ယူမှုအတွက် ရက်ရက်ရောရော ထောက်ပံ့မှုများ

Agribusiness & Trade

၂၀၀၉ ခုနှစ်တွင် စတင်ခဲ့ကြောင်း ထိုအချိန်မှစ၍ ဗဟိုအစိုးရသည် EV ထောက်ပံ့မှုများတွင် ယွမ် ၂၀၀ ဘီလီယံကျော်သုံးစွဲခဲ့ပြီး ဒေသဆိုင်ရာအစိုးရများက နောက်ထပ် ယွမ် ၁၀၀ ဘီလီယံ သို့မဟုတ် စုစုပေါင်း US$ ၄၇ ဘီလီယံကို ဖြည့်စွက်ခဲ့ကြောင်း ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံသည် အဆိုပါ ထောက်ပံ့ကြေးများကို မူလ ၂၀၁၅ သက်တမ်းကုန်ဆုံးရက်ထက် ကျော်လွန်သည့် အစီအစဉ်ကိုကြေငြာခဲ့ကြောင်း ၂၀၁၃ ခုနှစ်တွင် ခြောက်ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် တရုတ်နိုင်ငံတွင် EV နှင့် PHEV များ ပေါင်းစပ်ရောင်းချမှုသည် အစီးရေ ၃၃၆,၀၀၀ (၆၂ ရာခိုင်နှုန်း)အထိ တိုးလာပြီး ကမ္ဘာတစ်ဝှမ်းလုံးတွင် ဟိုက်ဘရစ်ကားများအတွက် အကြီးမားဆုံးဈေးကွက်ဖြစ်လာကြောင်း ကမ္ဘာလုံးဆိုင်ရာ ရောင်းအား၏ ၄၄ ရာခိုင်နှုန်းအထိရှိပါသည်။

၂၀၁၅-၂၀၂၀ အတွင်း EV ထောက်ပံ့မှုများအပေါ် တရုတ်နိုင်ငံအစိုးရ၏ ပြောင်းလဲလာသော သဘောထား

အရောင်းများတက်လာသည်နှင့်အမျှ EV ထောက်ပံ့ကြေးများ ပေးဆောင်ခြင်းသည် အစိုးရအတွက် အလွန်ကုန်ကျစရိတ်များလာကြောင်း တစ်ချိန်တည်းတွင် စက်ရုံအများအပြားသည် ထောက်ပံ့ကြေးများအတွက် အရည်အချင်းပြည့်မီစေရန် အာဏာပိုင်များကို လှည့်ကွက်” သုံးခုဖြင့် လှည့်စားခဲ့ကြောင်း ယင်းတို့မှာ-

(က) တရားမဝင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ- တရုတ်နိုင်ငံတွင် ထုတ်လုပ်သူများ ရောင်းချသည့် EV အရေအတွက်ပေါ်မူတည်၍ မက်လုံးများ ပေးအပ်ခြင်းဖြစ်ရာ ဒေသန္တရအစိုးရအေဂျင်စီများသည် ထုတ်လုပ်သူမှပေးဆောင်သော ရောင်းချမှုပမာဏကို စစ်ဆေးရန် အတွက်ထုတ်ပေးသော မော်တော်ယာဉ်လည်ပတ်ခွင့် ပါမစ်အရေအတွက် ယေဘုယျအားဖြင့် အကဲဖြတ်ရာ အချို့သောထုတ်လုပ်သူများသည် လျှပ်စစ်မော်တော်ယာဉ်များ မထုတ်လုပ်ဘဲ၊ ဘက်ထရီနှင့် မော်တာထိန်းချုပ်ကိရိယာများ ကဲ့သို့သော အဓိက အစိတ်အပိုင်းများမပါဘဲ ဒေသဆိုင်ရာ မှတ်ပုံတင်အာဏာပိုင်များကို လာဘ်ထိုးခြင်း သို့မဟုတ် လှည့်ဖြားခြင်းများမှတစ်ဆင့် လိုင်စင်များ ရရှိခဲ့ကြကြောင်း ထို့ကြောင့် အချို့သော ထောက်ပံ့ထားသောယာဉ်များသည် လမ်းပေါ်တွင်မဟုတ်ဘဲ စာရွက်ပေါ်တွင်သာ ရှိနေကြကြောင်း

(ခ) ဘက်ထရီလဲလှယ်ခြင်း- လျှပ်စစ်ကားများအတွက် တရုတ်နိုင်ငံမှ ထောက်ပံ့ငွေများသည် ဘက်ထရီပမာဏအားဖြင့် အများစုသတ်မှတ်ပြီး ၎င်းတို့၏ ခရီးမိုင်အကွာအဝေးအပေါ်အခြေခံသောကြောင့် ခရီးအကွာအဝေးပိုရှည်သော မော်တော်ယာဉ်များသည် လုပ်ငန်းသုံးကား အမျိုးအစားများတွင် ဘက်ထရီအရွယ်အစားမှ တိုက်ရိုက်တွက်

Agribusiness & Trade

ချက်သည့် ပမာဏပိုမိုမြင့်မားသော ထောက်ပံ့ကြေးများအတွက် အရည်အချင်း ပြည့်မီရာ ရလဒ်အနေဖြင့် ထုတ်လုပ်သူအများအပြားသည် ၎င်းတို့၏ စမ်းသပ်ကားများကို အတည်ပြုချက် စမ်းသပ်မှုများအတွက် ကြီးမားသောဘက်ထရီများဖြင့် ပံ့ပိုးပေးပြီးနောက် အမှန်တကယ်ထုတ်လုပ်မှုတွင် ဘက်ထရီအသေးများဆီသို့ ပြန်ပြောင်းခဲ့ကြသည်။ ထိရောက်သော လိုက်နာကျင့်သုံးမှုမရှိခြင်းကြောင့်၊ သေးငယ်သောဘက်ထရီပါသော EV များသည် ပိုကြီးသော ခွင့်ပြုထားသောဘက်ထရီများနှင့် ညီမျှသောထောက်ပံ့ကြေးများ ရရှိခဲ့ကြောင်း

(၈) **အတုအယောင်ဖောက်သည်များ-** တရုတ်နိုင်ငံရှိ ထောက်ပံ့ကြေးများကို ရောင်းချသည့် EV ထုတ်လုပ်သူများအတွက်သာ ခွင့်ပြုထားရာ ရလဒ်အနေဖြင့် ထောက်ပံ့ထားသော မော်တော်ယာဉ်အများအပြားကို တည်ဆောက်ပြီး "ရောင်းချ" ခဲ့သော်လည်း ဝယ်ယူသူများလက်သို့ မရောက်ခဲ့ကြောင်း ထုတ်လုပ်သူအများအပြားသည် ၎င်းတို့၏မော်တော်ယာဉ်များကို ရောင်းချခဲ့ကြသော်လည်း နောက်ဆုံးအသုံးပြုသူများအား ဘယ်တော့မှ မရောင်းချခဲ့ကြောင်း အစိုးရ၏ စုံစမ်းစစ်ဆေးမှုတွင် ဖေါ်ပြထားပါသည်။

လိမ်လည်မှုဆိုင်ရာ အငြင်းပွားမှုများသည် တရုတ်နိုင်ငံ၏ EV မူဝါဒအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်မှုများဖြစ်ပေါ်စေခဲ့ပြီး အချို့က ထောက်ပံ့ကြေးများကို ဆက်လက်ထားရှိသင့်သလားဟု မေးခွန်းထုတ်ခဲ့ကြကြောင်း အမေရိကန်နှင့် ဥရောပရှိ ဘဏ္ဍာရေးထောက်ပံ့မှုများသည် EV အသုံးပြုခြင်းကို အဓိက မောင်းနှင်စေသောအားဖြစ်ပြီး တရုတ်နိုင်ငံတွင်လည်း အလားတူပင်ဖြစ်ကြောင်း အခြားတစ်ဖက်တွင်မူ ထောက်ပံ့ကြေးလိမ်လည်မှုမှာ မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့၏ ချို့ယွင်းချက်များကြောင့် အများစုဖြစ်ကြောင်း အရေးကြီးသော ချို့ယွင်းချက်တစ်ခုမှာ ထောက်ပံ့ကြေးအဆင့်များသည် အလွန်မြင့်မားနေပြီး နည်းပညာဆိုင်ရာ ရှုပ်ထွေးမှုရှိသောကားများနှင့် သက်ဆိုင်ပါသည်။ ဥပမာအားဖြင့်၊ အရှည် 6 မီတာရှိသော ဘက်ထရီအားဖြင့် လျှပ်စစ်ဘတ်စ်ကားတစ်စီးသည် ထောက်ပံ့ငွေ ယွမ် ၀.၆သန်း (အမေရိကန်ဒေါ်လာ ၈၇,၀၀၀) အထိ ရရှိနိုင်ပြီး နိုင်ငံတော်အစိုးရထံမှ ထက်ဝက်နှင့် ဒေသန္တရအစိုးရထံမှ တစ်ဝက်ဖြစ်သည်။ ဤကြီးမားသော ထောက်ပံ့ကြေးသည် ကုန်ကျစရိတ်နည်းပြီး နည်းပညာနိမ့်သောဘတ်စ်ကားတစ်စီး၏ အလုံးစုံကုန်ကျစရိတ်ထက် သာလွန်နေ၍ ထုတ်လုပ်သူများအား အစိုးရထံမှထောက်ပံ့ကြေးရရှိစေရေး လှည့်ဖြားရန် မက်လုံးပေးကြောင်း နောက်ထပ်ချို့ယွင်းချက်တစ်ခုမှာ ထိရောက်သော အရေးယူမှု ယန္တရားများ မရှိခြင်းဖြစ်ပါသည်။

Agribusiness & Trade

မသမာသောလှုပ်ရှားမှုများကြားတွင် တရုတ်အစိုးရသည် လုပ်ငန်းကို စုစည်းရန်နှင့် ထောက်ပံ့ကြေးအစီအစဉ်ကို လိမ်လည်မှုကျူးလွန်သူများကို တရားစွဲဆိုရန် စည်းမျဉ်းစည်းကမ်း အစီအမံများ ဆက်တိုက်ထုတ်ပြန်ခဲ့ကြောင်း ၎င်းတို့တွင် တရုတ်နိုင်ငံရှိ စွမ်းအင်သုံးကားသစ်များ (NEVs) ထုတ်လုပ်သူအဖြစ် အရည်အချင်းပြည့်မီရန် အရည်အချင်းပြည့်မီမှုစံနှုန်းများ မြှင့်တင်ခြင်းပါဝင်ကြောင်း ထို့အပြင် ဘေဂျင်းသည် ၂၀၁၇ မှ ၂၀၁၈ ခုနှစ်အထိ ၂၀ ရာခိုင်နှုန်းထောက်ပံ့ကြေး ဖြတ်တောက်ခြင်း ၂၀၁၉ မှ ၂၀၂၀ ခုနှစ်အထိ ၄၀ ရာခိုင်နှုန်း ဖြတ်တောက်ခြင်းဖြင့် EV ထောက်ပံ့မှုများကို လျှော့ချရန် အစီအစဉ်နှင့် EV ခရက်ဒစ်စနစ်ဖြင့် နှစ်စဉ်ထုတ်လုပ်သူမှ ရောင်းချသောကားအားလုံး၏ ရာခိုင်နှုန်းအချို့သည် ဘက်ထရီအားသုံးရမည်ဟု ဆိုသောEV ခရက်ဒစ်စနစ်တစ်ခု တရုတ်အစိုးရက တည်ထောင်ခဲ့ခြင်းတို့ကို ထုတ်ဖော်ခဲ့ကြောင်း မူလစိတ်ကူးမှာ တိုက်ရိုက်ဘဏ္ဍာရေးအကူအညီမှ စျေးကွက် အခြေပြုချဉ်းကပ်မှုသို့ ကူးပြောင်းရန်ဖြစ်သည်။

မော်တော်ယာဉ်လျှပ်စစ်ဓာတ်အားရရှိရေးတွင် တရုတ်နိုင်ငံ၏အောင်မြင်မှုသည် အဓိကအားဖြင့် နိုင်ငံတော်နှင့် ပြည်နယ်အဆင့်တွင် EV ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့ကို ပံ့ပိုးပေးသောအစိုးရ၏ အစပျိုးမှုများကြောင့်ဖြစ်ကြောင်း အစိုးရ၏ ပံ့ပိုးကူညီမှုကြောင့် EV စရိတ်စကများကို ရိုးရာယာဉ်များကုန်ကျစာရိတ် အဆင့်ကဲ့သို့ တွန်းပို့ခဲ့ပြီး တရုတ်သည် ထိုကဲ့သို့သော နည်းပညာကို အလုံးအရင်းဖြင့် လက်ခံကျင့်သုံးမှုဆီသို့ လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သို့သော်လည်း တရုတ်နိုင်ငံ၏ EV စက်မှုလုပ်ငန်းသည် ပိုမိုခိုင်မာလာသည်နှင့်အမျှ ပေကျင်းသည် စွမ်းအင်သုံးကားသစ်များအတွက် မက်လုံးများကို တဖြည်းဖြည်း ဆုတ်ခွာလာခဲ့ကြောင်း ထို့အပြင် ချပ်စ်ပြတ်တောက်မှုများသည် COVID-19 ကပ်ရောဂါအစမှစတင်၍ ထုတ်လုပ်သူများအပေါ် သက်ရောက်မှုရှိခဲ့ပြီး ဝယ်လိုအားကျဆင်းခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက်ရှိ အထွေထွေပြဿနာများကဲ့သို့သော အခြားသောအချက်များစွာနှင့်အတူ လျှော့ချထောက်ပံ့မှုများနှင့်အတူ တွဲထားသည့် ဤအခြေအနေများသည် လျှပ်စစ်ကားများ၏ကုန်ကျစရိတ်ကိုတိုးစေကြောင်း ၂၀၂၂ အတွက်မျှော်လင့်ထားသည့် NEV ထောက်ပံ့မှုများ၏ ၃၀ ရာခိုင်နှုန်းကျဆင်းမှုသည် ဝယ်ယူစျေးနှုန်းကို တက်စေပြီး စားသုံးသူများ၏ရွေးချယ်မှုများ ကိုပြန်လည်စဉ်းစားစေကြောင်း EV စျေးနှုန်းများအပေါ်တွင် ကျဆင်းလာသောထောက်ပံ့ကြေးများ၏ အလားအလာသက်ရောက်မှုကို ထေမိရန် XPeng ကဲ့သို့သော ကုမ္ပဏီများသည် ထောက်ပံ့ကြေးဆုံးရှုံးမှုကို စုပ်ယူခြင်း (သို့မဟုတ်) အလားအလာရှိသော ဝယ်ယူသူများအတွက် ချေးငွေ ဦးစားပေးအစီအစဉ်ကို ပယ်ဖျက်ခြင်းစသည့် မဟာဗျူဟာနှစ်ခုလုံးသည် ထိုသို့သော အပြောင်းအလဲများကို ကိုင်တွယ်ဖြေရှင်းရာတွင် အထောက် အကူဖြစ်စေပါသည်။

Agribusiness & Trade

တစ်ချိန်တည်းတွင် ထောက်ပံ့မှုများသည် EV ဈေးကွက်ကိုလှုံ့ဆော်ရန် တစ်ခုတည်းသော နည်းလမ်းမဟုတ်ပါကြောင်း တရုတ်အစိုးရသည် ဈေးကွက်မြှင့်တင်ရန်နှင့် ၎င်း၏ရည်မှန်းချက်များအောင်မြင်ရန် အခြားလှုံ့ဆော်မှု အစီအမံများကို ချမှတ်ထားပါသည်။

အခွန်ကင်းလွတ်ခွင့်

(၂၂-၄-၂၀၂၀)ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန(MOF)၊ နိုင်ငံတော်အကောက်ခွန်ဦးစီးဌာန (STA) နှင့် MIIT တို့ ပူးပေါင်း၍ စွမ်းအင်သုံးယာဉ် အသစ်များအတွက် မော်တော်ယာဉ်ဝယ်ယူခွန်ကင်းလွတ်ခွင့်ဆိုင်ရာ ကြေငြာချက်ထုတ်ပြန်ခဲ့ကြောင်း ၂၀၂၂ နှစ်ကုန်အထိ မော်တော်ယာဉ်ဝယ်ယူခွန်မှ NEV များကို သက်ဆိုင်ရာအာဏာပိုင်များမှ ဖယ်ထုတ်မည်ဖြစ်ကြောင်း စာတမ်းတွင် ဖော်ပြထားကြောင်း အခွန်ကင်းလွတ်ခွင့်တွင် PEV နှင့် PHEV နှင့် FCV များပါဝင်ကြောင်း EV လုပ်ငန်းများသည် ၎င်းတို့၏ 'မော်တော်ကားစက်ရုံ အရည်အချင်းစစ်လက်မှတ်' ကို MIIT သို့ အတည်ပြုချက်အတွက် အပ်လုဒ် upload တင်ခြင်းဖြင့် အခွန်ကင်းလွတ်ခွင့် လျှောက်ထားနိုင်ပါသည်။

EV အခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှု

လာမည့်စီးပွားရေးနှိုးဆွမှုအစီအမံများတွင် အခြားသောအရာများအပြင် NEV အားသွင်းစခန်းများ၊ ရေရှည်တည်တံ့သောစွမ်းအင်နှင့် Internet of Things တို့ပါဝင်သည့် “အခြေခံအဆောက်အအုံသစ်” တွင် ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးလုပ်ဆောင်မည်ဟု အစိုးရတာဝန်ရှိသူများက အကြံပြုထားကြောင်း အကယ်၍ အစိုးရသည် NEV အားသွင်းရုံများတွင် ကြီးမားသော ရင်းနှီးမြှုပ်နှံပါက ကဏ္ဍအား အားကောင်းလာမည်ဖြစ်ပြီး NEV များသည် သာမန်ဖောက်သည်များအတွက် ပိုမိုဆွဲဆောင်မှု ရှိလာမည်ဖြစ်ကြောင်း ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ နည်းပညာမြင့်၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အပိုမက်လုံးများကို NEV ထုတ်လုပ်သူများအတွက် ရရှိနိုင်ပါကြောင်း EV ထုတ်လုပ်မှုနှင့် သုံးစွဲမှုသည် တရုတ်နိုင်ငံ၏စီးပွားရေး၊ စက်မှုလုပ်ငန်းနှင့် ကာဗွန်လျှော့ချရေး ရည်မှန်းချက်များတွင် အပြည့်အဝကိုက်ညီသောကြောင့် စက်မှုလုပ်ငန်းသည် အစိုးရအတွက် အရေးကြီးသော လုပ်ငန်းတစ်ခု ဖြစ်လာစေသည်။

ယခုအချိန်အထိ ပေကျင်းသည် ၂၀၂၅ ခုနှစ်တွင် EV ဖြန့်ကျက်မှု ၂၀ ရာခိုင်နှုန်းရရှိရန် ၎င်း၏ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ခိုင်ခိုင်မာမာရပ်တည်နေပါကြောင်း တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝှမ်းတွင် လျှပ်စစ်ကားအများစုတွင် အသုံးပြုသည့် လီသီယမ်-အိုင်းယွန်းဘက်ထရီ ထုတ်လုပ်ရေးတွင် ထိပ်တန်းနိုင်ငံဖြစ်ပြီး ကမ္ဘာ့လီသီယမ် သယံဇာတအများစုကို အခြားနိုင်ငံများက ချုပ်ကိုင်ထား၍ တရုတ်နိုင်ငံသည် ၎င်း၏ လိုအပ်ချက်၏ ၈၀ ရာခိုင်နှုန်းကို တင်သွင်းနေသော်

Agribusiness & Trade

လည်း နိုင်ငံသည် အနာဂတ်ထုတ်လုပ်မှုအတွက် လစ်သီယမ်သတ္တုတွင်းအများစုကို ဝယ်ယူထားပြီးဖြစ်သည်။ တရုတ်နိုင်ငံအတွက် ၎င်း၏အနာဂတ်သည် လျှပ်စစ်ဖြစ်မည်ဟု ညွှန်ပြနေပါသည်။

ရင်းမြစ် www.china-briefing.com/news/china-considers-extending-its-ev-subsidies-to-2023/

မှတ်ချက်၊"တရုတ်နိုင်ငံသည် ၎င်း၏ EV ပံ့ပိုးကူညီမှုများအား ၂၀၂၃ ခုနှစ်ကုန်အထိ တိုးချဲ့ရန်စဉ်းစားနေ" ဆောင်းပါးအား မှီငြမ်း၍ ဘာသာပြန်ဆိုပေးပို့ပါသည်။
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

ဂျာမနီနိုင်ငံတွင် စားသုံးသူများ၏ဝယ်ယူစားသုံးမှု ဆက်လက်ကျဆင်းနေခြင်း

ဂျာမနီနိုင်ငံတွင် စားသုံးသူများ၏ ဝယ်ယူစားသုံးမှုများသည် မြင့်တက်လာနေသော စွမ်းအင်ဈေးနှုန်းများနှင့် ငွေကြေးဖောင်းပွမှုများကြောင့် ဝယ်ယူစားသုံးမှုများ ဆက်လက်ကျဆင်းနေလျှက်ရှိကြောင်း နူရင်ဘတ်မြို့အခြေစိုက်ဈေးကွက်သုတေသနအဖွဲ့ **Growth from Knowledge (GfK)**က လေ့လာသုံးသပ်ထုတ်ပြန်လိုက်ပါသည်။

GfK က အောက်တိုဘာလအတွက် စားသုံးသူဝယ်ယူစားသုံးနိုင်စွမ်းကို -(၄၂.၅) အမှတ်ထိခန့်မှန်းထားရှိပြီး စက်တင်ဘာလကထက် ၅.၇ အမှတ် ထပ်မံလျော့နည်းခန့်မှန်း လိုက်ခြင်းဖြစ်ပါသည်။ **GfK consumer expert** ဖြစ်သူ **Rolf Bürkl** က လက်ရှိငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်နေမှုသည် စားသုံးသူများ၏ ဝင်ငွေကိုထိခိုက်စေပြီး ဝယ်ယူစားသုံးနိုင်စွမ်း **(purchasing power)** ကို လျော့ကျလာစေကြောင်း၊ အိမ်ထောင်စုအများစုသည် လက်ရှိအခြေအနေတွင် အခြားဝယ်ယူသုံးစွဲမှုများထက် စွမ်းအင်သုံးစွဲမှုကုန်ကျခြင်းအတွက် ပိုမိုအလေးထားဆောင်ရွက်လာကြကြောင်း၊ ထိုသို့ ဝယ်ယူသုံးစွဲမှုများ လျော့ကျလာခြင်းသည် စီးပွားရေးကျဆင်းမှုကို ဦးတည်လာနေကြောင်း စားသုံးသူများအနေဖြင့် ဂျာမနီနိုင်ငံ၏ စီးပွားရေးကျဆင်းလာသည့်အခြေအနေအပေါ် များစွာအာရုံစိုက်မှုရှိနေပြီး အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် မြင့်တက်လာနေသော စွမ်းအင်ဈေးနှုန်းများအပေါ် စိုးရိမ်ထိတ်လန့်မှုများရှိနေကြကြောင်း၊ ပြောဆိုပါသည်။

ဂျာမနီနိုင်ငံ၏ စီးပွားရေးဆိုင်ရာညွှန်းကိန်းများသည် စက်တင်ဘာလအတွင်း အကျဘက်သို့ ဦးတည်ကာ-(၂၁.၉)အမှတ်သို့ရောက်ရှိလာခြင်းသည် ၂၀၀၉ ခုနှစ် စီးပွားရေးအကြပ်အတည်းကာလတွင် ရှိခဲ့သော -(၂၆) နောက်ပိုင်း အနိမ့်ဆုံးအဆင့်ဖြစ်ကြောင်း၊ သိရှိရပါသည်။

Source:https://www.dw.com/en/germany-consumer-confidence-continues-to-plummet-amid-inflation-high-energy-prices/a-63261983

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.....

ဂျာမနီနိုင်ငံ Relief package အစီအစဉ်နှင့် စီးပွားရေးခန့်မှန်းတွက်ချက်မှုအခြေအနေ

ဂျာမနီနိုင်ငံတွင် စီးပွားရေးလေ့လာသည့်အဖွဲ့အစည်းများက လာမည့်နှစ်တွင် စီးပွားရေးကျဆင်းနိုင်ကြောင်း ခန့်မှန်းမှုများထွက်ပေါ်လာပြီးနောက်ပိုင်း ငွေကြေးဖောင်းပွမှုနှုန်းသည် သြဂုတ်လတွင် ၇.၉ ရာခိုင်နှုန်းမှ စက်တင်ဘာလတွင် ၁၀ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့ပြီး နှစ်ပေါင်း(၇၀) အတွင်း အမြင့်မားဆုံးစံချိန်သို့ ရောက်ရှိခဲ့ပါသည်။ **Federal statistical office** က စွမ်းအင်စျေးနှုန်းများနှင့် စားသောက်ကုန်စျေးနှုန်းများသည် စက်တင်ဘာလတွင် ယခင်နှစ်အလားတူကာလကထက် ၄၃.၉ ရာခိုင်နှုန်းနှင့် ၁၈.၇ ရာခိုင်နှုန်းစီ မြင့်တက်လာခဲ့ကြောင်း၊ စက်သုံးဆီများအတွက် **fuel subsidy** ပြုလုပ်ပေးမှုနှင့် **€9 public transport ticket** ဖြင့်သွားလာနိုင်မှုများ ပြီးဆုံးပြီးနောက်ပိုင်း ငွေကြေးဖောင်းပွမှုအပေါ် သက်ရောက်မှုများရှိလာစေခဲ့ကြောင်း၊ ထုတ်ပြန်ခဲ့ပါသည်။

ဂျာမန်ဝန်ကြီးချုပ် **Mr. Olaf Scholz** က ၂၈.၉.၂၀၂၂ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ယူရို ၁၅၀ ဘီလီယံမှ ၂၀၀ ဘီလီယံတန်ဘိုးရှိ **Energy Relief package** များအတွက် စီစဉ်ဆောင်ရွက်နေမှုများရှိကြောင်း၊ စျေးနှုန်းများကျလာစေရန် ဖက်ဒရယ်အစိုးရအနေဖြင့် အစွမ်းကုန်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဂျာမန်စီးပွားရေးဝန်ကြီး **Mr.Roberg Habeck** က **Relief package** သည် ၂၀၂၄ ခုနှစ် မတ်လ သို့မဟုတ် ဧပြီလလောက်အထိ ပံ့ပိုးရန်အစီအစဉ်ရှိကြောင်း၊ ဘဏ္ဍာရေးဝန်ကြီး **Mr. Christian Lindner** ကလည်း ယခုအစီအစဉ်သစ်များအရ ငွေကြေးဖောင်းပွမှုနှုန်း ထပ်မံမြင့်တက်စေမည်မဟုတ်ကြောင်း ပြောကြားခဲ့ကြပါသည်။

RWI think tank အဖွဲ့အစည်းမှ **Head of Economic research** ဖြစ်သူ **Mr.Torsten Schmidt** က မြင့်တက်နေသော စွမ်းအင်စျေးနှုန်းများသည် စီးပွားရေးကျဆင်းမှု၏ အဓိကအကြောင်းရင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ထိခိုက်ရမှုများအတွက် ပြီးပြည့်စုံသော ပြန်လည်ရပ်တည်မှုကို မရောက်ရှိနိုင်သေးခြင်းကလည်း အကြောင်းတစ်ချက်ဖြစ်ကြောင်း၊ ဥရောပ၏ အကြီးဆုံးစီးပွားရေးအင်အားစုသည် ၂၀၂၂ ခုနှစ်ဒုတိယနှစ်ဝက်ကာလတွင် ကျုံ့ဝင်လာခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ မြူးနစ်မြို့ရှိ **Ifo Institute** က ထုတ်ပြန်ကြေငြာချက်

အရ ငွေကြေးဖောင်းပွမှုသည် လာမည့် ၂၀၂၃ ခုနှစ်တွင် ပျမ်းမျှ ၈.၈ ရာခိုင်နှုန်းအားဖြင့် ရှိနေနိုင်ပြီး ၂၀၂၄ ခုနှစ် ကာလပိုင်းလောက်တွင် **European Central Bank (ECB)**က မူလ မျှော်မှန်းထားသည့် ၂ ရာခိုင်နှုန်းအထက်နားလောက်တွင် ရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

ဂျာမနီနိုင်ငံ၏ ၂၀၂၃ ခုနှစ် ဂျီဒီပီတိုးတက်မှုနှုန်းကို ၀.၄ ရာခိုင်နှုန်းပတ်ဝန်းကျင်တွင် ခန့်မှန်းထားရှိကြပြီး ၂၀၂၄ ခုနှစ်တွင် ပြန်လည်တိုးတက်ကောင်းမွန်လာနိုင်ကြောင်း ခန့်မှန်းထားရှိပါသည်။ ခန့်မှန်းတွက်ချက်မှုများကို **Ifo Institute**၊ **Kiel Institute for the World Economy**၊ **Halle Institute for Economic Research (IWH)** နှင့် **RWI – Leibniz Institute for Economic Research** တို့ ၂ နှစ်တစ်ကြိမ်ပူးပေါင်းဆောင်ရွက်သည့် **Joint Economic Forecast** အစီအစဉ် အရ ရရှိလာခြင်းဖြစ်ကြောင်း သိရှိရပါသည်။ **Federal Statistical Office** ၏ ၂၈.၉.၂၀၂၂ ရက်နေ့ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်ကာလတွင် ဂျာမနီနိုင်ငံ၏ ပြည်သူ့ကြွေးမြီ စုစုပေါင်းသည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းထက် ၁.၀ရာခိုင်နှုန်း(ယူရို ၂၂.၉ ဘီလီယံ)မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.dw.com/en/german-inflation-hits-record-10-in-september/a-63276749https://www.dw.com/en/germany-presents-new-200-billion-relief-plan-in-response-to-soaring-energy-prices/a-63279609

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……..

ဂျာမနီနိုင်ငံက ယူအေအီးနိုင်ငံနှင့် စွမ်းအင်ကဏ္ဍပူးပေါင်းရန် စီစဉ်ဆောင်ရွက်ခြင်း

ဂျာမနီနိုင်ငံဝန်ကြီးချုပ် **Mr.Olaf Scholz** သည် စက်တင်ဘာလနောက်ဆုံးအပတ်တွင် ယူအေအီးနိုင်ငံသို့ သွားရောက်၍ **LNG** ဓာတ်ငွေ့ဝယ်ယူရရှိနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးသဘောတူညီမှုများပြုလုပ်ခဲ့ပါသည်။ ယူအေအီးနိုင်ငံ **Abu Dhabi** မြို့တွင် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် သမ္မတ **Mr.Sheikh Mohammed bin Zayed Al Nahyan** နှင့် တွေ့ဆုံ၍ ပင်လယ်ကွေ့ဒေသမှ **LNG** ဓာတ်ငွေ့များဝယ်ယူရန် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ ယူအေအီးနိုင်ငံနှင့် **Energy Security Agreement** ပူးတွဲကြေငြာချက် လက်မှတ်ရေးထိုးခြင်းကို ကြိုဆိုပါကြောင်း ပြောကြားခဲ့ပါသည်။

ခရီးစဉ်အတွင်း ဂျာမန်စွမ်းအင်ကုမ္ပဏီ **RWE** သည် လာမည့် ဒီဇင်ဘာလတွင် ဟမ်းဘတ်မြို့အနီးရှိ **Brunsbüttel LNG terminal** သို့ တစ်ရက်လျှင် ဓါတ်ငွေ့ ၁၃၇၀၀၀ ကုဗမီတာ(**0.95 billion kilowatt hours of electricity**) ပို့ဆောင်ရန် သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ဆက်လက်၍ **RWE** ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်မှစ၍ နှစ်ကာလရှည် ဓါတ်ငွေ့ပေးဝေမှုနားလည်သဘောတူညီမှု စာချွန်လွှာတစ်ခုကိုလည်း လက်မှတ်ရေးထိုးခဲ့ပါသည်။ **Mr.Olaf Scholz** နှင့်အတူ ဂျာမန် စွမ်းအင်ကုမ္ပဏီအများအပြားလိုက်ပါခဲ့ကြပြီး အဆိုပါကုမ္ပဏီများအနေဖြင့် လာမည့်ဆောင်းရာသီတွင် စွမ်းအင်ရရှိမှုအခက်အခဲများနှင့် ကြုံတွေ့ရနိုင်ခြင်း ရှိနေကြပါသည်။

ဂျာမနီနိုင်ငံအနေဖြင့် စွမ်းအင်ရရှိရေးအရင်းအမြစ်များအတွက် တစ်နေတည်းကို မှီခိုအားထားနေခြင်းမျိုးမဖြစ်စေရန် ရရှိနိုင်မည့်နေရာမျိုးစုံကို ရှာဖွေဆက်သွယ်ဆောင်ရွက်ထားရှိမှုကို အလေးထားဆောင်ရွက်လျှက်ရှိပါသည်။ ထို့ပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြုထားသည့် ရရှိနိုင်မည့် အရင်းအမြစ်များကိုလည်း ရှာဖွေလျှက်ရှိပြီး ပင်လယ်ကွေ့ဒေသမှ ရရှိနိုင်ရန်အတွက်လည်း မျှော်လင့် ဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။

Source: https://www.dw.com/en/germanys-olaf-scholz-welcomes-energy-security-deal-in-uae/a-63231070

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

ဂျာမနီနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ်ဇွန်လတွင် ပို့ကုန် ယူရို (၁၃၅.၉)ဘီလီယံနှင့် သွင်းကုန်မှာ ယူရို (၁၂၈.၂၅) ဘီလီယံရှိခဲ့ပြီး ဇူလိုင်လတွင် ပို့ကုန် ယူရို (၁၂၇.၆)ဘီလီယံနှင့် သွင်းကုန်မှာ ယူရို (၁၂၂.၇၄)ဘီလီယံရှိခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအနေဖြင့် ၂၀၂၂ ခုနှစ်ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ ပို့ကုန် အမေရိကန်ဒေါ်လာ(၅.၄၆၈)သန်း၊ မြန်မာနိုင်ငံမှ တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ (၁၁၃.၇၈၁) သန်း ဖြစ်ပြီး အထည်ချုပ် (CMP)လုပ်ငန်းများအတွက် အများဆုံးတင်သွင်းခဲ့ကြောင်း Federal Statistical Office (Destatis) စာရင်းများအရ တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် သြဂုတ်လ၌ ဂျာမနီနိုင်ငံမှ အီးယူပြင်ပနိုင်ငံများသို့ တင်ပို့မှုသည် မူလကနဦး တွက်ချက်ရရှိမှုများအရ ယူရို(၅၉.၁) ဘီလီယံရှိပြီး ယခင်နှစ်ကာလတူထက် (၂၁.၂)ရာခိုင်နှုန်း တိုး

တက်ခဲ့ကြောင်း **calendar and seasonally adjusted** တွက်ချက်မှုအရ ယူရို (၆၀.၃)ဘီလီယံရှိခဲ့ရာ ဇူလိုင်လကထက် ၄ ရာခိုင်နှုန်းနှင့် ယခင်နှစ်ကာလတူထက် (၁၇.၆) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း Federal Statistical Office (Destatis)က ထုတ်ပြန်ခဲ့ပါသည်။ ယင်းသို့တိုးတက်မှုများသည် ကုန်စည်ကုန်သွယ်မှုဈေးနှုန်းများ မြင့်တက်လာခြင်းသည်လည်း အကြောင်းတစ်ချက်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

သြဂုတ်လပို့ကုန်များအနက် အမေရိကန်ပြည်ထောင်စုသို့ ယူရို(၁၃.၄)ဘီလီယံဖြင့် အများဆုံးတင်ပို့ခဲ့ရာ ယခင်နှစ်ကာလတူထက် (၄၂.၃)ရာခိုင်နှုန်းတိုးတက်တင်ပို့ခဲ့ပြီး၊ တရုတ်နိုင်ငံသို့ (၈.၉) ဘီလီယံနှင့် ယူကေနိုင်ငံသို့ ယူရို(၅.၈) ဘီလီယံ တင်ပို့မှုရှိခဲ့ပါသည်။ ရုရှားနိုင်ငံသို့ တင်ပို့မှုမှာ ယူရို(၁.၂)ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူထက် (၄၅.၁)ရာခိုင်နှုန်း လျော့နဲတင်ပို့ခဲ့ပြီး ရုရှားနိုင်ငံသည် ဂျာမနီနိုင်ငံ၏ကုန်သွယ်ဖက်နိုင်ငံများအနက် အဆင့်(၁၀)တွင် ရှိနေပါသည်။ အခြားတင်ပို့မှု အများဆုံးပြုခဲ့သည့်နိုင်ငံများမှာ ဆွဒ်ဇာလန်၊ တူရကီ၊ ဂျပန်၊ ကိုးရီးယား၊ မက္ကစီကို၊ ဘရာဇီးနိုင်ငံတို့ ဖြစ်ကြပါသည်။

https://www.destatis.de/DE/Presse/Pressemitteilungen/2022/09/PD22_400_51.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.....

ဂျာမနီနိုင်ငံ၏ လူဦးရေတိုးတက်မှုအခြေအနေ

ဂျာမနီနိုင်ငံတွင် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ခန့်မှန်းလူဦးရေ (၈၃.၂) သန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်ကာလတွင် လူဦးရေ(၈၄) သန်းကျော်သို့ ရောက်ရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ယင်းကဲ့သို့ လျင်မြန်စွာတိုးတက်မှုသည် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း Federal Statistical Office (Destatis) က စက်တင်ဘာလကုန်ပိုင်းတွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဇွန်လကုန်ပိုင်းတွင် နေထိုင်လူဦးရေသည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းထက် (၈၄၃၀၀၀)ဦး ပိုမိုများပြားလာခဲ့ရာ အများစုမှာ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ယူကရိန်းနိုင်ငံမှ ပြောင်းရွှေ့နေထိုင်ရန် ရောက်ရှိလာသူများဖြစ်ပြီး ယူကရိန်းအမျိုးသမီးဦးရေပေါင်း (၅၀၁၀၀၀) ဦးနှင့် အမျိုးသားဦးရေပေါင်း (၂၄၈၀၀၀)ဦးတို့ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ဂျာမနီနိုင်ငံတွင် ယခင်က အလားတူလူဦးရေတိုးတက်မှုပုံစံမျိုးရှိခဲ့ရာ ၁၉၉၂ ခုနှစ် အရှေ့အနောက် ပေါင်းစည်းမှုပြုလုပ်ချိန် (reunification) တွင် ဥရောပအရှေ့ဘက် နယ်စပ်ဧရိယာများ ဖွင့်လှစ်ပေးခဲ့ပြီး လူဦးရေ (၇၀၀၀၀၀) ခန့် တိုးတက်ခဲ့ကြောင်းနှင့် ၂၀၁၅ ခုနှစ်တွင်လည်း ထပ်မံ

၍ ရွှေ့ပြောင်းဝင်ရောက်လာသူများ (၉၈၇၀၀၀)ဦးတို့ဖြင့် တိုးတက်မှုများ ရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်ကာလတွင် စာရင်းအချက်အလက်များအရ လာရောက်ပြောင်းရွှေ့နေထိုင်သူ စုစုပေါင်းမှာ ခန့်မှန်းခြေအားဖြင့် စုစုပေါင်းတစ်သန်းခန့်ရှိနိုင်ပြီး ကာလတူ ၂၀၂၁ ခုနှစ် ပထမနှစ်ဝက် ကာလကထက် (၇)ဆခန့်များပြားလာပါသည်။ ဂျာမနီနိုင်ငံ၏ မူလလူဦးရေတိုးတက်မှုမှာမူ ၂၀၂၁ ခုနှစ်အတွင်း (၀.၁) ရာခိုင်နှုန်းဖြင့် (၈၂၀၀၀)ဦးသာရှိခဲ့ပြီး၊ မွေးဖွားနှုန်းထက် သေဆုံးနှုန်းက ပိုမိုများပြားလျှက် ရှိကြောင်းလည်း သိရှိရပါသည်။

Source:https://www.destatis.de/EN/Press/2022/09/PE22_410_12411.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.....

ဂျာမနီနိုင်ငံတွင် ဓါတ်မြေသြဇာရောင်းချရမှုများ ကျဆင်းလာခြင်း

ဂျာမနီနိုင်ငံတွင် စွမ်းအင်ဈေးနှုန်းများမြင့်တက်လာမှုက ဓါတ်မြေသြဇာထုတ်လုပ်မှုဈေးနှုန်းများကိုသိသာစွာမြင့်တက်စေပြီး တစ်ဖက်တွင် ရောင်းချရမှုများကို ကျဆင်းလာစေပါသည်။ ထုတ်လုပ်မှုဈေးနှုန်းများသည် သြဂုတ်လတွင် ၂၀၂၁ ခုနှစ်ကာလတူထက် နှစ်ဆခန့်မြင့်တက်လာခဲ့ပြီး၊ ပြည်တွင်းဈေးကွက်ရောင်းချရမှုသည် ၂၀၂၂ ခုနှစ် ဒုတိယသုံးလပတ်တွင် ကာလတူထက် ဖော့စဖရိတ်ဓါတ်မြေသြဇာမှာ ၅၁ ရာခိုင်နှုန်း၊ ပိုတက်စီယမ်ဓါတ်မြေသြဇာမှာ ၅၂ ရာခိုင်နှုန်းနှင့် နိုက်ထရိုဂျင်ဓါတ်မြေသြဇာမှာ ၁၉ရာခိုင်နှုန်းကျဆင်းလာခဲ့ကြောင်း၊ ကယ်လ်စီယမ်ဓါတ်မြေသြဇာတစ်မျိုးသာ များစွာကျဆင်းသွားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ထို့အတူ ပြည်ပကုန်သွယ်ရေးတွင်လည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှဇူလိုင်လအတွင်း ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် လျော့ကျလာခဲ့ကြောင်း Federal Statistical Office က ထုတ်ပြန်ထားပါသည်။

Source: https://www.destatis.de/EN/Press/2022/09/PE22_N060_51.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.....

ဂျာမနီနိုင်ငံတွင် Electric Heaters များရောင်းချရမှု မြင့်တက်လာခြင်း

ဂျာမနီနိုင်ငံတွင် ဆောင်းရာသီနီးကပ်လာနေပြီဖြစ်သောကြောင့် အိမ်ထောင်စုများအနေဖြင့် အပူပေးဓါတ်ငွေ့လုံလောက်စွာရရှိနိုင်မှုအပေါ် စိုးရိမ်စိတ်များရှိလာနေကြပြီး Electric Heaters များကို ဝယ်ယူကြမှုများ မြင့်တက်နေလျှက်ရှိပါသည်။ Growth from Knowledge (GfK) အဖွဲ့၏ လေ့လာဆန်းစစ်မှုများအရ ၂၀၂၂ ခုနှစ် နှစ်စဉ်ပိုင်းမှစ၍ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ဂျာမနီနိုင်ငံတွင် Electric Heaters ပေါင်း (၉၅၈၀၀)ခုကို ရောင်းချထားပြီးဖြစ်ကြောင်း၊ ယခင်နှစ်ကာလတူထက် (၇၆)ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း၊ သို့သော် ဥရောပနိုင်ငံ(၅) နိုင်ငံပေါင်း(ဂျာမနီ၊ ယူနိုက်တက်ကင်းဒမ်း၊ စပိန်၊ ပြင်သစ်၊ အီတလီ)၏ စုစုပေါင်းရောင်းချရမှုမှာမူ (၅.၁)ရာခိုင်နှုန်း လျော့နဲလာခြင်းကြောင့် အခြားနိုင်ငံများထက် ဂျာမနီနိုင်ငံတွင်သာ စိုးရိမ်စိတ်များဖြင့်ဝယ်ယူနေကြခြင်း (Panic buying)ဖြစ်ကြောင်း GfK လေ့လာသုံးသပ်ဖော်ပြထားပါသည်။

Electric Heaters များစျေးနှုန်းသည် အရွယ်အစားနှင့်အမျိုးအစားပေါ်မူတည်၍ စျေးနှုန်းများ ကွဲပြားခြားနားနိုင်ပြီး ပျမ်းမျှအားဖြင့် ယူရို(၂၅)မှ ယူရို (၁၉၉)အတွင်းရှိနေပါသည်။ Electric Heaters များသုံးစွဲမှုကြောင့် လျှပ်စစ်ဓါတ်အားသုံးစွဲမှုများ မြင့်တက်လာနိုင်မည်ဖြစ်ခြင်းကြောင့် German Federal Association of Energy and Water Management (BDEW) က Electric Heaters များကို တစ်ချိန်တည်းပြိုင်တူသုံးစွဲကြပါက ပါဝါဂရစ်လိုင်းများ Over load ဖြစ်နိုင်ပြီး ဓါတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ မိမိတို့မှာ အကြပ်အတည်းကာလတစ်ခုကို ရောက်ရှိနေကြောင်း၊ မည်သို့ပင်ဖြစ်စေ အိမ်ထောင်စုများအတွက် လုံလောက်စွာရနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းလည်း ထောက်ပြပြောဆိုပါသည်။ Energy and transport public sector utility မှ ပြောရေးဆိုခွင့်ရှိသူက လျှပ်စစ်ဓာတ်အားအသုံးပြုစောင်(Electric blanket) များ သုံးစွဲကြပါက Electric Heaters ထက် ပါဝါသုံးစွဲမှုနည်းပါးနိုင်ကြောင်းလည်း အကြံပြုပြောဆိုထားပါသည်။

ဂျာမနီနိုင်ငံအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော်လည်း အချိန်ကာလတစ်ခုကြာမြင့်ဦးမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: https://www.dw.com/en/sale-of-electric-heaters-in-germany-surges-amid-gas-shortage-fears/a-63266215

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

Agribusiness & Trade

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၄၀ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၃) ရက်

၁၃-၁၀-၂၀၂၂	
ငွေကြေး အမျိုးအစား	ငွေလဲလှယ်နှုန်း (ကျပ်)
ဒေါ်လာ	၂၁၀၀.၀
ယူရို	၂၀၄၃.၅
စက်ဘူဒေါ်လာ	၁၄၆၅.၀
စတာလင်ပေါင်	၂၃၄၃.၄
ဂျပန်ယန်း (၁၀၀)	၁၄၃၀.၆
တရုတ်ယွမ်	၂၉၂.၂၀
ဟောင်ကောင် ဒေါ်လာ	၂၆၇.၅၃
အိန္ဒိယရူပီး	၂၅.၅၀၁
ကိုရီးယားဝမ် (၁၀၀)	၁၄၆.၈၀
မလေးရှား ရင်းဂစ်	၄၄၇.၆၂
ဖိလစ်ပိုင်ပီဆို	၃၅.၆၃၅
ထိုင်းဘတ်	၅၅.၄၆၀
ဗီယက်နမ်ဒေါင် (၁၀၀)	၈.၆၉၇၅

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

➢ တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး အညွှန်းကိန်းများ ပိုမိုကောင်းမွန်လာခြင်းသည် စီးပွားရေးပြန်လည်ဦးမော့လာမှုကို ထင်ဟပ်

➢ Global Innovation Index 2022 မိတ်ဆက်ခြင်းအတွက် တရုတ်ဝန်ကြီးချုပ်က ဂုဏ်ပြု

➢ တရုတ်အမျိုးသမီးများအတွက် အကျိုးကျေးဇူးများ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ပိုမိုရရှိခဲ့

➢ တရုတ်နိုင်ငံဈေးကွက်၏ တိုးတက်မှုအလားအလာကို အမျိုးသားနေ့အား လပ်ရက် စားသုံးမှု ပမာဏမှတဆင့်ဖော်ပြ

➢ တရုတ်ငွေကြေးယွမ် တန်ဖိုးလျော့ကျခြင်း-အမေရိကန်နှင့် ယူရိုဇုန်အတိုးနှုန်းခုနှစ်တက်မှုများ၏ သက်ရောက်မှုများ

➢ စွမ်းအင်ကဏ္ဍ အကျပ်အတည်းနှင့် ပလပ်စတစ်ထုတ်လုပ်မှုလျော့ချရေး (ဂျာမနီ)

➢ အီးယူ၏ စွမ်းအင်ကဏ္ဍအစီအစဉ်များနှင့် အရှေ့တောင်အာရှနိုင်ငံများ အပေါ် သက်ရောက်မှု

➢ ဂျာမနီနှင့် စပိန်နိုင်ငံတို့အကြား စွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေးခြင်း

➢ အီးယူဒေသ စက်သုံးဆီ ဈေးနှုန်းများ

➢ ဂျာမနီနိုင်ငံတွင် ခရီးသွားလာမှုများပြန်လည်မြင့်တက်လာခြင်း

- အီးယူက အင်ဒိုနီးရှားနိုင်ငံနှင့် ကုန်သွယ်မှုနှင့်သံတမန်ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်လာခြင်း
- IMF က ဂျာမနီနှင့် အီတလီနိုင်ငံတို့ စီးပွားရေးအလားအလာများကို ခန့်မှန်းခြင်း

တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး အညွှန်းကိန်းများ ပိုမိုကောင်းမွန်လာခြင်းသည် စီးပွားရေးပြန်လည်ဦးမော့လာမှုကို ထင်ဟပ်

တရုတ်နိုင်ငံ၏ များစွာသောထောက်ပံ့ပို့ဆောင်ရေး အညွှန်းကိန်းများသည် စျေးကွက်ဝယ်လိုအားနှင့် လုပ်ငန်းလည်ပတ်မှုများတိုးတက်မှုများဖြင့် ၎င်းတို့၏ အောက်ဘက်သို့ ဦးတည်နေသောလမ်းကြောင်းများကို မကြာသေးမီက ပြောင်းပြန်လှန်လိုက်ကြပြီး တရုတ်၏ စီးပွားရေးအင်ဂျင်သည် တိုးတက်မှုလိုလားသော မူဝါဒများ pro-growth policies ကြောင့် စီးပွားရေးတစ်ကျော့ပြန် ပြန်လည်ကောင်းမွန်လာနိုင်သည်ကို ညွှန်ပြလျှက်ရှိပါသည်။ ပြီးခဲ့သည့် နိုင်ငံတော်အားလပ်ရက် သီတင်းပတ်အတွင်း တရုတ်နိုင်ငံ၏ အမြန်ပို့ဆောင်ရေး လုပ်ငန်းများသည် အမှာစာများဖြင့် ပြည့်နှက်နေပြီး စုစုပေါင်း ပါဆယ်ထုပ်ပေါင်း ၄.၁ ဘီလီယံကျော်ကို ကိုင်တွယ်ခဲ့ကြောင်း နိုင်ငံတော်စာတိုက်ဗျူရိုက (၈-၁၀-၂၂) ရက်နေ့တွင် ပြောကြားခဲ့သည်။

လုပ်ငန်းအညွှန်းကိန်းတစ်ခုဖြစ်သည့် နိုင်ငံ၏ အမြန်ချောပို့စျေးကွက်သည် ၎င်း၏ ယခင်အနိမ့်ဆုံးမှ ပြန်လည်ခုန်တက်လာကာ ပုံမှန်အားဖြင့် အရောင်းထိုင်းသော စက်တင်ဘာလတွင် သွက်လက်လာပြီး တရုတ်နိုင်ငံ၏ အမြန်ပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်းသည် လွန်ခဲ့သည့်လတွင် ၃၅၃ ဒဿမ ၁ ဖြင့် ရောက်ရှိလာပြီး လတွင် ၁၃ဒဿမ ၅ ရာခိုင်နှုန်းတက်လာခဲ့သည်။

China Federation of Logistics and Purchasing (CFLP) နှင့် e-commerce ကုမ္ပဏီကြီး JD.com တို့ ပူးပေါင်းပြုလုပ်သော စစ်တမ်းအရ e-commerce ထောက်ပံ့ပို့ဆောင်ရေး အညွှန်းကိန်းသည် ဖေဖော်ဝါရီတွင် ၁၀၈ ဒဿမ ၉ ဖြင့် စံချိန်တင်ထားသည့် ယခုနှစ်၏အမြင့်ဆုံးကိန်းကို ဩဂုတ်လ၏ အညွှန်းကိန်း ၁၀၈ ဒဿမ ၉ ဖြင့် ပြောင်းပြန်လှန်သွားခဲ့ကြောင်း တိုးတက်မှုများသည် e-commerce ကဏ္ဍတွင်လောက်သာမဟုတ်ဘဲ CFLP ၏အဆိုအရ တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးစျေးကွက်စွမ်းဆောင်ရည်ကို ခြေရာခံသည့်အညွှန်းကိန်းသည် စက်တင်ဘာလတွင် ၅၀ ဒဿမ၆ ရာခိုင်နှုန်း၊ ဩဂုတ်လ ရာခိုင်နှုန်းအအညွှန်းကိန်းထက် ၄ ဒဿမ ၃ အထိတက်လာပြီး နှစ်လကြာအရှုံးပေါ်နေသည့် လမ်းကြောင်းကို ပြောင်းပြန်လှန်ပစ်ခဲ့ ကြောင်း CFLP အရသိရသည်။

မက်ခရိုမူဝါဒများ အကောင်အထည်ဖော်ရာတွင် အကောင်းဘက်သို့ဦးတည်လာခြင်း အိမ်သုံးစားသုံးမှုများ ပုံမှန်ပြန်လည်ကောင်းမွန်လာခြင်း၊ စွမ်းအင်နှင့် ထောက်ပံ့ပို့ဆောင်ရေးတွင် လျင်မြန်စွာတိုးတက်လာခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေး ထောက်ပံ့မှုစွမ်းရည် ပြန်လည်ထူ

Agribusiness & Trade

ထောင်ခြင်းတို့ကြောင့်ဟု China Logistics Information Center မှ သုတေသီ Hu Han က ပြောကြားခဲ့သည်။

ညွှန်းကိန်းခွဲအများစုသည် ပြီးခဲ့သည့်လက တက်လာခဲ့ကြောင်း အမှာစာအသစ်များ အတွက် အညွှန်းခွဲများသည် သြဂုတ်လမှ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိတက်လာပြီး အမှာစာများ တိုးလာခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးစျေးကွက်တွင် ဝယ်လိုအား ပြန်လည်ရရှိလာကြောင်း CFLP ၏ လက်ထောက်ဥက္ကဋ္ဌ He Hui က ပြောသည်။

Hu က တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံသည် စက်တင်ဘာလတွင် အလုံးစုံချောမွေ့ခဲ့ကြောင်း စီးပွားရေးလုပ်ငန်းပမာဏ လျင်မြန်စွာ ပြန်လည်ကောင်းမွန်လာခြင်းနှင့် အညွှန်းကိန်းအသစ်များ ညွှန်ပြထားသည့်အတိုင်း e-commerce အမြန်ကွန်ရက်၏ ခိုင်မာသော ခံနိုင်ရည်အား သတိပြုမိကြောင်း ပြောကြားခဲ့သည်။ အမှာစာများနှင့် ဝင်ငွေများ တိုးလာခြင်းကြောင့် အရွယ်အစားအမျိုးမျိုးရှိ လုပ်ငန်းများ၏ အမြတ်အစွန်းသည် တိုးတက်မှု လက္ခဏာများ ပြသခဲ့ကြောင်း တတိယသုံးလပတ်တွင် ကုမ္ပဏီများ၏ စွမ်းဆောင်ရည်များသည် ယခင်သုံးလပတ်ထက် သိသိသာသာအားကောင်းလာကြောင်း "စီးပွားရေးကို တည်ငြိမ်အောင်ထိန်းပြီး စီးပွားရေးလုပ်ငန်းတွေကို ပံ့ပိုးပေးမယ့်မူဝါဒတွေ တဖြည်းဖြည်း အသက်ဝင်လာတာနဲ့ အမျှ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍမှာ စီးပွားရေးလုပ်ငန်းတွေက အလုံးစုံတိုးတက်လာတာကို တွေ့ရပါတယ်" ဟု Hu က ပြောကြားခဲ့သည်။

ယခုနှစ်တွင် တရုတ်နိုင်ငံသည် COVID-ဖြစ်ပေါ်လာသော အနှောင့်အယှက်များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ကပ်ရောဂါထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မည့် အစီအမံများကို ထုတ်ဖော်ခဲ့သည်။ စက်တင်ဘာလနောင်းပိုင်းတွင် တရုတ်ဝန်ကြီးချုပ် Li Keqiang က မူဝါဒကို အကောင်အထည်ဖော်ရန် တိုက်တွန်းခဲ့ပြီး ချောမွေ့သောထောက်ပံ့ပို့ဆောင်ရေးနှင့် ကျောက်မီးသွေးနှင့် လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိရေးတို့ကို အာမခံချက်ပေးရန် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ ရှေ့ကိုမျှော်ကြည့်ပါက ရှုပ်ထွေးသောနိုင်ငံတကာစီးပွားရေးအခြေအနေများ၊ ဒေသအများအပြားတွင် COVID-19 ဖြစ်ပွားမှုများ ပြန်လည်ပေါ်ပေါက်လာခြင်းနှင့် အားနည်းသောဝယ်လိုအားတို့ကို ပေါင်းစပ်၍ စတုတ္ထသုံးလပတ်တွင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို ချိန်ဆနိုင်သည်ဟု သုံးသပ်သူများက ဆိုသည်။

ရင်းမြစ် [Improving logistics indexes reflect China's economic recovery – News – 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

Agribusiness & Trade

Global Innovation Index 2022 မိတ်ဆက်ခြင်းအတွက် တရုတ်ဝန်ကြီးချုပ်က ဂုဏ်ပြု

တရုတ်ဝန်ကြီးချုပ် Li Keqiang သည် ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှု အညွှန်းကိန်း 2022 ကို စတင်ခြင်းအတွက် ကမ္ဘာ့ဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO) သို့ (၆-၁၀-၂၂) ရက်နေ့တွင် ဂုဏ်ပြုစာတစ်စောင် ပေးပို့ခဲ့ကြောင်း သူ၏စာထဲတွင် သိပ္ပံနည်းပညာဆန်းသစ်တီထွင်မှုသည် လူ့အသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကောင်းမောင်းသန် မောင်းနှင်အားဖြစ်ကြောင်း ဆန်းသစ်တီထွင်မှုသည် အလွန်အရေးပါ၍ တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှုကွန်ရက်တွင် အားကြိုးမာန်တက်ပေါင်းစည်းကာ ဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ (IPRs) ကို အကာအကွယ်ပေးထားပြီး သိပ္ပံနည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုတွင် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို ကဏ္ဍများ၏ မျက်နှာစာအားလုံးတွင် အားကောင်းစေခဲ့ကြောင်း တရုတ်နိုင်ငံသည် သိပ္ပံနည်းပညာဆိုင်ရာ စွမ်းပကားနှင့် ဆန်းသစ်တီထွင်မှုစွမ်းရည်များ တိုးမြှင့်ခြင်းတွင် ထူးထူးခြားခြားတိုးတက်မှုကို ရရှိခဲ့ကြောင်း၊ ၎င်း၏ ဆန်းသစ်တီထွင်မှုတွန်းအားနှင့် လုပ်ငန်းသစ်များသည် စျေးကွက်၏တက်ကြွမှုနှင့် လူမှုရေးဆိုင်ရာ တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးပြီး တိုးတက်မှုတွန်းအားသစ်များ ရှင်သန်ကြီးထွားစေရန် ကူညီပေးခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အနာဂတ်တွင် တရုတ်နိုင်ငံသည် နိုင်ငံတကာဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုပွင့်လင်းသောသဘောထားဖြင့် တိုးတက်စေမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ သိပ္ပံနှင့် နည်းပညာအုပ်ချုပ်မှုတွင် ၎င်း၏ပါဝင်ဆောင်ရွက်မှုကို နက်ရှိုင်းစေကာ သိပ္ပံနည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် နယ်ပယ်သစ်များကို စူးစမ်းရှာဖွေသွားမည်ဟု ပြောကြားခဲ့သည်။ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ မျှတပြီး ထိရောက်မှုရှိသော နိုင်ငံတကာ IPR စည်းမျဉ်းများကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံသည် WIPO နှင့် ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းသွားရန် ဆန္ဒရှိကြောင်း လီက ပြောကြားခဲ့သည်။

ရင်းမြစ် [Chinese premier offers congratulations on Global Innovation Index 2022 launch – News – 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……

Agribusiness & Trade

တရုတ်အမျိုးသမီးများအတွက် အကျိုးကျေးဇူးများ
လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ပိုမိုရရှိခဲ့

လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်အမျိုးသမီးများအတွက် အကျိုးခံစားခွင့်များ ပိုမိုတိုးမြင့်လာကြောင်း (၈-၁၀-၂၂) သတင်းစာရှင်းလင်းပွဲတွင် အချက်အလက်များနှင့် စာရင်းဇယားများ ဆက်တိုက်ဖော်ပြခဲ့ကြောင်း ဤကာလအတွင်း တရုတ်နိုင်ငံရှိ အဆင့်အသီးသီးရှိ အမျိုးသမီးအဖွဲ့ချုပ်များသည် ကျေးလက်ဒေသများတွင် လက်တွေ့ကျမ်းကျင်မှုသင်တန်းပေါင်း ၂၀၀,၀၀၀ ကျော်ကို ဖွင့်လှစ်ခဲ့ပြီး အမျိုးသမီးသင်တန်းသား သန်း ၂၀ နီးပါးကို အကျိုးပြုခဲ့ကြောင်း All-China Women's Federation ၏ ညီလာခံတွင် ပြောကြားခဲ့သည်။

အမျိုးသမီး သိပ္ပံပညာရှင်များနှင့် သုတေသီပေါင်း ၈၃၀,၀၀၀ ကျော်အား လူထု၏သိပ္ပံပညာဆိုင်ရာအသိပညာများ မြှင့်တင်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုခြင်း စသည့်ဝန်ဆောင်မှုများ ပေးဆောင်ရာတွင် ပါဝင်ရန်စည်းရုံးခဲ့သည်။ လွန်ခဲ့သည့်ဆယ်နှစ်အတွင်း အမျိုးသမီး ၇ သန်းကျော်သည် စီးပွားရေးနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ အထောက်အပံ့များ ရရှိခဲ့ကြောင်း အဆိုပါညီလာခံမှ သိရသည်။

ပြီးခဲ့သောဆယ်စုနှစ်များအတွင်း အမျိုးသမီးများ၏တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများအတွက် ပိုမိုကောင်းမွန်သော အကာအကွယ်ပေးမှုများ၊ အကြံပေးခြင်း၊ တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် အမျိုးသမီးများအတွက် ဥပဒေရေးရာအကူအညီများ ပံ့ပိုးပေးခြင်း စသည့် ဝန်ဆောင်မှုအမျိုးမျိုးဖြင့်လည်း ပိုမိုကောင်းမွန်လာခဲ့သည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များ သက်သာချောင်ချိရေး မြှင့်တင်ပေးမည့် ပရဟိတ ပရောဂျက်များကို ပိုမိုလွှမ်းခြုံနိုင်သော နယ်ပယ်များ တိုးမြင့်လာစေရန် လုပ်ဆောင်ခဲ့ကြောင်း အဆိုပါ ညီလာခံတွင် ပြောကြားခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံရှိ အမျိုးသမီးအဖွဲ့ချုပ်များသည် နိုင်ငံပေါင်း ၁၄၅ နိုင်ငံရှိ အမျိုးသမီးအသင်းအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၄၂၀ ကျော်နှင့် ရင်းနှီးစွာ ဖလှယ်နိုင်ခဲ့ကြောင်း သိရသည်။

ရင်းမြစ် More benefits to Chinese females over past decade – News – 云桥网英文 (yunnangateway.com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……

Agribusiness & Trade

တရုတ်နိုင်ငံဈေးကွက်၏ တိုးတက်မှု အလားအလာကို အမျိုးသားနေ့အားလပ်ရက် စားသုံးမှု ပမာဏမှတဆင့်ဖေါ်ပြ

စည်းစနစ်စွာ တန်းစီစောင့်ဆိုင်းပြီး ၎င်းတို့၏ ကျန်းမာရေးအချက်အလက်ကို စစ်ဆေးပြီးနောက် မစ်စတာ.ကျန်ဝေနှင့် ၎င်း၏မိသားစုသည် အားလပ်ရက်တွင် ဈေးဝယ်ထွက်ရန် အဆင်သင့်ဖြစ်ရာ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ကျိုးရှိ ဂရမ်းဗျူး လျှော့ပင်းမောသို့ ဝင်ရောက်ခဲ့ကြသည်။

Tianhe Road ဈေးဝယ်ဧရိယာသည် ဈေးဝယ်စင်တာကြီး ၂၀ ကျော်ရှိသည့် တရုတ်နိုင်ငံတွင် အကြီးဆုံး စီးပွားရေးအစုအဝေးများထဲမှ တစ်ခုဖြစ်ရာ စားသုံးသူများသည် ဤနေရာတွင် အစားအသောက်များဝယ်ယူခြင်း ဈေးဝယ်ထွက်ခြင်းနှင့် အခြားဝန်ဆောင်မှုများကို တစ်နေရာတည်းတွင်ရရှိ၍ နှစ်သက်ကြကြောင်း အားလပ်ရက်တွင် တစ်နေကုန်အချိန်ဖြုန်း၍ရကြောင်း Zhang က ပြောပြပါသည်။

အောက်တိုဘာ (၁)ရက်မှ(၇)ရက်အထိ ကြာမြင့်သည့် တရုတ်နိုင်ငံ၏ အမျိုးသားနေ့အားလပ်ရက်သည် စားသုံးမှုအများဆုံးရာသီဖြစ်ကြောင်း အာဏာပိုင်များသည် စားသုံးမှုမြှင့်တင်ရန် ယခုနှစ်အားလပ်ရက်မတိုင်မီ မူဝါဒအများအပြားကို ထုတ်ပြန်ခဲ့ကြောင်း ယခုနှစ် အားလပ်ရက်အတွင်း တရုတ်နိုင်ငံတွင် ပြည်တွင်းခရီးသွား ၄၂၂ သန်းခန့် လည်ပတ်ကြရန်ခန့်မှန်းခဲ့ကြောင်း ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက (၇-၉-၂၀၂၂)ရက်နေ့တွင် ပြောကြားခဲ့သည်။ အားလပ်ရက်အတွင်း ပြည်တွင်းခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေစုစုပေါင်းသည် ယွမ် ၂၈၇.၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၀.၅ ဘီလီယံခန့်) ရှိကြောင်း ဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ဈေးဝယ်ထွက်ခြင်း

ကွဲပြားသောနည်းလမ်းများဖြင့် စားသုံးမှုမြှင့်တင်ရန် များပြားလှသော စားသုံးသူအုပ်စုများကို ပစ်မှတ်ထားသည့်အမျိုးသားနေ့အားလပ်ရက်၏ အခွင့်အရေးကို ဆုပ်ကိုင်ထားပြီးဖြစ်ကြောင်း Zhejiang တက္ကသိုလ်မှ ပါမောက္ခ Pan Helin က ပြောကြားခဲ့သည်။

(၆-၁၀-၂၀၂၂) ရက်နေ့အထိ Tianhe လမ်းဈေးဝယ် ဧရိယာတွင် ဖောက်သည်အရေအတွက်သိသိသာသာတိုးလာကြောင်း စားသောက်ဆိုင်ကြီးများနှင့် အဖျော်ယမကာဆိုင်ခွဲများအပြင် ရွှေလက်ဝတ်ရတနာများ၊ တန်ဖိုးကြီးအလှကုန်များ၊ နာရီများနှင့် အားကစားပစ္စည်းများကဲ့သို့သော လက်လီကုန်ပစ္စည်းအချို့အတွက် ခိုင်မာသောဝယ်လိုအားရှိပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် ချန်ရှာမြို့တွင် ညအချိန်စျေးဝယ်ထွက်ခြင်းသည် အားလပ်ရက်အတွင်း ခေတ်စားလားသော စားသုံးမှုစျေးကွက်အဖြစ် ပေါ်လွင်လာခဲ့ကြောင်း Jiefang West Road နှင့် Huangxing South Road လူကူးလမ်းများရှိ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းချိန်များကို တိုးမြှင့်ပေးပြီး အဓိကစျေးဝယ်စင်တာများသည် စားသုံးသူများ၏ စားသုံးမှုဆန္ဒကို ပိုမိုလှုံ့ဆော်ရန် လျှော့စျေးများနှင့် ပရိုမိုးရှင်းများကို ပေးကြသည်။

အားလပ်ရက်အစတွင် ချန်းရှရှိ Joy City စျေးဝယ်စင်တာသည် ဖောက်သည်များအား ၄၈ နာရီဆက်တိုက် တံခါးဖွင့်ထားခဲ့ကြောင်း ဤကာလအတွင်းတွင် ဖောက်သည် ၁၈၀,၀၀၀ ရောက်ရှိလာပြီး ရောင်းအား ယွမ် ၂၇ ဒသမ ၁၇ သန်းအထိ ရောက်ရှိခဲ့ကြောင်း လုံလောက်သော မက်လုံးများနှင့် အားလပ်ရက် အင်္ဂေ့အသက်များနှင့်အတူ မော်တော်ယာဉ်နှင့် အိမ်သုံးပစ္စည်းများကဲ့သို့သော ကုန်စည်စျေးကွက်များ၏ ရောင်းအားမှာလည်း သိသိသာသာတိုးလာခဲ့ကြောင်း လက်လီရောင်းချသူ Suning.com ၏အဆိုအရ၊ အုတ်နှင့်အင်္ကတေစတိုးဆိုင်များ brick-and-mortar stores တွင် အော့ဖ်လိုင်းအသုံးပြုသူများနှင့် ထုတ်ကုန်အသစ် အတွေ့အကြုံရှိသူအရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် ၂၀၀ ရာခိုင်နှုန်းနီးပါး အောက်တိုဘာ ၁ ရက်မှ ၄ ရက်အတွင်း တိုးလာခဲ့သည်။

ပြည်တွင်းခရီးစဉ်များ

ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒေသခံပြည်သူများ သွားလာရန် ပြည်တွင်းခရီးစဉ်များ၏ပထမဆုံး ရွေးချယ်မှုများထဲတွင် သွားရောက်လည်ပတ်သည့် ထိပ်တန်းသုံးခုမှာ (က) ဆင်ခြေဖုံး ပန်းခြံများ (ခ) မြို့ပြအနီးတဝိုက်ရှိ ကျေးရွာများနှင့် (ဂ) မြို့ပြပန်းခြံများဖြစ်ကြောင်း၊ ၂၃.၈ ရာခိုင်နှုန်း၊ ၂၂.၆ ရာခိုင်နှုန်းနှင့် ၁၆.၈ ရာခိုင်နှုန်း အသီးသီးရှိခဲ့သည်။

တရုတ်နိုင်ငံ၏ ထိပ်တန်းအွန်လိုင်းခရီးသွားအေဂျင်စီ Trip.com Group မှ (၇-၁၀-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတစ်ခုအရ ပလက်ဖောင်းပေါ်တွင် ကြိုတင်မှာယူမှု၏ ၆၅ ရာခိုင်နှုန်းသည် ဒေသဆိုင်ရာနှင့် အနီးနားရှိ ခရီးတိုခရီးစဉ်များအတွက်ဖြစ်ကြောင်း တိုတောင်းသောခရီးစဉ်များနှင့် ဆင်ခြေဖုံးရပ်ကွက်များသို့ ကိုယ်တိုင်မောင်းနှင်သည့် ခရီးစဉ်များသည် အထူးသဖြင့် မြို့ပြနေသူများအကြား ရေပန်းစားလာကြောင်းသိရှိရပါသည်။

ပလပ်ဖောင်းများစွာမှ ဒေတာများအရ အားလပ်ရက်အတွင်း ခရီးသွားကြိုတင်မှာယူမှုများ များပြားလာကြောင်း ဘေဂျင်း၊ ရှန်ဟိုင်းနှင့် ကွမ်ကျိုးတို့ရှိ ရိုးရာအိမ်များတွင် အထူးအိပ်ယာနှင့် နံနက်စာများ Special bed-and-breakfasts သည် အလွန်ရောင်းကောင်းကြောင်း

Agribusiness & Trade

ခရီးတိုခရီးများ ရေပန်းစားလာသဖြင့် အချို့သော စားသောက်ကုန် လုပ်ငန်းများသည် စားသုံးသူများအတွက် သယ်ယူစားသောက်ရန် အဆင်ပြေစေသည့် ကိုယ်တိုင်အပူပေး အစားအစာများ self-heating food ကို အရောင်းမြှင့်တင်ကြကြောင်း Beijing Huatian Catering Holding Group မှ ဝန်ထမ်းတစ်ဦးဖြစ်သူ Guan Yunqi က ကုမ္ပဏီသည် အမျိုးသားနေ့အားလပ်ရက်အတွင်း ရောင်းအားများမြင့်တက်လာသည့် ကိုယ်တိုင်အပူပေးသည့် အစားအစာလေးမျိုးနှင့် ကိုယ်တိုင်အပူပေးသည့် ဟော့ပေါ့အမျိုးအစားနှစ်မျိုးကို စတင်ထုတ်လုပ်လိုက်ကြောင်း "တရုတ်၏စားသုံးသူ စျေးကွက်၏ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည်မနှေးကွေးသေးကြောင်း"နှင့် "မြို့ကြီးများ၏ ပြင်းပြသောစားသုံးမှု အင्ဂေ့အသက်များက တရုတ်နိုင်ငံစီးပွားရေး၏ ခံနိုင်ရည်ရှိမှုနဲ့ တက်ကြွမှုကို ထင်ဟပ်နေပါတယ်"ဟု ဟူနန်နော်မယ်တက္ကသိုလ်လက်အောက်ရှိ ခရီးသွားလုပ်ငန်းကောလိပ်မှဌာနမှူး ဝမ်ကျောက်ဖန် ကပြောကြားခဲ့သည်။

ရင်းမြစ် yunnangateway.com/html/2022/news_1008/26047.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

.....

တရုတ်ငွေကြေးယွမ် တန်ဖိုးလျော့ကျခြင်း-အမေရိကန်နှင့် ယူရိုဇုန် အတိုးနှုန်းခုန်တက်မှုများ၏ သက်ရောက်မှုများ

၂၀၂၂ ခုနှစ်သည် ကမ္ဘာ့နိုင်ငံများစွာအတွက် စီးပွားရေးစိန်ခေါ်မှုများ ဖြစ်ပေါ်စေရာ စက်တင်ဘာလတွင်အမေရိကန်နှင့် ယူရိုဇုန်ရှိငွေကြေးဆိုင်ရာမူဝါဒ အပြောင်းအလဲများသည် ကမ္ဘာလုံးဆိုင်ရာခေါင်းကြီးပိုင်းတွင်နေရာယူထားကြောင်း အကျိုးဆက်အနေဖြင့် ၂၀၂၀ ခုနှစ်မှစတင်၍ ပထမဆုံးအကြိမ်အဖြစ် တရုတ်ငွေကြေးရန်မန်ဘီနှင့် အမေရိကန်ဒေါ်လာသည် ငွေလဲနှုန်းအချိုးသည် ၇ အချိုး ၁ ဖြစ်ခဲ့ကြောင်း ယခုဆောင်းပါးတွင် အမေရိကန်၊ ယူရိုဇုန်၊ တရုတ်နိုင်ငံတို့၏ မက်ကရိစီးပွားရေးမူဝါဒများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက်သက်ရောက်မှုများကို တင်ပြထားပါသည်။

(၂၁-၉-၂၂)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်ဗဟိုဘဏ်က အတိုးနှုန်းကို အခြေခံပွိုင့် ၇၅ ပွိုင့်အထိ တိုးမြှင့်ခဲ့ခြင်းသည် ငွေကြေးဖောင်းပွမှုကို ဖြိုဖျက်ရန် ကြိုးပမ်းမှုများ ဖြစ်ပြီး (၂၃-၉-၂၂)တွင် အတိုးနှုန်းသည် ၃ ဒဿမ ၇၁၉ ရာခိုင်နှုန်းဖြစ်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု စီးပွားရေးသည် ၂၀၂၂ ခုနှစ်၊ ဒုတိယလေးလပတ်တွင် ၀ ဒဿမ ၆ ရာခိုင်နှုန်းကျုံ့ခဲ့ပြီး ဖောင်းပွမှုနှုန်းသည် ဧပြီလတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒဿမ ၃ ရာခိုင်နှုန်းတွင် ရပ်တည်ခဲ့ပြီး ယခုနှစ်အကုန်တွင် ၅ ဒဿမ၄ ရာခိုင်နှုန်း (အစားအစာနှင့် စွမ်းအင်မပါဝင်သော

အဓိက ဖေါင်းပွနှုန်းသည် ၄ဒဿမ ၅ ရာခိုင်နှုန်း) သို့ ကျဆင်းသွားလိမ့်မည် ဟုမျှော်လင့်ရပါသည်။ ပထမနှင့် ဒုတိယလေးလပတ်တွင် အနှတ်သဘောဆောင်သည့်ကြီးထွားမှု နှစ်ကြိမ်ဆက်တိုက် ဖြစ်ပေါ်ပြီးနောက် အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် နည်းပညာအဆိုအရ စီးပွားရေးကျဆင်းမှု ရီဆက်ရှင်သို့ ဝင်ရောက်ခဲ့ပါသည်။

မတူညီသောတရားစီရင်ပိုင်ခွင့်များတွင် ငွေကြေးဆိုင်ရာမူဝါဒများကို နယ်စပ်ဖြတ်ကျော်အခြေခံအကဲဖြတ်ရမည်ဖြစ်ကြောင်း သီအိုရီအရ အမေရိကန် အတိုးနှုန်းမြင့်မားခြင်းက အမြတ်အစွန်း ပိုမိုရရှိရန်ဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံသူများကြောင့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်များထံ (အောက်သို့) ဖိအားဖန်တီးလိမ့်မည်ဖြစ်ကြောင်း အမေရိကန်ဒေါ်လာအား အားဖြည့်ခြင်းက ကမ္ဘာ့ငွေကြေးများကို အတိုးနှုန်းမြင့်တက်စေခြင်း (သို့မဟုတ်) တန်ဖိုးလျော့နည်းခြင်း ဖြစ်စေရာ ကမ္ဘာ့ငွေကြေးများ ပြုန်းတီးခြင်းကိုဖြစ်စေကြောင်း ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ စတော့ဈေးကွက်သည် ဆက်လက်မြင့်တက်လာနိုင်မည်(သို့မဟုတ်) အောက်သို့ ဖိအားထုတ်လွှင့်ရန် အချိန်အနည်းငယ်ယူရမည်ဖြစ်၍(အနည်းငယ်) အချိန်ကြာလိမ့်မည်ဟု ဆိုပါသည်။

ဥရောပဗဟိုဘဏ် ECB သည် ၎င်း၏ရေရှည် subzero နှုန်းကို အခြေခံ ၇၅ ပွိုင့် တက်ခြင်းဖြင့်အဆုံးသတ်ခဲ့ခြင်းမှာ လတ်တလောအချက်အလက်များအရ ယူရိုဇုန်တွင်စီးပွားရေး တိုးတက်မှုသိသိသာသာနှေးကွေးနေကြောင်း ရုရှား-ယူကရိန်း ပဋိပက္ခနှင့်စွမ်းအင် အကျပ်အတည်းတို့သည် ထောက်ပံ့ရေးကွင်းဆက်ကို ဖိအားပေးပြီး ငွေဖောင်းပွမှုကိုဖြစ်ပေါ်စေကြောင်း ယခုအခါ ဥရောပဗဟိုဘဏ်သည် ၂၀၂၂ ခုနှစ်တွင် ပျမ်းမျှ ၈ ဒဿမ ၁ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် ၅ ဒဿမ ၅ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၂ ဒဿမ ၃ ရာခိုင်နှုန်းရောက်ရှိရန် (ယခုအခါ) စီစဉ်ထားကြောင်း နှစ်ပေါင်း(၁၁)နှစ်အတွင်း စီးပွားရေးကျဆင်းမှုဖိအားနှင့် ကြုံတွေ့ရချိန် ဥရောပဗဟိုဘဏ်သည် မြင့်တက်လာသည့် ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်ရန် ရည်ရွယ်၍ (၈-၉-၂၀၂၂) ရက်နေ့တွင် ယူရိုအခြေခံပွိုင့် ၇၅ ပွိုင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ခိုင်မာသောစီးပွားရေးဖိအားသည် ယခုနှစ်တွင် ယူရိုကိုသိသိသာသာတန်ဖိုးကျစေခဲ့ကြောင်း (၁၃-၇-၂၀၂၂)ရက်နေ့တွင် ၂၀၀၂ ခုနှစ်မှစတင်၍ ပထမဦးဆုံးအကြိမ်အဖြစ် ယူရိုနှင့် အမေရိကန်ဒေါ်လာငွေလဲနှုန်း အချိုးသည် ၁:၁ ဖြစ်ခဲ့ကြောင်း ထို့နောက် တစ်ချိန်ကတည်ငြိမ်ခဲ့သော ယူရိုငွေကြေးထပ်မံကျဆင်းသွားကြောင်း (၂၃-၉-၂၀၂၂) တွင် ဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာသည်ယူရို ၁.၀၃ နီးပါးရှိခဲ့ကြောင်း ဥရောပဗဟိုဘဏ်၏ အတိုးနှုန်းတိုးမြှင့်မှုသည် ဥရောပတွင်စီးပွားရေး ပြန်လည်နာလန်ထူမှုနှုန်း ကိုတည်ငြိမ်စေရန်နှင့် စီးပွားရေးပြန်လည်နာလန်ထူမှုတည်ငြိမ်စေရန်၊ အမေရိကန်ဒေါ်လာအတိုးနှုန်း မြင့်တက်မှုကို ကန့်သတ်ရန်နှင့် ဥရောပငွေကြေးဈေးကွက်များသို့ ယူရိုပမာဏများစွာကိုဆွဲဆောင်ရန် မျှော်လင့်ကြောင်း သို့သော် ဥရောပ

Agribusiness & Trade

ဗဟိုဘဏ်၏ အတိုးနှုန်းတိုးမြင့်ခြင်းသည် sovereign debt crisis SDC ကိုဖြစ်စေရာ ဥရောပ ဗဟိုဘဏ်က တုန့်ပြန်နိုင်ရန် အဆင်သင့်ဖြစ်ရန်လိုအပ်ကြောင်းထောက်ပြကြသည်။

တရုတ် ငွေကြေးရန်မန်ဘီနှင့် အမေရိကန်ဒေါ်လာသည် ငွေလဲနှုန်းအချိုးသည် ၇ အချိုး ၁ ဖြစ်ချိန်တွင် တရုတ်နိုင်ငံ၏တုံ့ပြန်ချက်မှာ ၂၀၂၀ ခုနှစ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် တရုတ် ငွေကြေးယွမ်သည် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၇ ဒဿမ ၂ အထိ (၂၈-၉-၂၂) ရက်နေ့ တွင် ရောက်ရှိသွားပြီးနောက် ယင်းသည်လည်း ကမ္ဘာလုံးဆိုင်ရာ ခေါင်းကြီးပိုင်းတွင်နေရာယူ ထားကြောင်း အစကပင် ယွမ်ငွေသည် ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယခုနှစ်တွင် အမေရိကန် ဒေါ်လာနှင့် နှိုင်းယှဉ်ပါက တန်ဖိုးကျနှုန်း အရှိန်မြင့်တက်လာကြောင်း ကျဆင်းမှုသည် တရုတ်၏ စီးပွားရေးနှေးကွေးမှုကို ထင်ဟပ်စေပြီး အမေရိကန်နှင့် ဥရောပတွင် အတိုးနှုန်းမြင့်တက်မှုကို တုံ့ပြန်ကြောင်းဆိုပါသည်။

တရုတ်နိုင်ငံတွင် ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိသော ယွမ်ငွေလဲလှယ်နှုန်းဖြစ်စေရန် နိုင်ငံ ခြားငွေလဲလှယ်ရေး အပ်နှံမှုများကိုကန့်သတ်ရန်နှင့် အကောင်းဆုံး နိုင်ငံခြားငွေကြွေးမှီပုံစံဖြစ်ရန် ပြီးခဲ့သည့်နှစ် ၂၀၂၁ ခုနှစ်မှစတင်၍ ချို့ယွင်းလိုအပ်ချက်များကို ဖြေရှင်းရန်တရုတ်နိုင်ငံ ငွေကြေး စည်းမျဉ်းစည်းကမ်း ရေးဆွဲသူများက အစီအမံများကို ပြုလုပ်ခဲ့ကြသည်။ တရုတ်ပြည်သူ့ဘဏ် (PBOC) သည် ၎င်း၏ နိုင်ငံခြားငွေလဲလှယ်သော အပ်ငွေများအပေါ် ဘဏ်များကိုင်ထားရန် လို အပ်သော အရန်ငွေပမာဏကို လျှော့ချခဲ့ပြီး ယွမ်ငွေအားနည်းကျဆင်းမှုကို နှေးကွေးစေရန် နိုင်ငံ ခြားငွေထောက်ပံ့မှု တိုးမြင့်နေရာ ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ ဝန်းကျင်ခန့်ရှိ ကြောင်း သိရှိရပါသည်။

ကမ္ဘာလုံးဆိုင်ရာရှုထောင့်မှကြည့်လျှင် ရမ်မန်ဘီသည်ခိုင်မာသော ငွေကြေးဖြစ်ကြောင်း ငွေလဲနှုန်းသည် စံချိန်တင်နိမ့်ကျနေစဉ်တွင်ပင် ယွမ်သည် ကုန်သွယ်မှုနှင့် နှိုင်းချိန်ထားသော ငွေကြေးတောင်းများ trade-weighted basket of currencies ကို ဆန့်ကျင်၍ အတော်ပင် ကောင်းမွန်စွာထိန်းထားခဲ့ကြောင်း လေ့လာသုံးသပ်သူများအရ မကြာသေးမီက ငွေတန်ဖိုးကျ ဆင်းသည် အမေရိကန်နှင့်ယူရိုဇုန်တွင် ငွေကြေးတင်းကျပ်မှု၏ အကျိုးသက်ရောက်မှုကြောင့် ရောင်ပြန်ဟပ်ခြင်း ဖြစ်ပါကြောင်း ရေရှည်တန်ဖိုးကျဆင်းမည့်အကြောင်းအရာများ (သို့မဟုတ်) ကျယ်ပြန့်သော အားနည်းချက်များစသည့် အခြေခံအားနည်းချက်များ ယွမ်တွင် မရှိပါကြောင်း ယခုအချိန်အထိ PBOC သည် နိုင်ငံခြားငွေလဲလှယ်ရေးစျေးကွက်တွင် တိုက်ရိုက်ဝင်ရောက်ခြင်း နှင့် စျေးကွက်တလျှောက် နေ့စဉ်ပြုပြင်မှုများ ခွင့်ပြုခြင်းများ မရှိခဲ့ပါကြောင်း ယင်းကြောင့် သက် ဆိုင်ရာအရာရှိများသည် ဤတန်ဖိုးကျဆင်းမှုကို စိုးရိမ်ပူပန်မှုများ မရှိဟုဆိုပါသည်။

Agribusiness & Trade

သို့ရာတွင် တိုတောင်းသောကာလ၌တန်ဖိုးကျဆင်းမှုသည် တရုတ်ကုမ္ပဏီများကို ထိခိုက်စေကြောင်း အထူးသဖြင့်အကြီးစားစက်မှုလုပ်ငန်းနှင့် အိမ်ခြံမြေများရှိ ကြွေးမြီအမြောက်အများပေါ်တွင် ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း ဒေါ်လာဖြင့် သတ်မှတ်ထားသော အကြွေးအများအပြားယူပြီး၍ဖြစ်ကြောင်း တန်ဖိုးကျခြင်း Devaluation ဆိုသည်မှာ တင်ရှိသောအကြွေးသည် ပိုမိုဈေးကြီးလာခြင်းဖြစ်၍ တရုတ်စတော့ ဈေးနှုန်းများကို ပိုမိုအရောင်းထိုင်းစေကြောင်း ထို့အပြင် စီးပွားရေးပညာရှင်များသည် ဒေါ်လာဈေး / ယူရိုနှုန်းများထိုသို့ဖြစ်ခြင်းကြောင့် တရုတ်နိုင်ငံမှ အရင်းအနှီးများ ထွက်ခွာသွားစေနိုင်၍ ပူပန်ကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ယွမ် ၉၀ ဘီလျံ (အမေရိကန် ဒေါ်လာ ၁၃.၃ ဘီလီယံ) ကို ဇွန်လတွင် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းကို PBOC မှ အချက်အလက်များအရပြသခဲ့ကြောင်း အပြုသဘောဆောင်သောအမြင်အရ နိုင်ငံတကာဝယ်ယူသူများ၏ ရှုထောင့်မှကြည့်ပါက ယွမ်ငွေကြေးကျဆင်းမှုသည် တရုတ်နိုင်ငံ၏ထုတ်ကုန်များသည် ဈေးပိုမိုသက်သာစေ၍ တရုတ်နိုင်ငံတွင် စီးပွားရေးတိုးတက်မှု ပိုမိုစေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ သေချာခိုင်မာသော တင်ပို့မှုသည် နယ်စပ်ဖြတ်ကျော် စီးဆင်းမှုကိုတည်ငြိမ်စေ၍ အခြေခံကျသော အဓိကအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေပြီး ပြည်တွင်းစီးပွားရေး နှေးကွေးချိန်တွင် အရေးပါသော ရင်းမြစ်တစ်ခုအဖြစ် ဖြစ်နေစေကြောင်း သို့သော်လည်း ပြည်ပတင်ပို့မှုသည် ယွမ်၏အားနည်းချက်ဖြင့် (သို့မဟုတ်) ခွန်အားဖြင့် မောင်းနှင်ခြင်းဖြင့် မဟုတ်ဘဲ ဝယ်လိုအားဖြင့်(ပိုမို) မောင်းနှင်ခြင်းဖြစ်ပါကြောင်း ငွေကြေးဖောင်းပွမှုမြင့်မားမှုနှင့် ရင်ဆိုင်နေရသည်နှင့်အမျှ ကမ္ဘာလုံးဆိုင်ရာ ဝယ်ယူမှုစွမ်းအားသည်လည်းကျဆင်းနေပြီး တရုတ်နိုင်ငံပစ္စည်းများအတွက် ဝယ်လိုအားကျဆင်းခြင်းဖြစ်စေပါကြောင်း ၂၀၂၁ ခုနှစ် တရုတ်နိုင်ငံ၏ပြည်ပတင်ပို့မှု ဇူလိုင်လတွင် ၁၈ ဒဿမသ သုညရာခိုင်နှုန်း ရရှိခဲ့ရာမှ ၇ ဒဿမ ၁ ရာခိုင်နှုန်းဖြင့် သြဂုတ်လတွင် အပြင်းအထန် နှေးကွေးခဲ့ပါကြောင်း ယခုကဲ့သို့ ကျဆင်းမှုကိုရင်ဆိုင်နေရသော တရုတ်အစိုးရသည် ဒေသတွင်းစီးပွားရေးကို ဘဏ္ဍာရေးအစီအမံများနှင့် လုံ့ဆော်ပေးနိုင်လိမ့်မည်ဟု ဖေါ်ပြထားပါသည်။

Agribusiness & Trade

မကြာသေးမီက တရုတ်နိုင်ငံ၏ စီးပွားရေးစွမ်းဆောင်ရည်နှင့် မူဝါဒများနှင့်ပတ်သက်၍ တရုတ်၏စီးပွားရေးသည် အမျိုးမျိုးသော စီးပွားရေးစိန်ခေါ်မှုများနှင့် ထိမိလဲပြိုနေပြီဖြစ်ကြောင်း ဒုတိယလေးလပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်း သုညဒဿမ ၄ ဖြင့် စံချိန်တင်နိမ့်ကျနေစဉ်တွင် အချက်အလက်များအရ တရုတ်၏စီးပွားရေးသည် သြဂုတ်လတွင် တရုတ်၏စီးပွားရေးသည် အုံ့သြစရာကောင်းလောက်အောင် ခံနိုင်ရည်ရှိကြောင်းပြသခဲ့ပါကြောင်း တရားဝင်အချက်အလက်များအရ လက်လီရောင်းချမှုမှာ သြဂုတ်လတွင် တစ်နှစ်ထက်တစ်နှစ် ၅ ဒဿမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဇူလိုင်လထက် ၂ ဒဿမ ၇ ရာခိုင်နှုန်းမြင့်မားခဲ့ပါကြောင်း စက်မှုဆိုင်ရာကုန်ထုတ်

လုပ်မှုသည် ဇူလိုင်လထက် သုညဒဿမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄ ဒဿမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်းနှင့် ပုံသေပိုင်ဆိုင်မှုရင်းနှီးမြှုပ်နှံမှု တစ်နှစ်ထက် တစ်နှစ် ၅ ဒဿမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အဓိကညွှန်းကိန်းများသည် မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်ခဲ့ကြောင်း ဆိုပါသည်။

ယခုနှစ်တွင် ဖက်ဒရယ် FED သည်ငွေကြေးဖောင်းပွမှုကို ဆက်လက်ထိန်းထားပြီး အတိုးနှုန်းများကို ဆက်ထိန်းထားစဉ် တရုတ်အာဏာပိုင်များက စီးပွားရေးကျဆင်းမှုကိုအဓိက ဦးစားပေးအဖြစ် တွန်းလှန်ရန်နှင့် အဓိကအားဖြင့် စီးပွားရေးကိုလှုံ့ဆော်ပေးရန်အတွက် အတိုးနှုန်းကို ဖြတ်တောက်ခဲ့ကြကြောင်း စူပါပါဝါနှစ်ဦး၏ ငွေကြေးဆိုင်ရာမူဝါဒများလည်း ပိုမိုခြားနားမှုများ ပြားလာကြကြောင်း တရုတ်၏ ငွေကြေးမူဝါဒမူဝါဒသည် လက်ရှိကမ္ဘာအနှံ့ ပြောင်းလဲမှုများအား တုံ့ပြန်ချိန် ၎င်း၏တည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်လိမ့်မည်ဖြစ်ကြောင်း စျေးကွက်တွင်ငွေဖြစ်လွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအလုံအလောက်မြှင့်တင်ရန် တရုတ်နိုင်ငံသည် ပိုမိုစိတ်အေးလက်အေး ရှိသော ဘဏ္ဍာရေးဝန်းကျင် လိုအပ်ကြောင်း ၎င်း၏ငွေကြေးပေါ်လစီပြောင်းလဲခြင်းသည် တရုတ်၏စီးပွားရေးကို လက်ရှိတည်ငြိမ်မှုကို အားနည်းစေလိမ့်ဖြစ်ကြောင်း သုံးသပ်တင်ပြထားပါသည်။

ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးသက်ရောက်မှုအနေဖြင့် အဓိကဗဟိုဘဏ်အေဂျင်စီများ (FED, ECB နှင့် PBOC) ၏ ဆန်းစစ်ခြင်းများနှင့် ထုတ်ပြန်ချက်များအပေါ် အခြေခံ၍ မတည်ငြိမ်မှုသည်နှစ်ကုန်အထိ မြင့်တက်နေလိမ့်မည်ဖြစ်ကြောင်း FED နှင့် ECB နှစ်ခုစလုံးသည် မဝေးတော့သောအနာဂတ်တွင် ပိုမိုအတိုးနှုန်းများ မြှင့်တင်ပေးလိမ့်မည်ဟုလည်းဖော်ပြခဲ့ကြကြောင်း ရင်းနှီးမြှုပ်နှံသူများက အလိုက်သင့် ကိုက်ညီသင့်ကြောင့် စိတ်ရှည်သောရေရှည် ရင်းနှီးမြှုပ်နှံသူများအတွက် ပြီးခဲ့သည့်အပတ် မကြာသေးမီက စျေးနှုန်းကျဆင်းမှုပေးမှာ အခွင့်အလမ်းတစ်ခု ဖြစ်လိမ့်မည်ဖြစ်ကြောင်း သို့ရာတွင်ရေတိုစျေးကွက် လျော့နည်းမှုအတွက် အထိမခံနိုင်သော ရင်းနှီးမြှုပ်နှံသူများအတွင်မှ စွန့်စားသင့်သည့်အချိန်ဖြစ်ကြောင်း (စီးပွားရေးကျဆင်းမှုကိုကိုင်တွယ်ရန်စီးပွားရေး မဟာဗျူဟာများကိုလည်းစာရင်းပြုစုထား) ကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် –Analyzing Interest Rate Hikes in the US and Eurozone, RMB Depreciation (china-briefing.com)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

Agribusiness & Trade

စွမ်းအင်ကဏ္ဍ အကျပ်အတည်းနှင့် ပလပ်စတစ်ထုတ်လုပ်မှုလျော့ချရေး (ဂျာမနီ)

တစ်ခါသုံးပလပ်စတစ်ထုပ်ပိုးရေးဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများသည် ရေနံသဘာဝ ဓါတ်ငွေ့များရရှိမှုပေါ် မှီတည်နေခြင်းကြောင့် ထုတ်လုပ်မှုလျော့ချခြင်းမှ စွမ်းအင်အကျပ်အတည်းကို တစ်နည်းတစ်ဖုံ ဖြေရှင်းနိုင်မှုအတွက် လေ့လာဆန်းစစ်မှုများ ပြုလုပ်လာကြပါသည်။ **Global break free from plastic movement** နှင့် **Non-government Center for International Environmental Law (CIEL)** တို့၏ လေ့လာဆန်းစစ်မှုများအရ ဥရောပဒေသတွင် ပလပ်စတစ်ထုတ်လုပ်မှုသည် ၁၉၅၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း တန်ချိန် (၀.၃၅) သန်းမှ (၅၅) သန်းအထိ တိုးတက်လာခဲ့ပြီး ထုတ်ပိုးလုပ်ငန်းများအတွက် အများဆုံးဖြစ်ခဲ့ပါသည်။ အီးယူဒေသတွင်လည်း ပလပ်စတစ်သည် ရေနံဓာတုစက်မှုလုပ်ငန်း၏ ကြီးမားသောဈေးကွက် တစ်ခုဖြစ်ပါသည်။ ထို့အပြင် ၂၀၂၀ ခုနှစ်အတွင်း အီးယူဒေသတွင် ဓါတ်ငွေ့သုံးစွဲမှု၏ ၁၅ ရာခိုင်နှုန်းနီးပါးနှင့် ရေနံသုံးစွဲမှု၏ ၁၄ ရာခိုင်နှုန်းနီးပါးတို့သည် ရေနံဓာတုပစ္စည်းများ ပြုလုပ်ရန်သုံးစွဲခဲ့ကြပြီး အများစုမှာ ပလပ်စတစ်ထုတ်လုပ်ရန်ဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ စပိန်၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်နှင့် ပိုလန်နိုင်ငံတို့သည် ပလပ်စတစ်ထုတ်လုပ်ရန်အတွက် ရေနံနှင့်ဓါတ်ငွေ့အများဆုံးအသုံးပြုကြပြီး အီးယူဒေသ ပလပ်စတစ်ထုပ်ပိုးပစ္စည်းစွန့်ပစ်မှုများ၏ (၇၇) ရာခိုင်နှုန်းမှာ အဆိုပါနိုင်ငံများမှ ဖြစ်နေပါသည်။ လေ့လာတွေ့ရှိမှုအစီရင်ခံစာများတွင် အိမ်ထောင်စုများတွင် စွမ်းအင်သုံးစွဲမှုဘီလ်များ မြင့်တက်လာနေချိန်တွင် ရေနံဓာတုစက်မှုလုပ်ငန်းများသည် တစ်ခါသုံးပလပ်စတစ်ထုတ်လုပ်မှုများအတွက် လောင်စာစွမ်းအင်များကို သုံးစွဲနေခြင်းသည် အီးယူဒေသ၏စွမ်းအင်အကြပ်အတည်းဖြစ်ပေါ်နေမှုကို ပိုမိုတိုးပွားစေခြင်းသာဖြစ်ကြောင်း၊ ရေနံဓာတုစက်မှုလုပ်ငန်းစက်ရုံများဆောက်လုပ်ခြင်း ရပ်တန့်ရန်နှင့် ပလပ်စတစ်ထုပ်ပိုးမှုများလျော့ချရန်တို့ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အနည်းဆုံး ဆောင်းရာသီအတွင်း ပလပ်စတစ်စက်ရုံများ လည်ပတ်မှုရပ်နားထားသင့်ကြောင်းတို့ကို ဝေဖန်ဖော်ပြလာကြပါသည်။ အီးယူကော်မရှင်အနေဖြင့် ပလပ်စတစ်ထုတ်လုပ်မှုလျော့ချရေးအစီအစဉ်များကို မဟာဗျူဟာများချမှတ်၍ ဆောင်ရွက်နေသော်လည်း လုပ်ဆောင်ရမည့်အဆင့်များ ကျန်ရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/russia-gas-crisis-single-use-plastic-packaging-industry-consumer-winter-heating/a-63250228

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

အီးယူ၏ စွမ်းအင်ကဏ္ဍအစီအစဉ်များနှင့် အရှေ့တောင်အာရှနိုင်ငံများအပေါ် သက်ရောက်မှု

အီးယူဒေသတွင် ကြုံတွေ့နေရသည့် စွမ်းအင်အကျပ်အတည်းများက အရှေ့တောင်အာရှနိုင်ငံများ၏ liquefied natural gas (LNG) နှင့် ဓါတ်ငွေ့များအပေါ် ဝယ်လိုအားတိုးတက်မှုများ ဖြစ်ပေါ်နေပြီး ကမ္ဘာ့စျေးနှုန်းများကိုလည်း မြင့်တက်လာစေပါသည်။ ၂၀၂၂ ခုနှစ် သြဂုတ်လနှင့် စက်တင်ဘာလများမှစ၍ အီးယူက ရုရှားနိုင်ငံမှ ကျောက်မီးသွေးတင်သွင်းမှုပိတ်ပင်ခဲ့ခြင်းနှင့် ရုရှားနိုင်ငံက အီးယူအချို့နိုင်ငံများသို့ ဓါတ်ငွေ့တင်ပို့မှု ရပ်ဆိုင်းခဲ့ပြီးနောက်ပိုင်း ဥရောပနိုင်ငံများသည် အရှေ့တောင်အာရှနိုင်ငံများရှိ ကျောက်မီးသွေးနှင့် LNG ထုတ်လုပ်သူများထံ ဦးလှည့်လာနေကြကာ ကျောက်မီးသွေးအများဆုံးတင်ပို့သည့် အင်ဒိုနီးရှားနိုင်ငံထံမှ ဝယ်ယူရရှိရေး ကြိုးပမ်းလာကြပါသည်။

အင်ဒိုနီးရှားနိုင်ငံ ကျောက်မီးသွေးကုမ္ပဏီ PT Adaro Energy က ယခုနှစ် ဧပြီလ အစောပိုင်းက နယ်သာလန်နှင့် စပိန်နိုင်ငံတို့သို့ ကျောက်မီးသွေးတန်ချိန်(၃၀၀၀၀၀)ရောင်းချခဲ့ပြီး ပိုလန်နိုင်ငံကလည်း အင်ဒိုနီးရှားနိုင်ငံမှ ကျောက်မီးသွေးတန်ချိန် (၅၃၂၃၀) အော်ဒါမှာယူခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ Coal Mining Association ဥက္ကဋ္ဌဖြစ်သူ Mr.Pandu Sjahrir က အင်ဒိုနီးရှား ကျောက်မီးသွေး ဝယ်လိုအားတိုးတက်လာနေကြောင်း၊ ဂျာမနီနိုင်ငံဘက်က စုံစမ်းမေးမြန်းလာမှုများရှိနေကြောင်း၊ လာမည့်နှစ်အတွင်း ဂျာမနီနိုင်ငံသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံပြီးလျှင် အင်ဒိုနီးရှားနိုင်ငံ၏ တတိယမြောက် ကျောက်မီးသွေးအများဆုံး တင်သွင်းသူဖြစ်လာနိုင်ကြောင်း ထုတ်ဖော်ပြောကြားပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံပိုင် ကျောက်မီးသွေးလုပ်ငန်းဖြစ်သည့် PT Bukit Asam သည် ယခုနှစ်အတွင်း အီတလီနိုင်ငံသို့ ကျောက်မီးသွေးတန်ချိန် (၁၄၇၀၀၀) တင်ပို့ခဲ့ပြီး ဂျာမနီနှင့် ပိုလန်နိုင်ငံတို့နှင့် ဆွေးနွေးမှုများပြုလုပ်လျှက်ရှိပါသည်။ အီးယူ စွမ်းအင်ကော်မရှင်နာဖြစ်သူ Mr.Kadri Simson သည် စက်တင်ဘာလအစောပိုင်းက အင်ဒိုနီးရှားနိုင်ငံတွင် G20 အစည်းအဝေးတက်ရောက်စဉ် ကျောက်မီးသွေးတွင်းများသို့ သွားရောက်လေ့လာခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ ကျောက်မီးသွေးစျေးနှုန်းများသည် သြဂုတ်လတွင် အမေရိကန်ဒေါ်လာ (၃၂.၅၉)နှင့် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ (၃၁၉.၂၂)တွင် ရှိနေကြောင်း သိရှိရပါသည်။

လေ့လာကျွမ်းကျင်သူများက ဥရောပဒေသအနေဖြင့် ယခုနှစ်ကုန်ပိုင်းနှင့် ၂၀၂၃ နှစ်အတွင်း လောင်စာစွမ်းအင် တင်သွင်းမှုအများအပြားပြုလုပ်နိုင်ပြီး စျေးနှုန်းများလည်း မြင့်တက်လာနိုင်ကြောင်း သုံးသပ်နေကြပါသည်။ မလေးရှားနိုင်ငံသည် ကမ္ဘာတွင် ပဉ္စမမြောက် LNG တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ပြီး ဥရောပဒေသသို့ တင်ပို့မှုတိုးမြင့်လာမည့်အလားအလာများ ရှိနေပါသည်။

အီးယူကော်မရှင် ဥက္ကဋ္ဌ Ms.Ursula von der Leyen က အိမ်ထောင်စုများနှင့် စီးပွားရေး လုပ်ငန်းများအတွက် လျှပ်စစ်ဓါတ်အားစျေးနှုန်းများ အဆမတန်မြင့်တက်မှုကို တွေ့ကြုံလာရ ကြောင်း၊ သို့သော်လည်း မူလအီးယူ၏ရေရှည် green energy plans ကို သက်ရောက်မှုရှိစေမည် မဟုတ်ကြောင်း၊ အခြားနိုင်ငံများ၏ green energy အစီအစဉ်ကူးပြောင်းမှုများကိုလည်း ပြောင်း လဲစေနိုင်မည်မဟုတ်ကြောင်း ပြောကြားပါသည်။ အီးယူအနေဖြင့် စွမ်းအင်အကျပ်အတည်းဖြစ် နေသည့်ကာလအတွင်း၌သာ တူးဖော်ရရှိသည့်အရင်းအမြစ်များမှ စွမ်းအင်ထုတ်ယူသုံးစွဲမှုကို ပြု လုပ်လိုပြီး ရေရှည်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသုံးစွဲခြင်းဖြင့် လေထုညစ်ညမ်းမှုမရှိသည့် ဝန်းကျင်တစ်ခုကို တည်ဆောက်ရန်အစီအစဉ်ရှိပါသည်။ တစ်ဖက်တွင်လည်း European Invest-ment Bank အနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင် green energy နှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုဆိုင် ရာ အစီအစဉ်များအတွက် ပံ့ပိုးရန် စီစဉ်ဆောင်ရွက်နေလျှက်ရှိကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/how-the-eus-new-energy-plans-impact-southeast-asia/a-63256213Date

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.....

ဂျာမနီနှင့် စပိန်နိုင်ငံတို့အကြား စွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေးခြင်း

ဂျာမနီနိုင်ငံဝန်ကြီးချုပ် **Mr.Olaf Scholz** နှင့် စပိန်နိုင်ငံဝန်ကြီးချုပ် **Mr.Pedro Sanchez** တို့သည် ၅.၁၀.၂၀၂၂ ရက်နေ့က စပိန်နိုင်ငံတွင် တွေ့ဆုံ၍ ဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းတစ်ခုကို စတင်နိုင်ရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါသည်။ အဆိုပါပိုက်လိုင်းကို ပြင်သစ်နိုင်ငံ **Pyrenees** တောင်တန်းဒေသအနီးဖြတ်သန်း၍ ဆောင်ရွက်ရန်လိုအပ်ပြီး ၂၀၂၅ ခုနှစ်တွင် စတင်လည်ပတ် နိုင်ရန်ဖြစ်ကြောင်း၊ ဒေသတွင်း စွမ်းအင်စျေးကွက်ခိုင်မာမှုကိုရရှိနိုင်ပြီး အီးယူ၏ အစိမ်းရောင် စွမ်းအင်ကဏ္ဍ ကူးပြောင်းရေးမဟာဗျူဟာများကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း နှစ်နိုင်ငံပူးတွဲ ကြေငြာချက်ထုတ်ပြန်ခဲ့ပါသည်။ **Mr.Olaf Scholz** နှင့်အတူ ဂျာမန်နိုင်ငံခြားရေးဝန်ကြီး **Ms.Annalena Baerbock** ၊ စီးပွားရေးရာဝန်ကြီး **Mr.Robert Habeck** နှင့် ဘဏ္ဍာရေးဝန်ကြီး **Mr. Christian Lindner** တို့လည်း လိုက်ပါခဲ့ကြပါသည်။

အဆိုပါဆွေးနွေးသဘောတူညီမှုများအပေါ် ပြင်သစ်နိုင်ငံအစိုးရအနေဖြင့် Pyrenees တောင် တန်းဒေသရှိ MidCat **ဓါတ်ငွေ့ပိုက်လိုင်း**စီမံကိန်းသည် ယခင် ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၉

ခုနှစ် နှစ်လယ်ပိုင်းတွင် ပတ်ဝန်းကျင်ဆိုင်ရာအရေးကိစ္စများနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ အကျိုးအမြတ်နည်းပါးမှုတို့ကြောင့် ရပ်နားခြင်းရှိခဲ့ခြင်းကြောင့် ပြန်လည်စတင်ရန် စိတ်အားထက်သန်မှုမရှိကြောင်း ပြောကြားမှုရှိလာပါသည်။ ဂျာမနီနှင့် စပိန်နိုင်ငံအနေဖြင့်မူ အဆိုပါပိုက်လိုင်းစီမံကိန်းပြန်လည် စတင်နိုင်ခြင်းဖြင့် အီးယူဒေသစွမ်းအင်အကြပ်အတည်းကို ဖြေရှင်းနိုင်ပြီး သဘာဝဓါတ်ငွေ့အပြင် ပြန်လည်ပြည့်ဖြိုးမြဲဓါတ်ငွေ့များကိုလည်း ထုတ်လုပ်ရန်စီစဉ်ဆောင်ရွက်နိုင်ပြီး အနာဂတ်စွမ်းအင်ကဏ္ဍ ရည်မှန်းချက်များကိုလည်း ရောက်ရှိစေနိုင်မည်ဖြစ်ကြောင်း မျှော်လင့်ချက်ထားရှိကြပါသည်။

Source:https://www.dw.com/en/germany-spain-summit-pyrenees-pipeline-project-is-of-paramount-importance/a-63345785

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……..

အီးယူဒေသ စက်သုံးဆီ ဈေးနှုန်းများ

ဥရောပကော်မရှင်က အပတ်စဉ်ထုတ်ပြန်သော ၃.၁၀.၂၀၂၂ ရက်နေ့ရှိ အီးယူ(၂၇)နိုင်ငံရှိ Eurosuper 95 နှင့် ဒီဇယ်ဆီတို့၏ တစ်လီတာ စက်သုံးဆီဈေးနှုန်းများ (အခွန်ပေးဆောင်မှုအပါအဝင်)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ယခင်လဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ပျမ်းမျှအားဖြင့် ဂျာမနီနိုင်ငံအပါအဝင် အီးယူအဖွဲ့ဝင်နိုင်ငံများတွင် Eurosuper 95 နှင့် ဒီဇယ်ဆီဈေးနှုန်းများမှာ အနည်းငယ်ကျဆင်းလာကြောင်း တွေ့ရှိရပါသည်-

gas prices

	Eurosuper 95	
EU – State	**Euro per liter as of September 5, 2022**	**Euro per liter, as of October 3rd, 2022**
Hungary	1.29	1.20
Malta	1.34	1.34
Poland	1.38	1.33

Bulgaria	1.54	1.45
Croatia	1.53	1.44
Slovenia	1.52	1.37
Romania	1.64	1.46
Luxembourg	1.61	1.68
Cyprus	1.55	1.45
Germany	2.07	1.94
Czech Republic	1.64	1.56
Slovakia	1.73	1.64
Lithuania	1.73	1.65
France	1.62	1.57
Belgium	1.69	1.69
Italy	1.75	1.63
Latvia	1.79	1.71
Portugal	1.72	1.70
Spain	1.78	1.68
Estonia	1.90	1.80
Austria	1.74	1.72
Ireland	1.85	1.73
Sweden	1.79	2.01
Netherlands	2.01	1.94
Greece	2.00	1.98
Finland	2.08	1.99
Denmark	2.04	2.03

Agribusiness & Trade

Diesel prices

	diesel fuel	
EU State	Euro per liter as of September 5, 2022	Euro per liter, as of October 3rd, 2022
Malta	1.21	1.21
Hungary	1.66	1.51
Poland	1.61	1.51
Bulgaria	1.67	1.60
Slovenia	1.73	1.71
Romania	1.83	1.70
Luxembourg	1.83	1.84
Lithuania	1.84	1.76
Portugal	1.83	1.75
Czech Republic	1.85	1.75
Italy	1.84	1.74
Latvia	1.84	1.76
Croatia	1.79	1.77
Slovakia	1.82	1.76
France	1.78	1.70
Spain	1.92	1.81
Greece	1.94	1.90
Cyprus	1.82	1.80
Estonia	1.90	1.80
Germany	2.16	2.02
Belgium	2.02	1.91
Austria	1.90	1.96
Ireland	1.96	1.85

Agribusiness & Trade

Netherlands	2.05	1.95
Denmark	2.07	1.99
Finland	2.15	2.07
Sweden	2.30	2.33

Source: https://www.destatis.de/Europa/DE/Thema/Verkehr/kraftstoffpreise.htm

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.....

ဂျာမနီနိုင်ငံတွင် ခရီးသွားလာမှုများပြန်လည်မြင့်တက်လာခြင်း

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ် သြဂုတ်လတွင် ပြည်တွင်းနှင့်ပြည်ပခရီးသွားဧည့်သည် အရေအတွက်သည် ဟိုတယ်၊ ဧည့်ရိပ်သာစသည်တို့တွင် တည်းခိုမှုစာရင်းများမှ ကောက်ခံရရှိမှုအချက်အလက်များအရ (၅၈.၂) သန်းရှိခဲ့ကြောင်း Federal Statistical Office (Destatis) က ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ စာရင်းသည် ၂၀၂၁ ခုနှစ်ကာလတူထက် ၄ ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ် ကာလတူထက် ၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ မဖြစ်ပွားမီကာလက ထက် ပိုမိုများပြားခဲ့ကြောင်းလည်း သိရှိရပါသည်။ ကပ်ရောဂါ မဖြစ်ပွားမီကာလ ၂၀၁၉ ခုနှစ် သြဂုတ်လတွင် (၅၇.၈) သန်းရှိခဲ့ရာမှ ၂၀၂၀ ခုနှစ်တွင် (၄၉.၅) သန်းသို့ကျဆင်းမှုရှိခဲ့ပြီး ယခုအခါ ပြန်လည်မြင့်တက်လာခြင်း ဖြစ်ပါသည်။



Source:https://www.destatis.de/EN/Press/2022/10/PE22_429_45412.html;jsessionid=0C004654B327465CB54E5122023A20D7.live731

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

အီးယူက အင်ဒိုနီးရှားနိုင်ငံနှင့် ကုန်သွယ်မှုနှင့်သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်လာခြင်း

အီးယူနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် သံတမန်ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မှုများ ပြုလုပ်လျှက်ရှိနေပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ အနက် အီးယူ၏ ပဉ္စမမြောက်အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုမှာ ယူရို (၂၅.၂၉) ဘီလီယံရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ်ထက် ၂၀ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါသည်။ သို့သော် ဗီယက်နမ်နိုင်ငံနှင့် ကုန်သွယ်မှု၏ ထက်ဝက်ကျော်တွင်သာ ရောက်ရှိနေပါသည်။ အီးယူနိုင်ငံခြားရေး မူဝါဒဆိုင်ရာအကြီးအကဲ Mr.Josep Borrell သည် ၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ စတင်လည်ပတ်ခဲ့ပြီးနောက် ယခုနှစ် အင်ဒိုနီးရှားနိုင်ငံက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက် ကျင်းပပြုလုပ်သည့် G20 အစည်းအဝေးသို့လည်း ထပ်မံလာရောက်ခဲ့ပါသည်။ အီးယူကုန်သွယ်ရေး ကော်မရှင်နာဖြစ်သူ Mr. Valdis Dombrovskis ကလည်း အင်ဒိုနီးရှားနိုင်ငံနှင့် Free trade agreement ဆွေးနွေးညှိနှိုင်းမှုများ ၂၀၂၄ ခုနှစ်တွင် သဘောတူညီချက်များ ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်းပြောကြားပါသည်။ အီးယူနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ၂၀၁၆ ခုနှစ်က စတင်ဆွေးနွေးခဲ့သော Comprehensive Economic Partnership Agreement (CEPA) ကိုလည်း ပြန်လည်ညှိနှိုင်းဆွေးနွေး၍ သဘောတူညီချက်များ ရရှိနိုင်ရန် ဆောင်ရွက်မည့်အစီအစဉ်များလည်းရှိနေပါသည်။ အီးယူအနေဖြင့် ၂၀၂၃ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌဖြစ်လာမည့် အင်ဒိုနီးရှားနိုင်ငံတွင် အခြေစိုက်၍ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းမှုများတိုးမြှင့် ဆောင်ရွက်လိုသည့် အလားအလာများလည်း ရှိနေပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဒေသတွင်းတွင် စီးပွားရေးအရ ပိုမိုဆွဲဆောင်မှုရှိလာပြီး ၂၀၃၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှဒေသ၏ အကြီးမားဆုံးဒစ်ဂျစ်တယ် စီးပွားရေးအင်အားစုဖြစ်လာရန် ရည်မှန်းဆောင်ရွက်နေခြင်း၊ နည်းပညာပိုင်းကုန်ထုတ်လုပ်မှုကဏ္ဍ လျင်မြန်စွာတိုးတက်လာနေခြင်းတို့ရှိနေကြောင်း အင်ဒိုနီးရှားနိုင်ငံ အခြေစိုက်လေ့လာ သုံးသပ်သူများက ပြောကြားပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ဒေသတွင်းတွင် နည်းပညာပိုင်းဆိုင်ရာ supply chain အတွက် ဦးတည်ကြိုးပမ်းလျှက်ရှိပြီး လျှပ်စစ်ကားများအတွက် lithium ဘက်ထရီများ ထုတ်လုပ်ဖြန့်ဖြူးမှုတွင်လည်း စျေးကွက်နေရာ ရယူဆောင်ရွက်လျှက် ရှိပါသည်။ European Investment Bank (EIB) သည်လည်း ၎င်း၏ အာရှ-ပစိဖိတ်ဒေသရုံးခွဲကို ဂျာကာတာမြို့တွင် စက်တင်ဘာလအတွင်းက ဖွင့်လှစ်ခဲ့ပြီး EIB ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr.Kris Peeters က အင်ဒိုနီးရှားနိုင်ငံစီမံကိန်းတွင် တစ်နှစ်လျှင် ယူရို (၁)ဘီလီယံ ရင်းနှီးမြှုပ်နှံရန်ရှိကြောင်း၊ အရှေ့တောင်အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု၊ အစိမ်းရောင်စွမ်းအင်ကဏ္ဍ၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ရာသီဥတုပြောင်း

လဲမှုဒဏ်များ ကာကွယ်ထိန်းသိမ်းမှုတို့အတွက် မိတ်ဘက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြောဆိုပါသည်။

အီးယူနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ၂၀၂၀ ခုနှစ်အတွင်း ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုများဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တိုင်ကြားမှုများ ရှိခဲ့ပြီးနောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ယခုနှစ်ဧပြီလအတွင်း လေ့လာသုံးသပ်မှုများပြုလုပ်ပြီးစီးခဲ့ပြီး နှစ်ကုန်ပိုင်းတွင် အစီရင်ခံစာပေါ်ထွက်လာရန် မျှော်လင့်ထားရှိပါသည်။ နှစ်ဦးနှစ်ဘက်အကြား ကုန်သွယ်ရေးပိုင်းညှိနှိုင်းဆောင်ရွက်နိုင်ပြီး ဆက်ဆံမှုများ တိုးမြင့်သွားနိုင်ရေးကို မျှော်လင့်ဦးတည်လျှက်ရှိပါသည်။

Source: https://www.dw.com/en/eu-races-to-strengthen-trade-and-diplomatic-ties-with-indonesia/a-63367502

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.....

IMF က ဂျာမနီနှင့် အီတလီနိုင်ငံတို့ စီးပွားရေးအလားအလာများကို ခန့်မှန်းခြင်း

International Monetary Fund (IMF) က ၂၀၂၃ ခုနှစ်တွင် G7 အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနှင့် အီတလီနိုင်ငံတို့ စီးပွားရေးကျဆင်းနိုင်မှုရှိကြောင်း၊ ရုရှားနိုင်ငံမှ ဓါတ်ငွေ့ရရှိမှုဖြတ်တောက်ခြင်းနှင့် စွမ်းအင်ဈေးနှုန်းမြင့်မားမှုများက များစွာသက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း၊ ၁၁.၁၀.၂၀၂၂ ရက်နေ့က ခန့်မှန်းထုတ်ပြန်လိုက်ပါသည်။ ၂၀၂၃ ခုနှစ်၌ စီးပွားရေးတိုးတက်မှုနှုန်းမှာ ဂျာမနီနိုင်ငံအတွက် ယခင်ခန့်မှန်းထားသည့် ၀.၈ ရာခိုင်နှုန်းမှ ၀.၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ အီတလီနိုင်ငံအတွက် ၀.၂ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးလျော့နည်း ခန့်မှန်းထားရှိပါသည်။ မူလက ယူရိုဇုန်ဒေသအနေဖြင့် စီးပွားရေးကျဆင်းနိုင်မှုကို ရှောင်လွှဲနိုင်ရန် မျှော်မှန်းထားရှိပြီး ယူရိုငွေကြေး အသုံးပြုသည့် နိုင်ငံ(၁၉) နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၀.၅ ရာခိုင်နှုန်းရောက်ရှိရန် မျှော်လင့်ထားရှိခဲ့ပါသည်။

IMF က ကမ္ဘာ့စီးပွားရေးကို ၂.၇ ရာခိုင်နှုန်းတိုးတက်မှုရရှိရန် မျှော်မှန်းထားရှိပြီး တရုတ်နိုင်ငံအတွက် ၂၀၂၃ ခုနှစ်တွင် ၄.၄ ရာခိုင်နှုန်းနှင့် ရုရှားနိုင်ငံတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်မှုရရှိရန် ခန့်မှန်းထားပါသည်။ အမေရိကန်နိုင်ငံတွင် Federal Reserve က အတိုးနှုန်းများ မြင့်တက်လုပ်ဆောင်မှုကြောင့် လုပ်သားဈေးကွက်မှာ ခိုင်မာအားကောင်းမှုရှိသော်လည်း အလုပ်အကိုင်ရရှိမှုနှုန်းများမှာ နှေးကွေးလာနေကြောင်း၊ စီးပွားရေးတိုးတက်မှုနှုန်းအနေဖြင့် ယခုနှစ်အတွက် ၁.၆

ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ် အတွက် ၁ ရာခိုင်နှုန်းသာ ခန့်မှန်းထားကြောင်း ထုတ်ပြန်ပါသည်။ IMF အနေဖြင့် လာမည့်နှစ်အတွက် ကမ္ဘာ့စီးပွားရေးသည် အစားအစာနှင့်စွမ်းအင် စျေးနှုန်းများမြင့်တက်မှု၊ ငွေကြေးဖောင်းပွမှုနှင့် အတိုးနှုန်းများ မြင့်တက်လာမှုတို့ကြောင့် စိန်ခေါ်မှုများရှိနေဆဲ ဖြစ်ကြောင်း သုံးသပ်ထုတ်ပြန်ထားပါသည်။

Source: https://www.dw.com/en/imf-says-germany-and-italy-to-slip-into-recession-in-2023/a-63405441

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……

Agribusiness &

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၄၁ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၂၀) ရက်

၂၀-၁၀-၂၀၂၂	
ငွေကြေး အမျိုးအစား	ငွေလဲလှယ်နှုန်း (ကျပ်)
ဒေါ်လာ	၂၁၀၀.၀
ယူရို	၂၀၅၂.၈
စက်ဘူဒေါ်လာ	၁၄၇၃.၃
စတာလင်ပေါင်	၂၃၄၈.၃
ဂျပန်ယန်း (၁၀၀)	၁၄၀၁.၃
တရုတ်ယွမ်	၂၉၀.၄၃
ဟောင်ကောင် ဒေါ်လာ	၂၆၇.၅၄
အိန္ဒိယရူပီး	၂၅.၃၄၅
ကိုရီးယား၀မ် (၁၀၀)	၁၄၆.၈၃
မလေးရှား ရင်းဂစ်	၄၄၄.၀၇
ဖိလစ်ပိုင်ပီဆို	၃၅.၆၇၂
ထိုင်းဘတ်	၅၄.၉၅၂
ဗီယက်နမ်ဒေါင် (၁၀၀)	၈.၅၆၄၄

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ရောင်းလိုအားအကျပ်အတည်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Brahmanbaria ဈေးကွက်တွင် စပါးကုန်သွယ်မှု ၆၀ ရာခိုင်နှုန်း ကျဆင်းခဲ့

- **အထွေထွေသတင်းများ**

➢ တရုတ်နိုင်ငံအစိုးရ၏ one-stop အစိုးရ၀န်ဆောင်မှုများ မြှင့်တင်ရန်ရှိ

➢ တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ယာဉ်များထုတ်လုပ်မှုနှင့် ရောင်းအား ကမ္ဘာတွင်ထိပ်ဆုံးဖြစ်

➢ တရုတ်နိုင်ငံသည် မော်တော်ယာဉ်တင်ပို့မှုတွင် ကမ္ဘာ့အဆင့်(၂) နေရာတွင် ရောက်ရှိ

➢ တရုတ်နိုင်ငံ၏ ဝန်ဆောင်မှု တင်သွင်းမှုနှင့် ပို့ကုန်တန်ဖိုး မြင့်တက်လာ

➢ ဂျာမနီနိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးအခြေအနေ

➢ ပြင်သစ်နိုင်ငံက ဂျာမနီနိုင်ငံသို့ ဓါတ်ငွေ့များစတင်ပို့ဆောင်ခြင်း

➢ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

ရောင်းလိုအားအကျပ်အတည်းကြောင့် ဘင်္ဂလားဒေ့ရ်နိုင်ငံ Brahmanbaria စျေးကွက်တွင် စပါးကုန်သွယ်မှု ၆၀ ရာခိုင်နှုန်း ကျဆင်းခဲ့

ဘင်္ဂလားဒေ့ရ်နိုင်ငံ အရှေ့ပိုင်း Ashuganj ရှိ အကြီးဆုံး စပါးစျေးကွက်ဖြစ်သည့် BOC Ghat တွင် ရောင်းလိုအားအကျပ်အတည်းနှင့် စျေးနှုန်းမြင့်တက်မှုကြောင့် စပါးရောင်းဝယ်မှု ၆၀ ရာခိုင်နှုန်းကျဆင်းသွားရာ ဆန်စက်များနှင့် ကုန်သည်များကို ဆုံးရှုံးမှုဘက်သို့ တွန်းပို့နေသည့်သဖွယ်ဖြစ်နေပါသည်။

ကုန်သည်များ၏ အဆိုအရ စပါးပေါ်ချိန်တွင် တာကာ ကုဋေပေါင်းများစွာ တန်ကြေးရှိသော စပါးအလေးချိန် maunds တစ်သိန်းကျော်ကို နေ့စဉ်ကုန်သွယ်ပြီး၊ စပါးပေါ်ချိန်ပြင်ပ၌ maunds အလေးချိန် ၅၀,၀၀၀ မှ ၆၀,၀၀၀ ကြား အရောင်းအဝယ် ဖြစ်လေ့ရှိကြောင်း သိရပါသည်။

အောက်တိုဘာလဆန်းမှစတင်၍ ရောင်းလိုအားအကျပ်အတည်းနှင့် စပါးစျေးတက်ခြင်းတို့ကြောင့် နေ့စဉ်ပျမ်းမျှ စပါးတင်း ၂၀,၀၀၀ သာ ရောင်းချနေရပါသည်။ ဤအကျပ်အတည်းမှာ Aman စပါးရိတ်သိမ်းခြင်း မစတင်မီ (နိုဝင်ဘာလ– ဒီဇင်ဘာလမတိုင်မီ) အထိ အနည်းဆုံးတစ်လခန့် ဆက်လက်တည်ရှိနေနိုင်ကြောင်း စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

စပါးစျေးကွက်တွင် BR–28 စပါးတစ် maund ကို တာကာငွေ ၁,၃၅၀ မှ ၁,၃၈၀ ဖြင့် ရောင်းချနေပြီး၊ BR–29 စပါးမှာ တာကာ ၁,၃၂၀ မှ ၁,၃၅၀ ကြား ဖြစ်ပေါ်နေကာ၊ တာကာ ၁၀၀ တိုးလာခြင်းဖြစ်ပါသည်။ သို့သော်လည်း ရောင်းလိုအားအကျပ်အတည်း ကာလကြာရှည်နေပါက ဆန်စက်အများအပြားမှာ ဆန်စျေးတက်လာခြင်းနှင့်အတူ ပိတ်သွားနိုင်ကြောင်း ဆန်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

Brahmanbaria တွင် လယ်သမားများနှင့် ကုန်သည်များသည် Kishoreganj ၊ Mymensingh ၊ Netrokona ၊ Sunamganj ၊ Sylhet နှင့် Habiganj ရှိ လယ်ကွင်းများမှ ထွက်ရှိသောစပါးများကို လှေဖြင့်စျေးကွက်သို့ သယ်ဆောင်လာလေ့ရှိကြပြီး၊ အလုပ်သမားများ၊ ကုန်သည်များ၊ လယ်သမားများနှင့် ဆန်စက်ပိုင်ရှင်များ အပါအဝင်လူပေါင်း နှစ်ထောင်ခန့်မှာ ဤနေရာတွင် နေ့စဉ်စုရုံးနေလေ့ရှိပါသည်။

ဤစျေးကွက်မှာ ခရိုင်အတွင်းရှိ ဆန်စက်ပေါင်း ၂၅၀ ကျော်ကို အဓိက စပါးပံ့ပိုးပေးနေပြီး၊ ဤစျေးကွက်မှ စပါးဝယ်ယူပြီးနောက် ဆန်စက်များနှင့် ကုန်သည်များက Chattogram နှင့်

Agribusiness & Trade

Sylhet ခရိုင်များအားလုံးရှိ ဌာနခွဲများနှင့် ဒါကာဌာနခွဲ၏ အချို့ခရိုင်များသို့ ဆန်များကိုဖြန့်ဖြူးကြပါသည်။

စပါးဈေးတက်မြင့်တက်လာခြင်းကြောင့် ဆန်ဈေးလည်း မြင့်တက်လာပြီး၊ တစ်ပတ်အတွင်း BR-28 ဆန်တစ်အိတ်လျှင် တာကာငွေ ၂,၆၀၀ ဖြင့် ရောင်းချခဲ့ပြီး၊ BR-29 ဆန်ကို တာကာငွေ ၂,၅၅၀ ဖြင့် တာကာငွေ ၂၀ တိုးမြှင့်၍ ရောင်းချခဲ့ပါသည်။

Ashuganj စပါးဈေးမှ ကုန်သည်တစ်ဦးဖြစ်သူ Md Shahjahan က ၎င်းမှာ ကောက်စိုက်လယ်သမားများထံမှ စပါးကိုဝယ်ယူပြီး စပါးဈေးကွက်တွင် ရောင်းချလေ့ရှိကြောင်း၊ လက်ရှိတွင် လယ်သမားများ၏ စပါးကျီများတွင် စပါးများပြတ်လပ်နေကြောင်း၊ ဝယ်လိုအားထက် ရောင်းလိုအား လိုအပ်ချက်ရှိနေသောကြောင့် စပါးဈေးနှုန်း တက်လာခြင်းဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားထားပါသည်။

ဆန်စက်ပိုင်ရှင် Mobarak Hossain က ဆန်ဈေးနှုန်းထက် စပါးဈေးနှုန်း ပိုမိုတက်နေသောကြောင့် ဆန်စက်ပိုင်ရှင်များမှာ ဆုံးရှုံးမှုနှင့်ရင်ဆိုင်နေရကြောင်း၊ စပါးဈေးနှုန်းတက်သကဲ့သို့ ဆန်ဈေးတက်စေရန် ဈေးနှုန်းပြင်ဆင်မည်ဆိုပါက ဆန်တစ်အိတ်၏ ဈေးနှုန်းမှာ တာကာ ၁၀၀ ခန့် တက်လာနိုင်ကြောင်း သုံးသပ်ပြောကြားပါသည်။

Ashuganj အော်တိုဆန်စက်ပိုင်ရှင်များအသင်းမှ အဖွဲ့ဝင် Hasan Imran က "Ashuganj စပါးဈေးတွင် စပါးပြတ်လပ်မှုကြောင့် ဆန်စက်အများအပြား ပိတ်လိုက်ရကာ ဆန်စက်ပိုင်ရှင်များတွင် ဆုံးရှုံးမှုကြီးကြီးမားမားဖြစ်ခဲ့ကြောင်း၊ အကယ်၍ ယခုအကျပ်အတည်းသာ ကြာမြင့်ခဲ့ပါက လာမည့် Aman စပါးရိတ်သိမ်းချိန်တွင် ရောင်းလိုအားအကြပ်အတည်းကို ဦးစားပေးဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ၎င်း၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ရင်းမြစ်၊ https://www.tbsnews.net/economy/bazaar/supply-crunch-cuts-paddy-trade-60-brahmanbaria-market-513806

ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

.....

Agribusiness & Trade

တရုတ်နိုင်ငံအစိုးရ၏ one-stop အစိုးရဝန်ဆောင်မှုများ မြှင့်တင်ရန်ရှိ

တရုတ်နိုင်ငံ၏ အစိုးရဝန်ဆောင်မှုအဆင့်မြှင့်တင်ရန်အတွက် ဌာနပေါင်းစုံသို့ အကြိမ်ကြိမ် လာရောက်ရန် လိုအပ်သည့်အရာများအတွက် one-stop services agency တစ်နေရာတည်းတွင် ပေးနိုင်သောဝန်ဆောင်မှုအေဂျင်စီများကို မြှင့်တင်ရန် နိုင်ငံတော်ကောင်စီက ဆုံးဖြတ်ခဲ့ကြောင်း (၃-၁၀-၂၂) ရက်နေ့တွင် ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားကြောင်း ၂၀၂၂ နှစ်ကုန်တွင် ဒေသအားလုံးသည် ၎င်းတို့၏သက်ဆိုင်ရာ ဌာနများအကြား ညှိနှိုင်း၍ အနီးကပ်ချိတ်ဆက်ထားသော လုပ်ငန်းယန္တရားများထူထောင်ကာ လုပ်ငန်းများနှင့် လူပုဂ္ဂိုလ်များအတွက် တစ်ခုတည်းသောအစိုးရဝန်ဆောင်မှု အခြေခံအချက်များစာရင်းပါ လုပ်ငန်းတာဝန်များကို ဖြည့်ဆည်းပေးသင့်ကြောင်း ၂၀၂၅ ခုနှစ်ကုန်တွင် ဒေသအားလုံးတွင် ယင်းတစ်နေရာတည်းတွင်ပေးသည့် ဝန်ဆောင်မှုလွှမ်းခြုံမှုကို ထပ်မံတိုးချဲ့သင့်ပြီး စီးပွားရေးလုပ်ငန်းများနှင့် လူတစ်ဦးချင်းစီအတွက် အဓိကပါဝင်ရမည့်အရာများအား အစိုးရ၏ တစ်နေရာတည်းတွင် တည်ထောင်ထားသည့် ဝမ်းစတေ့- one-stop ဝန်ဆောင်မှုများ တိုးချဲ့ပေးအပ်သင့်သည်ဟု ကြေငြာချက်တွင် ဖော်ပြထားပါသည်။

ဈေးကွက်ရှိကစားသမားများအတွက် လိုအပ်သောအချက်အလက် များဖြစ်သည့် လုပ်ငန်းတစ်ခုစတင်ခြင်း၊ လုပ်ငန်းလည်ပတ်ခွင့်၊ ဝန်ထမ်းခေါ်ယူမှု၊ အိမ်ခြံမြေစာရင်းသွင်းခြင်းနှင့် ပယ်ဖျက်ခြင်းမှတ်ပုံတင်ခြင်းများကို တစ်နေရာတည်းတွင် one-stop basis ဖြင့်ဝင်ရောက်ကြည့်ရှုနိုင်ပါပြီဖြစ်ကြောင်း လူတစ်ဦးချင်းစီအတွက်လိုအပ်သော မွေးကင်းစမှတ်ပုံတင်ခြင်း၊ လိုက်လျောညီထွေရှိသော အလုပ်အကိုင်၊ အိမ်ထောင်ရေးနှင့် ကလေးမွေးဖွားခြင်း၊ အခက်အခဲကြုံတွေ့နေရသူများအတွက်အကူအညီ၊ တစ်ပတ်ရစ်အိမ်များ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းဝန်ထမ်းများ အငြိမ်းစားယူခြင်းအတွက် တစ်ခုတည်းသော ဝန်ဆောင်မှုများကို ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း တစ်ခုတည်းသော ဝန်ဆောင်မှုပုံစံကို မြှင့်တင်ရန်၊ လုပ်ထုံးလုပ်နည်းများကို သိပ္ပံနည်းကျဒီဇိုင်းထုတ်မည်ဖြစ်ပြီး စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များကို ချမှတ်ကာထုတ်ပြန်မည်ဖြစ်ကြောင်း လျှောက်လွှာလုပ်ငန်းစဉ်ကိုလည်း ရိုးရှင်းစေမည်ဖြစ်ပြီး တစ်နေရာတည်းတွင် ဝန်ဆောင်မှုများပါဝင်သည့် အပလီကေးရှင်းပစ္စည်းများသည် ဖေါင်ပုံစံမျိုးစုံကို ပေါင်းစပ်ပြီးဒေတာမျှဝေခြင်းဖြင့် မတူညီသောဒစ်ဂျစ်တယ်စနစ်များကြားတွင် ရိုးရှင်းပြီး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း တစ်စုတစ်စည်းတည်း ဝင်ရောက်နိုင်သော ဝင်းဒိုးတစ်ခုနှင့် ညှိနှိုင်းဆောင်ရွက်သည့် ယန္တရားတစ်ခုကို တည်ထောင်မည်ဖြစ်ပြီး ပြန်လည်သုံးသပ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးမှုအားလုံးကို မတူညီသောဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး

Agribusiness & Trade

အွန်လိုင်းနှင့် အော့ဖ်လိုင်းခွင့်ပြုချက်လုပ်ထုံးလုပ်နည်းများကို လည်းချိတ်ဆက်ထားမည်ဖြစ်ကြောင်း(အထောက်အထား) လက်မှတ်များထုတ်ပေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်ကို အစီအမံများစွာဖြင့် မြှင့်တင်မည်ဖြစ်ပါကြောင်း ရလဒ်စာရွက်စာတမ်းများနှင့် အောင်လက်မှတ်များဆိုင်ရာ ဒစ်ဂျစ်တယ်ရှင်းလင်းချက်များကို တွန်းအားပေးခဲ့ကြောင်း အဆိုပါ တစ်ခုတည်းသောဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်စွာ ပံ့ပိုးနိုင်စေရန်၊ အော့ဖ်လိုင်း ကျယ်ကျယ်ပြန့်ပြန့် ဝန်ဆောင်မှုဝင်းဒိုးများနှင့် အွန်လိုင်းဝန်ဆောင်မှု ကော်လံများကို မြှင့်တင်ရန်၊ ဆက်စပ်အွန်လိုင်း ဝန်ဆောင်မှုစနစ်များနှင့် ဒေတာခွဲဝေမှု အပြန်အလှန်ချိတ်ဆက်မှုကို မြှင့်တင်ရန်နှင့် သက်ဆိုင်ရာစံနှုန်းများနှင့်စည်းမျဉ်းများ ချမှတ်ရန်လုပ်ဆောင်သွားပါမည်။ အစီအစဉ်များစွာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ် China to bolster one-stop government services (www.gov.cn)

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

.....

တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ယာဉ်များထုတ်လုပ်မှုနှင့် ရောင်းအား ကမ္ဘာတွင်ထိပ်ဆုံးဖြစ်

တရုတ်နိုင်ငံ၏ စွမ်းအင်သစ်သုံး မော်တော်ကားများ ထုတ်လုပ်ရောင်းချမှုသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံသည် အဆင့်မြင့်နည်းပညာသုံးစွဲသော ခေတ်မီထိပ်တန်းနိုင်ငံဖြစ်သည့် သက်သေဖြစ်ပင်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် စွမ်းအင်သစ်သုံးယာဉ်များ (New energy vehicles-NEVs) များထုတ်လုပ်မှုနှင့် ရောင်းအားသည် စံချိန်တင် အမြင့်ဆုံးကို ကျော်လွန်ခဲ့ပြီး အရေအတွက်အားဖြင့် ခုနှစ်သိန်းရှိခဲ့ကြောင်း တရုတ်မော်တော်ယာဉ်ထုတ်လုပ်သူများ အသင်းမှ အချက်အလက်များအရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီမှ သြဂုတ်လအထိ ပို့ကုန် ၃၄၀,၀၀၀ သို့ ရောက်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်ထက် ၉၇ ရာခိုင်နှုန်းကျော် တိုးလာကြောင်း ထုတ်လုပ်မှုနှင့် ရောင်းအားသည် ၂၀၁၅ ခုနှစ်မှစ၍ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ကြောင်း သိရှိရပါသည်။

ရင်းမြစ် news.cgtn.com/news/2022-10-12/China-s-NEV-production-sales-top-the world1e4wPeRMJiw/index.html#:~:text=China%27s%20Asso ciation%20of %20Automobile%20Manufacturers,over%2097%20percent%20from%202021

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

Agribusiness & Trade

တရုတ်နိုင်ငံသည် မော်တော်ယာဉ်တင်ပို့မှုတွင် ကမ္ဘာ့အဆင့်(၂)နေရာတွင်ရောက်ရှိ

တရုတ်နိုင်ငံ၏ မော်တော်ယာဉ် တင်ပို့မှုမှာ ပြီးခဲ့သည့် စက်တင်ဘာလက အရှိန်အဟုန်ဖြင့် ဆက်လက်တည်ရှိနေခဲ့ပြီး နိုင်ငံသည် ကမ္ဘာ၏နံပတ် (၂) မော်တော်ယာဉ်တင်ပို့ရောင်းချမှု ထိပ်တန်းနိုင်ငံနေရာကို ခိုင်မာစေခဲ့ကြောင်း စက်တင်ဘာလတွင် တရုတ်နိုင်ငံ၏ ဆိပ်ကမ်းများမှ ကားအစီးရေ ၃၁၀,၀၀၀ တင်ပို့(ထွက်ခွာ)ခဲ့ကြောင်း (၁၁-၁၀-၂၂) ရက်နေ့တွင်ထုတ်ပြန်သော China Association of Automobile manufacturers ၏ အချက်အလက်များအရ သိရသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ အချက်အလက်များအရ ဩဂုတ်လတွင် စံချိန်တင်အမြင့် ဆုံးမှ ၂.၆ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ပြသခဲ့သော်လည်း မော်တော်ယာဉ်တင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ် ၇၄ ရာခိုင်နှုန်းနီးပါး တက်လာခဲ့ကြောင်း ပထမသုံးလပတ်အတွင်း စုစုပေါင်း တင်ပို့မှုမှာ အစီးရေ ၂ ဒသမ ၁၂ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၅၅ ရာခိုင်နှုန်း တိုးလာပြီး ၂၀၂၁ ခုနှစ်တွင် စုစုပေါင်းတင်ပို့မှုထက်ပိုမိုခဲ့ပြီး တရုတ်၏ မော်တော်ယာဉ်တင်ပို့မှုသည် ပထမနှစ်တွင် အစီးရေ ၂ သန်းအထိ ရှိလာခဲ့သည်။

တရုတ်နိုင်ငံသည် ဩဂုတ်လတွင် ကမ္ဘာ့ဒုတိယအကြီးဆုံး မော်တော်ယာဉ် တင်ပို့ရောင်းချသူအဖြစ် ဂျာမနီကိုကျော်တက်ခဲ့ပြီး ယခုအခါ ဂျပန်ပြီးလျှင် ဒုတိယဖြစ်သည်။ ယခုနှစ် ပထမရှစ်လအတွင်း တရုတ်နိုင်ငံမှ အစီးရေ ၁.၈၂ သန်းခန့် တင်ပို့ခဲ့သည်။

အလားတူကာလအတွင်း ဂျာမနီနိုင်ငံမှ တင်ပို့မှုမှာ အစီးရေ ၁.၆၆ သန်းရှိကြောင်း ဂျာမန် မော်တော်ယာဉ်စက်မှုလုပ်ငန်းအသင်းမှ သိရသည်။ တရုတ်ကားထုတ်လုပ်သူများသည် ၎င်းတို့၏ ကမ္ဘာ့ဈေးကွက်ရှာဖွေရေးတွင် ပြန်လည်အားဖြည့်နေကြကြောင်း စက်တင်ဘာလတွင် နိုင်ငံ၏ အကြီးဆုံး SUV နှင့် ပစ်ကပ် ထုတ်လုပ်သူ Great Wall Motors သည် နိုင်ငံရပ်ခြားတွင် ကားအစီးရေ ၁၈,၀၀၀ ကျော်ရောင်းချခဲ့ပြီး ယင်းသည်တစ်လအတွင်း ၎င်း၏စုစုပေါင်းရောင်းချရမှု၏ ငါးပုံတစ်ပုံရှိကြောင်းယခုနှစ်အထိ ပြည်ပသို့ အစီးရေ ၁၁၂,၀၀၀ ရောင်းချခဲ့ရပြီး တစ်နှစ်ထက်တစ်နှစ် ၁၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း လျှပ်စစ်မောတာအားရရှိရေးသည် ၎င်း၏မဏ္ဍိုင်များထဲမှ တစ်ခုဖြစ်ပြီး ၎င်း၏ Go-Global နည်းဗျူဟာကို အရှိန်မြှင့်လုပ်ဆောင်နေသည်ဟု ကားထုတ်လုပ်သူမှ ပြောကြားခဲ့သည်။

ဥပမာတစ်ခုကတော့ (၉-၁၀-၂၂)ရက်နေ့တွင် ထိုင်းဈေးကွက်တွင်း ဝင်ရောက်ခဲ့သော plug-in hybrid H6 SUV သည် မိနစ် ၄၀ ကြာမြင့်သည့် မိတ်ဆက်ပွဲအတွင်း ယင်းမော်ဒယ်အတွက် အမှာစာ ၁,၀၀၀ ကျော် ရရှိခဲ့ကြောင်း ကားထုတ်လုပ်သူမှ ပြောကြားခဲ့သည်။

Agribusiness & Trade

တရုတ်ခရီးသည်တင်ကားများအသင်း၏ အထွေထွေအတွင်းရေးမှူး Cui Dongshu က လျှပ်စစ်ကားများနှင့် plug-in hybrid များပါဝင်သော စွမ်းအင်သစ်သုံးကားများသည် တရုတ်နိုင်ငံ၏ မော်တော်ယာဉ်တင်ပို့မှု၏ မောင်းနှင်အား အသစ်တစ်ခုအဖြစ် ပေါ်ထွက်နေကြောင်း ပြောကြားခဲ့သည်။ ပထမသုံးလပတ်တွင် NEV တင်ပို့မှုသည် စုစုပေါင်းယူနစ် ၃၈၉,၀၀၀ ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလထက် နှစ်ဆဖြစ်ကြောင်း အဆိုပါယာဉ်များ၏ ထိပ်တန်းသုံးနေရာများမှာ ဘယ်လ်ဂျီယံ၊ ဖြိတိန်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း ဂျာမန် ကားအငှားကုမ္ပဏီ Sixt သည် တရုတ်နိုင်ငံ BYD မှ လျှပ်စစ်ကားအစီးရေ ၁၀၀,၀၀၀ ဝန်းကျင်ဝယ်ယူရန်အတွက် ယခုလအစောပိုင်းတွင် သဘောတူညီချက်တစ်ခု လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါဝယ်ယူမှုသည် ၂၀၂၈ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည်။ သဘောတူညီချက်၏ပထမအဆင့်တွင် BYD သည် Sixt သို့ EV ထောင်ပေါင်းများစွာကို ပို့ဆောင်ပေးမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ယခုနှစ် စတုတ္ထသုံးလပတ်တွင် စတင်ရောင်းချနိုင်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံ၏ အကြီးဆုံးကားထုတ်လုပ်သူ SAIC Motor သည် စက်တင်ဘာလတွင် ကားအစီးရေ ၉၉,၀၀၀ တင်ပို့ခဲ့ကြောင်း ၎င်းတို့အထဲမှ MG4 EV ၁၀,၀၀၀ သည် ဥရောပသို့ တင်ပို့ရန်ဖြစ်ပြီး နိုင်ငံအသီးသီးရှိ ကားအရည်အသွေး စံချိန်စံညွှန်းအသစ်များအပေါ် အခြေခံထုတ်လုပ်ပေးကြောင်း တရုတ်နှင့် ဖြိတိသျှအသင်းများ၏ ကြိုးစားမှုရလဒ်များဖြစ်ကြောင်း စတုတ္ထသုံးလပတ်တွင် နိုင်ငံပေါင်း ၂၀ ခန့်တွင် စတင်ရောင်းချမည်ဖြစ်ကြောင်း အဆိုပါမော်ဒယ်သည် ၎င်း၏ တစ်နှစ်တာရောင်းအား အစီးရေ ၁၀၀,၀၀၀ အထိရောက်ရှိနိုင်သည့် ၎င်း၏ ပထမဆုံးပြည်ပဈေးကွက်အဖြစ် ဥရောပတွင် ကြီးထွားလာစေရန် ကူညီပေးမည်ဖြစ်ကြောင်း ကားထုတ်လုပ်သူမှ ပြောကြားခဲ့ကြောင်း SAIC သည် ၎င်း၏ရည်မှန်းချက်တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ဥရောပ၌ အနည်းဆုံး NEVs အစီးရေ ၂၄၀,၀၀၀ ရောင်းချရန် ရည်မှန်းထားပြီး ထိုနှစ်တွင်ပင် နိုင်ငံရပ်ခြားဈေးကွက်များသို့ ကားအစီးရေ ၁.၅ သန်း ပို့ဆောင်ရန် ရည်မှန်းထားကြောင်း ပထမသုံးလပတ်တွင် တရုတ်နိုင်ငံပြင်ပတွင် အလုံးရေ ၆၈၈,၀၀၀ ရောင်းချခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅၆ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ကြောင်း ဖေါ်ပြထားပါသည်။

ရင်းမြစ် [China at No 2 in vehicle exports in Sept – Chinadaily.com.cn]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……

Agribusiness & Trade

တရုတ်နိုင်ငံ၏ ဝန်ဆောင်မှု တင်သွင်းမှုနှင့် ပို့ကုန်တန်ဖိုး မြင့်တက်လာ

တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုကုန်သွယ်မှုတန်ဖိုးသည် ယခုနှစ် ပထမ ရှစ်လတာကာလအတွင်း ယွမ် ၃.၉၄ ထရီလီယံ (ဒေါ်လာ ၅၅၀ ဘီလီယံ) ဝန်းကျင်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၀.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း တရုတ်နိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက (၁၀-၁၁-၂၂) ရက်နေ့တွင် ပြောကြားခဲ့ကြောင်း ယင်းကာလအတွင်း ဝန်ဆောင်မှုတင်ပို့မှုမှာ ယွမ် ၁.၉၁ ထရီလီယံရှိခဲ့သော လွန်ခဲ့သည့်နှစ်ကထက် ၂၃.၁ ရာခိုင်နှုန်းတိုးလာပြီး သွင်းကုန် ယွမ် ၂.၀၃ ထရီလီယံ အရ နှစ်စဉ် ၁၇.၉ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း ဝန်ဆောင်မှုတင်ပို့မှု ကြီးထွားမှုနှုန်းသည် သွင်းကုန်ထက် ၅.၂ ရာခိုင်နှုန်း မြင့်မားခဲ့ပြီး ယွမ် ၁၂၁.၀၈ ဘီလီယံတန်ဖိုးရှိ ဝန်ဆောင်မှုကုန်သွယ်မှုလိုငွေမှာ ယခုနှစ်အတွင်း တစ်နှစ်ထက်တစ်နှစ် ၂၉.၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

သြဂုတ်လတစ်လတည်းတွင် တရုတ်နိုင်ငံ၏ ပို့ကုန်နှင့် သွင်းကုန် ပေါင်းစပ်ဝန်ဆောင်မှုများ တန်ဖိုးမှာ ယွမ် ၅၄၃.၇၉ ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဇန်နဝါရီမှ သြဂုတ်လအတွင်း ဝန်ဆောင်မှုလုပ်ငန်းများတွင် အသိပညာအလေးပေးသော ဝန်ဆောင်မှုကုန်သွယ်မှု Knowledge-intensive trade in services သည် တဖြည်းဖြည်းကြီးထွားလာခဲ့သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အသိပညာအလေးပေးသော ဝန်ဆောင်မှုများတွင် ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၁၁.၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယွမ်ငွေ ၁ ဒသမ ၆၄ ထရီလီယံအထိ ရှိခဲ့ကြောင်း အသိပညာအထူးပြု ဝန်ဆောင်မှုများ တင်ပို့မှုမှာ ယွမ် ၉၂၉ ဒသမ ၇၉ ဘီလီယံရှိပြီး နှစ်စဉ် ၁၅.၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဥာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ပို့ကုန်တိုးတက်မှု၊ ဆက်သွယ်ရေးကွန်ပြူတာများနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုများသည် ၂၄ ရာခိုင်နှုန်းနှင့် ၁၈ ဒသမ ၄ ရာခိုင်နှုန်းအသီးသီးရှိပြီး အခြားစွမ်းဆောင်ရည်ထက် သာလွန်ကြောင်း အသိပညာ အထူးပြုဝန်ဆောင်မှုများ တင်သွင်းမှုပမာဏသည် ယွမ် ၇၁၃ ဒသမ ၄၈ ဘီလီယံရှိပြီး နှစ်စဉ် ၆ ဒသမ ၂ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း ယင်းတို့အနက် အာမခံဝန်ဆောင်မှု တင်သွင်းမှုသည် တစ်နှစ်ထက်တစ်နှစ်တိုးတက်မှုနှုန်း ၆၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အလျင်မြန်ဆုံး တိုးတက်လာခဲ့ကြောင်း ခရီးသွားဝန်ဆောင်မှု ကုန်သွယ်မှုတွင် ယခုနှစ် ပထမ ရှစ်လအတွင်း ယွမ် ၅၄၂ ဒသမ ၆၆ ဘီလီယံအထိ ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်ကထက် ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း ခရီးသွားဝန်ဆောင်မှုများ မပါဝင်ပါက တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းမှာ တစ်နှစ်လျှင် ၂၂ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း ၂၀၁၉ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ယခုနှစ် ပထမ ရှစ်လတာကာလအတွင်း ဝန်ဆောင်မှု တင်သွင်းမှုနှင့် ပို့ကုန်များ ၅၁ ဒသမ ၉ ရာခိုင်နှုန်း

AgriBusiness & Trade

တိုးတက်ခဲ့ရာ ပို့ကုန် ၆၇ ဒသမ ၈ ရာခိုင်နှုန်း တိုးလာပြီး ခရီးသွားဝန်ဆောင်မှုများ မပါဝင်ပါက သွင်းကုန် ၃၆ ရာခိုင်နှုန်း တိုးလာပါသည်။

ရင်းမြစ် China's service imports and exports rise in value – Chinadaily.com.cn
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

.....

ဂျာမနီနိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးအခြေအနေ

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် Federal Statistical Office (Destatis) ၏ စာရင်းများအရ ငွေကြေးဖောင်းပွမှုနှုန်း (၁၀) ရာခိုင်နှုန်းထိရောက်ရှိခဲ့ပြီး သြဂုတ်လထက် (၁.၉) ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့သည်။ စွမ်းအင်ကဏ္ဍစျေးနှုန်းများကို ထည့်သွင်းတွက်ချက်ခြင်းမပြုပါက ငွေကြေးဖောင်းပွမှုနှုန်းသည်(၆) ရာခိုင်နှုန်းတွင် ရှိနေပါသည်။ စွမ်းအင်ကဏ္ဍစျေးနှုန်းများသည် စက်တင်ဘာလတွင် သြဂုတ်လထက်(၄၃.၉) ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ အိမ်ထောင်စုများမှသုံးစွဲသော အပူပေးဓါတ်ငွေ့၊ လောင်စာစွမ်းအင်နှင့် လျှပ်စစ်ဓါတ်အားစျေးနှုန်းများအသီးသီးမြင့်တက်ခဲ့မှုကြောင့်ဖြစ်ကြောင်း၊ စားသောက်ကုန်ကဏ္ဍတွင် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ စျေးနှုန်းများ တစ်ဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ၂၀၂၁ ခုနှစ် ကာလတူထက် (၁၈.၇)ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ပြီး အခြားကုန်စည်စျေးနှုန်းများက (၁၇.၂) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍက (၃.၆) ရာခိုင်နှုန်းအသီးသီးမြင့်တက်ခဲ့ပါသည်။ အလုပ်အကိုင်ရရှိမှုအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ (လုပ်သား ဦးရေ ၅၀ နှင့်အထက်လုပ်ငန်းများ) တွင် အလုပ်အကိုင်ခန့်ထားလုပ်ကိုင်မှုများမှာ ၂၀၂၂ ခုနှစ် သြဂုတ်လတွင် (၅.၅)သန်းခန့်ရှိပြီး ၂၀၂၁ ခုနှစ် ကာလတူထက် ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ခရီး**သွားလာတည်းခိုမှုများနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ၏ဝင်ငွေသည် ယခင်နှစ်ကာလတူထက် (၁၆.၉) ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း ဧရိယာ(ဝ.၆)ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း တွေ့ရှိ**ရပါသည်။

ဂျာမနီနိုင်ငံစီးပွားရေးကို ၂၀၂၃ ခုနှစ်တွင် ကျဆင်းလာရန် ခန့်မှန်းမှုများရှိနေပြီး ဖက်ဒရယ်စီးပွားရေးဝန်ကြီးဌာနက စီးပွားရေးတိုးတက်မှုနှုန်းကို ယခုနှစ်အတွက် ၁.၄ ရာခိုင်နှုန်းနှင့် ရှေ့နှစ်အတွက် ၀.၄ ရာခိုင်နှုန်းရရှိရန် ခန့်မှန်းထားရှိရာ ယခုနှစ် ဧပြီလအတွင်းက မူလခန့်မှန်းထားရှိသည့် ၂.၂ ရာခိုင်နှုန်းနှင့် ၂.၅ ရာခိုင်နှုန်းတို့ထက် လျော့နည်းခန့်မှန်းထားခြင်းဖြစ်ပါသည်။

စီးပွားရေးကျဆင်းမှုအတွက် ဖယ်ဒရယ်အစိုးရအနေဖြင့် တုန့်ပြန်ဆောင်ရွက်မည့်နည်းလမ်းများ၊ Relief Packages အစီအစဉ်များ (grants and tax cuts)ကို စောင့်ကြည့်မျှော်လင့်လျှက်ရှိကြပါသည်။

ကုန်သွယ်မှုအခြေအနေ

ကုန်သွယ်မှုပိုင်းအနေဖြင့် ၂၀၂၂ ခုနှစ်သြဂုတ်လတွင် Federal Statistical Office (Destatis) ၏ စာရင်းထုတ်ပြန်ချက်အရ ဂျာမနီနိုင်ငံသည် ပို့ကုန်တန်ဘိုးစုစုပေါင်း ယူရို (၁၂၈.၇) ဘီလီယံရှိခဲ့ပြီး ၂၀၂၁ ခုနှစ်ကာလတူထက် (၂၃.၁)ရာခိုင်နှုန်းပိုမိုတိုးတက်မှုရှိခဲ့ပါသည်။ အမေရိကန်နိုင်ငံသည်အဓိက ပို့ကုန်စျေးကွက်ဖြစ်ပြီး သြဂုတ်လကထက် (၄၂)ရာခိုင်နှုန်းပိုမိုတိုးတက်တင်ပို့နိုင်ခဲ့ပြီး အများဆုံးတင်ပို့ကုန်များမှာ မော်တော်ကား၊ နောက်တွဲယာဉ်များဖြစ်ကာ အခြားအများဆုံးတင်ပို့ခဲ့သည့်နိုင်ငံများမှာ ပြင်သစ်နှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ကြပါသည်။ သွင်းကုန်တန်ဘိုးအနေဖြင့် ၂၀၂၂ ခုနှစ် သြဂုတ်လတွင်ယူရို(၁၂၈.၄) ဘီလီယံရှိခဲ့ရာ ၂၀၂၁ ခုနှစ်ကာလတူထက် (၃၈.၁)ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပြီး တရုတ်နိုင်ငံသည် ယူရို (၁၅.၉)ဘီလီယံဖြင့် အဓိကသွင်းကုန်တင်သွင်းသူ ဖြစ်ခဲ့ပါသည်။ ရုရှားနိုင်ငံမှ ရေနံနှင့်ဓါတ်ငွေ့တင်သွင်းမှုများ လျော့ကျခဲ့ပြီး သြဂုတ်လသွင်းကုန်မှာ ၂၀၂၁ ခုနှစ် ကာလတူထက် (၅၉.၄)ရာခိုင်နှုန်းလျော့နည်း၍ ယူရို(၂.၇) ဘီလီယံရှိခဲ့ပြီး ပို့ကုန်မှာ ယူရို (၁.၂)ဘီလီယံ ရှိခဲ့ခြင်းကြောင့် သွင်းကုန်လျော့ကျမှုရှိလာသော်လည်း လက်ရှိအခြေအနေတွင် ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုတွင် သွင်းကုန်ကပို့ကုန်ထက်များနေဆဲဖြစ်သည်။ အမေရိကန်နိုင်ငံနှင့်မူ ပို့ကုန် အသာစီးရရှိပြီး သြဂုတ်လတွင် နှစ်နိုင်ငံကုန်သွယ်မှုမှ ပို့ကုန်ပိုငွေ ယူရို(၄.၉) ဘီလီယံရှိခဲ့ပါသည်။ စုစုပေါင်း ကုန်သွယ်မှုအနေဖြင့် ဂျာမနီနိုင်ငံတွင် သြဂုတ်လ၌ ကုန်သွယ်မှုပိုငွေ ယူရို(၀.၃)ဘီလီယံရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူတွင် ပိုငွေ (၁၁.၆) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံနှင့်ကုန်သွယ်မှု

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ်သြဂုတ်လ၌ မြန်မာနိုင်ငံသို့ ပို့ကုန် ယူရို (၅.၂၄၈) သန်း (အမေရိကန်ဒေါ်လာ ၅.၃၁၄ သန်း) နှင့် သွင်းကုန် ယူရို (၁၄၉.၃၁၃)သန်း(အမေရိကန်ဒေါ်လာ ၁၅၁.၂၂၉ သန်း)ရှိခဲ့ကြောင်း Federal Statistical Office (Destatis)၏ စာရင်းများအရ လေ့လာတွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ပို့ကုန် အမေရိကန်ဒေါ်လာ (၅.၄၆၈)သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ (၁၁၃.၇၈)သန်းနှင့် နှိုင်းယှဉ်လျှင် CMP အထည်ချုပ်လုပ်ငန်းများတင်သွင်းမှုပိုမိုများပြားလာပြီး အီလက်ထရောနစ် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ပရိဘောဂများ၊ ရော်ဘာ၊

ပလပ်စတစ်၊ အထွေထွေ အသုံးအဆောင်များ စသည့်ပစ္စည်းများကိုလည်း ပိုမိုတင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

Source:https://www.dw.com/en/economy-recession-rears-its-ugly-head-in-germany/a-63444401https://www.destatis.de/EN/Press/2022/10/PE22_439_51.html https://www.destatis.de/EN/Press/2022/10/PE22_438_611.html

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

ပြင်သစ်နိုင်ငံက ဂျာမနီနိုင်ငံသို့ ဓါတ်ငွေ့များစတင်ပို့ဆောင်ခြင်း

ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ကနဦးဆွေးနွေးသဘောတူညီချက်များအရ နှစ်နိုင်ငံအကြား ဓါတ်ငွေ့ပိုက်လိုင်းမှတဆင့် ဂျာမနီနိုင်ငံက ပြင်သစ်နိုင်ငံသို့ သဘာဝဓါတ်ငွေ့ပေးဝေရန် သဘောတူညီမှုရှိခဲ့ကြပါသည်။ ယခုအခါ ပြင်သစ်နိုင်ငံသမ္မတ Mr.Emmanuel Macronနှင့် ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် Mr.Olaf Scholz တို့သည် စက်တင်ဘာလအတွင်းက စွမ်းအင်ကဏ္ဍ အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုသဘောတူညီမှုတစ်ခုကို ဆွေးနွေးရရှိခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းမှုများအရ မူလအစီအစဉ်ကို ပြန်လည် ပြင်ဆင်၍ ပိုက်လိုင်းအတွင်း နည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပြီး ပြင်သစ်နိုင်ငံ ဘက်ကစတင်၍ ပထမဦးဆုံးအကြိမ်အဖြစ် ဂျာမနီနိုင်ငံဘက်သို့ ၁၃.၁၀.၂၀၂၂ ရက်နေ့တွင် ဓါတ်ငွေ့စတင်ပို့ဆောင်ခဲ့ပါသည်။

ဥရောပဓါတ်ငွေ့ပေးဝေမှုဦးဆောင်ကုမ္ပဏီကြီးဖြစ်သည့် GRTgaz က ပြင်သစ်နိုင်ငံအနေဖြင့် အီးယူဒေသတွင်း အကျပ်အတည်းကြုံတွေ့နေရချိန်တွင် အိမ်နီးချင်းနိုင်ငံအချင်းချင်းပေါင်းစည်းညီညွတ်မှုကို ဓါတ်ငွေ့တိုက်ရိုက်ပို့ဆောင်ခြင်းဖြင့် ပြသလိုက်ခြင်းဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ပြင်သစ်နိုင်ငံသမ္မတ Mr.Emmanuel Macron ကလည်း မိမိတို့ အီးယူနိုင်ငံအချင်းချင်း ညီညွတ်မှုမရှိလျှင် ကြီးမားသည့်အခက်အခဲ ဆုံးရှုံးမှုများနှင့် တွေ့ကြုံရနိုင်ကြောင်း ပြောဆိုခဲ့ပါသည်။

ပြင်သစ်နိုင်ငံသည် မူလကပင် ရုရှားနိုင်ငံမှစွမ်းအင်တင်သွင်းမှုအပေါ် ဂျာမနီနိုင်ငံကဲ့သို့ များစွာ မှီခိုခဲ့ခြင်းမရှိသော်လည်း နိုင်ငံတွင်းရှိ နျူကလီးယားဓါတ်ပေါင်းဖို(nuclear reactors)

(၅၆) ခု၏ ထက်ဝက်ခန့်သည် ပြုပြင်ထိန်းသိမ်းမှု သို့မဟုတ် လုံခြုံရေးအရစစ်ဆေးမှုများပြုလုပ်နေသည့် အခြေအနေတွင် ရှိနေပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် ပြင်သစ်နိုင်ငံမှဓါတ်ငွေ့ပို့ဆောင်မှုဖြင့် လျှပ်စစ်ဓါတ်အားထုတ်ယူရရှိနိုင်ပြီး ပြင်သစ်နိုင်ငံ ပါဝါဂရစ်လိုင်းများဘက်သို့လည်း ပြန်လည်ပို့ဆောင်နိုင်ရန် စီစဉ်ထားရှိပါသည်။ အဆိုပါလျှပ်စစ်ဓါတ်အားကို ဂျာမနီနိုင်ငံအနောက်တောင်ပိုင်းနယ်စပ်ဒေသကို ဖြတ်သန်း၍ တစ်နေ့လျှင် (၃၁) gigawatt-hours စီးဆင်းပို့ဆောင်နိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓါတ်အား အများဆုံးထုတ်လုပ်နိုင်စွမ်းအားမှာ တစ်နေ့လျှင် (၁၀၀) gigawatt-hours ဖြစ်ကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/france-starts-sending-natural-gas-directly-to-germany/a-63425604

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

……

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

အီတလီနိုင်ငံ၊ ရောမမြို့အခြေစိုက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(Food and Agriculture Organization- FAO) မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွက် စာနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (FAO Food price Index-FFPI) သည် သြဂုတ်လထက် ၁.၅ မှတ်(၁.၁ ရာခိုင်နှုန်း) ကျဆင်းခဲ့ပြီး၊ ပျမ်းမျှ ၁၃၆.၃ မှတ်ရှိခဲ့ရာ ဆဋ္ဌမမြောက်လအနေဖြင့်ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း FFPI ညွှန်းကိန်းကျဆင်းမှုသည် နိုင်ငံတကာဟင်းရွက်ဆီဈေးနှုန်းသိသိသာသာကျဆင်းခဲ့မှုနှင့် သကြား၊ အသားနှင့် နို့ထွက်ပစ္စည်းဈေးနှုန်းများအသင့်အတင့်ကျဆင်းခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ နှံစားသီးနှံဈေးနှုန်းညွှန်းကိန်း (Cereal Price Index) မှာ စက်တင်ဘာလတွင် ပျမ်းမျှ ၁၄၇.၃ မှတ်ရှိခဲ့ပြီး သြဂုတ်လထက် ၂.၂ မှတ် (၁.၅ ရာခိုင်နှုန်း) မြင့်တက်ခဲ့ကြောင်း၊ နိုဝင်ဘာလနောက်ပိုင်းတွင် ပင်လယ်နက်ဆိပ်ကမ်းများမှ အစေ့အဆံများတင်ပို့ရန် သေချာမှုမရှိခြင်းနှင့် ယူကရိန်းပို့ကုန်များအပေါ် သက်ရောက်နိုင်မှုအလားအလာမြင့်မားနေခြင်းတို့ကြောင့် နိုင်ငံတကာဂျုံဈေးနှုန်းမှာလည်း ၂.၂ ရာခိုင်နှုန်း ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

စက်တင်ဘာလတွင် နိုင်ငံတကာဆန်ကြမ်းဈေးနှုန်းသည် ၀.၄ ရာခိုင်နှုန်းနှင့် ပြောင်းဆံဈေးနှုန်းသည် ၀.၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ သြစတြေးလျှနှင့် ရုရှားနိုင်ငံတို့တွင် နှံစားသီးနှံ

ဖြစ်ထွန်းမှု အလားအလာကောင်းများ ရှိနေခြင်းကြောင့် နိုင်ငံတကာဘာလီစျေးနှုန်းသည်လည်း ၃.၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အမေရိကန်တွင်နှံစားသီးနှံများ ဖြစ်ထွန်းမှုကျဆင်းခဲ့သည့် အတွက် နှံစားပြောင်းစျေးနှုန်းမှာ ၁၃.၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ဟင်းသီးဟင်းရွက်ဆီစျေး နှုန်းညွှန်းကိန်း(Vegetable Oil Price Index) မှာ ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလကတည်းက အနိမ့်ဆုံး အမှတ်သို့ကျဆင်းခဲ့ရာ စက်တင်ဘာလတွင် ပျမ်းမျှ ၁၅၂.၆ မှတ်ရှိခဲ့ပြီး တစ်လချင်းအလိုက် ၁၀.၈ မှတ် (၆.၆ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ ယင်းသို့ ညွှန်းကိန်းဆက်လက်ကျဆင်းခဲ့ခြင်းသည် စားအုန်းဆီ၊ ပဲပိစပ်စပ်ဆီ၊ နေကြာဆီနှင့် မုန်ညင်းဆီစျေးနှုန်း ကျဆင်းခဲ့ခြင်းနှင့် အထူးသဖြင့် ကမ္ဘာ့စျေးကွက်တွင် စားအုန်းဆီစျေးနှုန်းကျဆင်းခဲ့မှုမှာ အရှေ့တောင်အာရှနိုင်ငံများတွင် ရာသီအ လိုက် ဆီထုတ်လုပ်မှုမြင့်တက်မှုနှင့် ဆီအများအပြားသိုလှောင်ထားရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

နို့ထွက်ပစ္စည်းများ၏ စျေးနှုန်း ညွှန်းကိန်း (Dairy Price Index) မှာ စက်တင်ဘာလတွင် ပျမ်းမျှ ၁၄၂.၅ မှတ်ရှိခဲ့ပြီး သြဂုတ်လထက် ၀.၈ မှတ် (၀.၆ ရာခိုင်နှုန်း)ကျဆင်းခဲ့ကြောင်း၊ သိုရာတွင် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၂၄.၄ မှတ် (၂၀.၇ ရာခိုင်နှုန်း) မြင့်တက်နေ သေးကြောင်း၊ ကမ္ဘာ့စျေးကွက်တွင် နို့ထွက်ပစ္စည်းများစျေးနှုန်းသည်လည်း အသင့်အတင့်ကျဆင်း ခဲ့ကြောင်း၊ အသားစျေးနှုန်းညွှန်းကိန်း (Meat Price Index)သည် စက်တင်ဘာလတွင် ပျမ်းမျှ ၁၂၁.၄ မှတ်ရှိခဲ့ပြီး သြဂုတ်လထက် ၀.၆ မှတ် (၀.၅ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ ငွေကြေးအတက်အကျများ၏ သက်ရောက်မှုများနှင့် ဘရာဇီးနိုင်ငံမှ အမဲသားအဓိကတင်ပို့မှုမြင့် တက်ခဲ့မှုတို့ကြောင့် ကမ္ဘာ့စျေးကွက်တွင် အမဲသားစျေးနှုန်း ကျဆင်းမှုကြမ်းခဲ့ကြောင်း၊ သို့ရာတွင် ဥရောပသမဂ္ဂနိုင်ငံများတွင် ဝက်ကောင်ရေတင်ပို့မှု ကျဆင်းခဲ့ခြင်းကြောင့် နိုင်ငံတကာဝက်သား စျေးနှုန်းမှာ အတက်ဘက်တွင်ရှိခဲ့ကြောင်း၊ သကြားစျေးနှုန်းညွှန်းကိန်း (Sugar Price Index) မှာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လကတည်းက အနိမ့်ဆုံးအမှတ်သို့ ရောက်ရှိခဲ့ရာ စက်တင်ဘာလတွင် ပျမ်းမျှ ၁၀၉.၇ မှတ်ရှိခဲ့ပြီး သြဂုတ်လထက် ၀.၈ မှတ် (၀.၇ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း၊ သကြား အများဆုံး တင်ပို့သည့် ဘရာဇီးလ်နိုင်ငံတွင် သကြားထုတ်လုပ်မှု အလားအလာကောင်းများနှင့် အီသနောစျေးနှုန်းကျဆင်းခြင်းကြောင့် သကြားထုတ်လုပ်ရန် ကြံအသုံးပြုမှုပိုမိုများပြားလာခြင်း သည် သကြားစျေးနှုန်းကျဆင်းမှုနှင့်ဆက်စပ်နေကြောင်း သိရှိရပါသည်။

မြန်မာသံရုံး

ရောမမြို့

……

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၄၂ / ၂၀၂၂) ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၂၇) ရက်

၂၇-၁၀-၂၀၂၂	
ငွေကြေး အမျိုးအစား	ငွေလဲလှယ်နှုန်း (ကျပ်)
ဒေါ်လာ	၂၁၀၀.၀
ယူရို	၂၁၀၈.၄
စက်ဘူဒေါ်လာ	၁၄၉၀.၁
စတာလင်ပေါင်	၂၄၂၈.၄
ဂျပန်ယန်း (၁၀၀)	၁၄၃၄.၆
တရုတ်ယွမ်	၂၉၀.၁၈
ဟောင်ကောင် ဒေါ်လာ	၂၆၇.၅၅
အိန္ဒိယရူပီး	၂၅.၄၆၃
ကိုရီးယားဝမ် (၁၀၀)	၁၄၇.၇၁
မလေးရှား ရင်းဂစ်	၄၄၅.၃၉
ဖိလစ်ပိုင်ပီဆို	၃၅.၉၉၅
ထိုင်းဘတ်	၅၅.၄၈၉
ဗီယက်နမ်ဒေါင် (၁၀၀)	၈.၄၅၂၄

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်ဈေးကွက်အတွက် ထုပ်ပိုးမှုပြုပြင်ထားသည့် ထိုင်းအုန်းသီးအမယ်သစ်အား ဝယ်လိုအား ပိုမိုမြင့်မားလာ

➢ အိန္ဒိယစားသုံးသူရေးရာဌာနက တင်သွင်းလာသော ပဲစဉ်းငုံများအတွက် ပုံသေဈေးနှုန်းများကို အောက်တိုဘာလ ၁၈ ရက်နေ့မှ စတင်သတ်မှတ်လိုက်ပြီဖြစ်

- **အထွေထွေသတင်းများ**

➢ တရုတ်နိုင်ငံ၏ အစားအသောက် လုပ်ငန်းအချို့တွင် အစားအသောက်ဘေးကင်းရေးအရာရှိများကို ခန့်အပ်ရန် လိုအပ်ချက်နိုးဆော်

➢ တရုတ်နိုင်ငံ၏ ဆေးဝါး အီး-မှတ်ပုံတင်လက်မှတ်များကို နိုဝင်ဘာလမှ စတင်ထုတ်ပေးမည်ဖြစ်

➢ တရုတ်နိုင်ငံ၏ အစားအသောက် အရည်အသွေးနှင့် ဘေးကင်းရေးဆိုင်ရာ စည်းမျဉ်းများ၂၀၂၃ ခုနှစ် မတ်လတွင် စတင်အသက်ဝင်မည်

➢ တရုတ်နိုင်ငံ၏ CCC စီမံခန့်ခွဲမှုတွင် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ထုတ်ကုန် အမျိုးအစားကိုးမျိုး မပါဝင်တော့ကြောင်းထုတ်ပြန်

➢ တရုတ်နိုင်ငံ၏ ဥဏှာပစ္စည်းမူပိုင်ခွင့် တရားစီရင်ရေးဆိုင်ရာ အကာအကွယ်တိုးမြှင့်

➢ တရုတ်နိုင်ငံသည် တန်ဖိုး-မြှင့်တင်ထုတ်လုပ်မှုတွင် ကမ္ဘာလုံးဆိုင်ရာ ပထမအဆင့်ဖြစ်

- တရုတ်နိုင်ငံ၏ အစားအသောက်ပေးပို့သော အော်ပရေတာများက စားသုံးသူများအကြောင်း ပိုမိုသိရှိ
- အီးယူဒေသတွင်း စွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း
- ဂျာမန်လွှတ်တော်က စွမ်းအင်ဆိုင်ရာထောက်ပံ့မှုအစီအစဉ်ကို အတည်ပြုခြင်း
- ဂျာမနီနိုင်ငံရှိ စားသောက်ကုန်လုပ်ငန်းများ အခြေအနေ

တရုတ်စျေးကွက်အတွက် ထုပ်ပိုးမှုပြုပြင်ထားသည့် ထိုင်းအုန်းသီးအမယ်သစ်အား ဝယ်လိုအား ပိုမိုမြင့်မားလာ

စက္ကူပုံးသေတ္တာများတွင် ထည့်သွင်းထုပ်ပိုးလေ့ရှိသော စိန်ပုံသဏ္ဌာန်ဖြတ်ထားသည့် လတ်ဆတ်အုန်းသီးများနှင့် နှိုင်းယှဉ်ပါက စက္ကူပုံးအစား ပိုက်ကွန်အိတ်ကို အသုံးပြုထားကာ ပိုမိုပါးလွှာအောင် အခွံသင်ထုတ်လုပ်ထားသည့် လတ်ဆတ်အုန်းသီးအား တရုတ်နိုင်ငံမှ ဝယ်လိုအား ပိုမိုရှိလာသည်ဟု သိရပါသည်။ ၎င်းထုပ်ပိုးမှုပုံစံအသစ်မှာ ပုံမှန်စိန်ပုံစံ အုန်းသီးထက် စျေးနှုန်း ၂၀% မှ ၃၀% ကြား ပိုမိုသက်သာပါသည်။ ထို့ပြင် ပေ ၂၀ ကုန် သေတ္တာတစ်လုံးလျှင် ယခင်က အလုံးရေ ၁၉,၀၀၀ သာ ထည့်သွင်းနိုင်ခဲ့ရာမှ ယခုအခါ အလုံးရေ ၂၄,၀၀၀ ထည့်သွင်းနိုင်ကာ၊ ပြုပြင်ထုတ်လုပ်သယ်ဆောင်သည့်စရိတ်များကို သက်သာစေကြောင်းနှင့် ပုံသဏ္ဌာန်အသစ်၏ အားနည်းချက်မှာ ပုံးသေတ္တာထဲတွင် ထည့်ထားလျှင် အလွယ်တကူပျက်စီးနိုင်ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Tridge
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

.....

အိန္ဒိယစားသုံးသူရေးရာဌာနက တင်သွင်းလာသော ပဲစဉ်းငုံများအတွက် ပုံသေစျေးနှုန်းများကို အောက်တိုဘာလ ၁၈ ရက်နေ့မှ စတင်သတ်မှတ်လိုက်ပြီဖြစ်

အိန္ဒိယအစိုးရ၊ စားသုံးသူရေးရာဦးစီးဌာနသည် ပြည်ပမှ တင်သွင်းလာသော ပဲစဉ်းငုံများ အားလုံးအတွက် ပုံသေအခြေခံစျေးနှုန်းကို သတ်မှတ်လိုက်ပြီး၊ ၎င်းမှာ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်မှ စတင်အသက်ဝင်ပြီ ဖြစ်ပါသည်။ အာဖရိကပင်ရင်းဖြစ်သော ပဲစဉ်းငုံများ အတွက် အခြေခံစျေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၂၆.၂၀ ဒေါ်လာဖြစ်ကာ မာလာဝီ၊ မိုဇမ်ဘစ်နှင့် တန်ဇနီးနီးယားနိုင်ငံတို့အပေါ် ကျင့်သုံးမည်ဖြစ်ပါသည်။ အာဖရိက ပြင်ပနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံကဲ့သို့နိုင်ငံများ၌ တင်သွင်းလာသည့်အပေါ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၆၅.၇၀ ဒေါ်လာ သတ်မှတ်ထားကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ Tridge
ဒေါက်တာရွှေစင်ကို
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

Agriculture & Trade

တရုတ်နိုင်ငံ၏ အစားအသောက် လုပ်ငန်းအချို့တွင် အစားအသောက် ဘေးကင်းရေး အရာရှိများ ကို ခန့်အပ်ရန် လိုအပ်ချက်နိုးဆော်

တရုတ်နိုင်ငံတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှ စတင်၍ အစားအသောက် ထုတ်လုပ်ခြင်းနှင့် ကိုင်တွယ်ခြင်းအဆင့်များ ပါဝင်သည့် အစားအသောက်လုပ်ငန်းများသည် ၎င်းတို့၏ အတိုင်းအတာနှင့် အန္တရာယ်အဆင့်များနှင့်အညီ အစားအသောက်ဘေးကင်းရေး စီမံခန့်ခွဲမှုဝန်ထမ်းများကို ခန့်အပ်ရမည်ဖြစ်ကြောင်းနှင့် အဓိကတာဝန်ရှိပုဂ္ဂိုလ်များ၏ တာဝန်များကို ရှင်းလင်းပြတ်သားစွာ ဆောင်ရွက်ရန်ဖြစ်ကြောင်း နိုးဆော်ထားပါသည်။

ရင်းမြစ် Food Enterprises Required to Employ Food Safety Officers from November | HKTDC Research

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……

တရုတ်နိုင်ငံ၏ ဆေးဝါး အီး-မှတ်ပုံတင်လက်မှတ်များကို နိုဝင်ဘာလမှ စတင်ထုတ်ပေးမည်ဖြစ်

တရုတ်နိုင်ငံ၊ အမျိုးသားဆေးဘက်ဆိုင်ရာထုတ်ကုန်များစီမံခန့်ခွဲရေးအဖွဲ့ National Medical Products Administration သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်၍ ဆေးဝါးများအတွက် အီးမှတ်ပုံတင်လက်မှတ်များ E-Registration ကို စတင်ထုတ်ပေးမည်ဖြစ်ကြောင်း ၎င်းတို့တွင် ဆေးဘက်ဆိုင်ရာ စမ်းသပ်ခွင့်ပြုချက် လက်မှတ်များ၊ ဈေးကွက်ရှာဖွေရေးခွင့်ပြုချက် လက်မှတ်များ၊ ပြန်လည်မှတ်ပုံတင်ခြင်း လက်မှတ်များ၊ ဖြည့်စွက်လျှောက်လွှာတင် ခွင့်ပြုချက် လက်မှတ်များ၊ တရုတ်တိုင်းရင်းဆေး အကာအကွယ်လက်မှတ်များနှင့် တင်သွင်းကုန်ကြမ်း ပါဝင်ပစ္စည်းများနှင့် ဓာတုကုန်ကြမ်းများ ပါဝင်ကြောင်းနှင့် သက်သေခံလက်မှတ်များကို အွန်လိုင်းတွင် စစ်ဆေးနိုင်ကြောင်း သိရှိရပါသည်။

ရင်းမြစ် China to Start Issuing E-Registration Certificates for Drugs from November | HKTDC Research

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……

Agribusiness & Trade

တရုတ်နိုင်ငံ၏ အစားအသောက် အရည်အသွေးနှင့် ဘေးကင်းရေးဆိုင်ရာ စည်းမျဉ်းများ ၂၀၂၃ ခုနှစ် မတ်လတွင် စတင်အသက်ဝင်မည်

တရုတ်နိုင်ငံ၊ နိုင်ငံတော်စျေးကွက်အုပ်ချုပ်ရေး State Administration for Market Regulation ၏ အစားအသောက်နှင့် ယင်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ကြားဖြတ်အစီအမံအသစ်များသည် (၁-၃-၂၀၂၃) ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း အဆိုပါစည်းမျဉ်းသစ်သည် စားသောက်ကုန်ဘေးကင်းရေးနှင့် စပ်လျဉ်းသည့်လုပ်ငန်းများ၏ တာဝန်ဝတ္တရားများကို ကျေပွန်စေရန်ရည်ရွယ်ပြီး၊ အစားအသောက် အရည်အသွေးနှင့် ဘေးကင်းလုံခြုံရေးကို ကြီးကြပ်ကွပ်ကဲပြီး ပြည်သူ့ကျန်းမာရေးကို အကာအကွယ်ပေးရန် ရည်ရွယ်ဆောင်ရွက်ကြောင်း သိရှိရပါသည်။

ရင်းမြစ် research.hktdc.com/en/article/MTIwMzU4NDI5OQ

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……..

တရုတ်နိုင်ငံ၏ CCC စီမံခန့်ခွဲမှုတွင် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ထုတ်ကုန် အမျိုးအစားကိုးမျိုး မပါဝင်တော့ကြောင်းထုတ်ပြန်

တရုတ်နိုင်ငံ၊ နိုင်ငံတော်စျေးကွက်အုပ်ချုပ်ရေး State Administration for Market Regulation ၏ မကြာသေးမီ ထုတ်ပြန်ကြေညာချက်အရ အီလက်ထရွန်နစ်နှင့် ဘေးအန္တရာယ် အဆင့်နိမ့်ပါးပြီး စိတ်ချရသောနည်းပညာများပါရှိသည့် အီလက်ထရွန်းနစ်နှင့် လျှပ်စစ်ထုတ်ကုန် အမျိုးအစားကိုးမျိုးသည် တရုတ်နိုင်ငံ၏ မဖြစ်မနေရယူရန် လိုအပ်သော အသိအမှတ်ပြုလက်မှတ် China Compulsory Certification–CCC မလိုအပ်တော့ကြောင်း ကြေညာခဲ့ပြီး ယခင်လိုအပ်ချက်အရ သတ်မှတ်ထားသော အသိအမှတ်ပြုအဖွဲ့အစည်းများနှင့် ဓာတ်ခွဲခန်းများ၏ အတိုင်းအတာကို အလိုက်သင့် လျှော့ချမည်ဖြစ်ပါသည်။

ရင်းမြစ် research.hktdc.com/en/article/MTIwMzU4Nzk5MA

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……..

Agriculture & Trade

တရုတ်နိုင်ငံ၏ ဉာဏ်ပစ္စည်းမူပိုင်ခွင့် တရားစီရင်ရေးဆိုင်ရာ အကာအကွယ်တိုးမြှင့်

တရုတ်နိုင်ငံ၏ တရားရေးအေဂျင်စီများသည် သိပ္ပံနှင့်နည်းပညာတွင် မိမိကိုယ်ကိုယ်အားကိုးမှုနှင့် နိုင်ငံအတွက် ပံ့ပိုးမှုတွန်းအားရရှိရန်အတွက် ဉာဏ်ပစ္စည်းမူပိုင်ခွင့် (IPR) ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြီးတန်းတရားသူကြီးတစ်ဦးက (၁၉-၁၀-၂၂) ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

ကြီးမားသောဒေတာ၊ ဉာဏ်ရည်တုနှင့် မျိုးရိုးဗီဇနည်းပညာများကဲ့သို့သော ကဏ္ဍများတွင် ဉာဏ်ပစ္စည်းမူပိုင်ခွင့် ကာကွယ်ရန် ကျိုးကြောင်းဆီလျှော်၍ ယုတ္တိတန်သော စည်းမျဉ်းစည်းကမ်းများကို မိတ်ဆက်မည်ဖြစ်ပြီး လက်ဝါးကြီးအုပ်မှုနှင့် တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များကို မြှင့်တင်သွားမည်ဖြစ်ကြောင်း မတည်အရင်းအနှီး ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းညှိရန်နှင့် လမ်းညွှန်နိုင်ရန် ပိုမိုကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံသည် ဉာဏ်ပစ္စည်းမူပိုင်ခွင့် တရားစီရင်ရေးဆိုင်ရာ အကာအကွယ်ပေးရေးတွင် ထင်ရှားသောတိုးတက်မှုကို ရရှိခဲ့ကြောင်း ၂၀၁၃ ခုနှစ်မှစတင်၍ ပထမအကြိမ်တွင် ပိတ်သိမ်းခဲ့သည့် ဉာဏ်ပစ္စည်းမူပိုင်ခွင့် တရားစွဲမှုအရေအတွက်သည် စုစုပေါင်း ၂.၇၄ သန်းရှိပြီး နှစ်စဉ်ပျမ်းမျှ ၂၄.၅ ရာခိုင်နှုန်းတိုးလာကြောင်း ပြည်သူ့တရားရုံးချုပ် ဒုတိယဥက္ကဋ္ဌက တရုတ်နိုင်ငံကွန်မြူနစ်ပါတီ၏ ၂၀ ကြိမ်မြောက် အမျိုးသားကွန်ဂရက်ညီလာခံကျင်းပစဉ် ဆောင်ရွက်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဉာဏ်ပစ္စည်းမူပိုင်ခွင့် နှင့်ပတ်သက်သည့်တရားစွဲဆိုမှုများတွင် အမှုအခင်းများမှာ မူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ၊ စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်များ၊ ပေါင်းစပ်ပတ်လမ်းဒီဇိုင်းများ၊ အပင်မျိုးစိတ်အသစ်များ၊ ဒေသန္တရထုတ်ကုန်များ GI products၊ လက်ဝါးကြီးအုပ်မှုနှင့် တရားမျှတမှုမရှိသော ပြိုင်ဆိုင်မှုတို့ပါဝင်သော ကဏ္ဍများစွာကို လွှမ်းခြုံထားကြောင်း စားသုံးသူအခွင့်အရေးနှင့် အလုပ်အကိုင်ပုံစံသစ်ရရှိသူများ၏ အခွင့်အရေးများကို ပိုမိုကောင်းမွန်စွာကာကွယ်ထားပါကြောင်း ပြည်သူ့တရားရုံးချုပ် လက်အောက်ရှိ ဉာဏ်ပစ္စည်းမူပိုင်ခွင့်အထူးပြု တရားရုံး(၄)ခုကို ဘေဂျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုးနှင့် ဟိုင်နန် လွတ်လပ်သောကုန်သွယ်မှုဆိပ်ကမ်းတို့တွင်တည်ရှိပြီး ယင်းတို့သည် နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုတွင် ဉာဏ်ပစ္စည်းမူပိုင်ခွင့် အမှုအခင်းဖြေရှင်းရေးတွင် အဆင်ပြေချောမွေ့စေကြောင်း နိုင်ငံခြားကုမ္ပဏီများသည် တရုတ်နိုင်ငံတွင် တန်းတူညီမျှ တရားဥပဒေဆိုင်ရာ အကာအကွယ်များ ရရှိစေရေးအတွက် အမြဲတစေကြိုးပမ်းမှုများနှင့်အတူ နိုင်ငံခြားကုမ္ပဏီများသည် ၎င်းတို့၏ ဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အငြင်းပွား

Agribusiness & Trade

မှုများကို တရုတ်တရားရုံးများတွင် ပြေလည်အောင် ဖြေရှင်းပေးခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

ရင်းမြစ် yunnangateway.com/html/2022/news_1021/26469.html

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……

တရုတ်နိုင်ငံသည် တန်ဖိုး-မြှင့်တင်ထုတ်လုပ်မှုတွင် ကမ္ဘာလုံးဆိုင်ရာ ပထမအဆင့်ဖြစ်

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုသည် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း လျင်မြန်စွာတိုးတက်လာခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ခံနိုင်ရည်ရှိမှုနှင့်အတူ စက်မှုလုပ်ငန်းစုများနှင့် ထောက်ပံ့ရေးကွင်းဆက်များ ဖွံ့ဖြိုးလာခဲ့ကြောင်း ဘေဂျင်းရှိ Yizhuang တွင် တည်ထောင်ထားသော စက်ရုပ်စနစ်များ ထုတ်လုပ်ခြင်းနှင့် အမှားပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံတွင် စက်ရုပ်များသည် ဖမ်းယူခြင်း၊ သယ်ဆောင်ခြင်း၊ ဂဟေဆော်ခြင်း၊ ကြိတ်ခြင်း၊ ကော်အုပ်ခြင်းစသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးကို အလိုအလျောက်အပြီးသတ် ဆောင်ရွက်နိုင်နေပြီးဖြစ်ကြောင်း ကုန်ထုတ်လုပ်မှုသည် နိုင်ငံတော်စီးပွားရေး၏ အသက်သွေးကြောဖြစ်ပြီး စစ်မှန်သော စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ရာ ပြီးခဲ့သည့် ဆယ်နှစ်အတွင်း စက်ရုပ်များထုတ်လုပ်ရေးတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်းကြောင့် တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းသုံး စက်ရုပ်များ ထုတ်လုပ်မှု မြင့်တက်လာခဲ့ကြောင်း တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် စက်မှုလုပ်ငန်းသုံး စက်ရုပ်အလုံးရေ ၃၆၆,၀၀၀ ကို ထုတ်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်ထက် ၁၀ ဆတိုးလာကြောင်း ကမ္ဘာ့အကြီးဆုံးဈေးကွက်အဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း ထို့အပြင် တရုတ်နိုင်ငံ၏ အဆင့်မြင့် စက်ကိရိယာများ ထုတ်လုပ်ရေးလုပ်ငန်းသည်လည်း လျင်မြန်စွာတိုးတက်လာကြောင်း မြေအောက်ရထားများ၊ အဝေးပြေးလမ်းများနှင့် ခက်ခဲသောမြေပြင် ကိုဖြတ်ကျော်တည်ဆောက်သည့် မြေအောက်ရထားလမ်းများနှင့် ဥမင်လှိုဏ် ခေါင်းကြီးများတည်ဆောက်သော ဒိုင်းလွှားစက်ကြီးများမှာ ကမ္ဘာ့ဈေးကွက်၏ သုံးပုံနှစ်ပုံခန့်ရှိပါကြောင်း တစ်နာရီ ကီလိုမီတာ ၃၅၀ နှုန်းရှိသော Fuxing အမြန်ရထားသည် တရုတ်ကုန်ထုတ်လုပ်ငန်း၏ ထင်ရှားသောကိုယ်စားပြု တစ်ခုဖြစ်လာကြောင်း လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ယွမ် ၁၆.၉၈ ထရီလျံမှ ယွမ် ၃၁.၄ ထရီလီယံအထိ တိုးလာခဲ့ပြီး ကမ္ဘာ့ဈေးကွက်၏ ၃၀ ရာခိုင်နှုန်းနီးပါးနှင့် ထိပ်တန်းအဆင့်ရှိကြောင်း အမိကစက်မှု ုတ်ကုန် ၅၀၀ တွင် တရုတ်နိုင်ငံ၏ ထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းကျော်ရှိပြီး ကမ္ဘာတစ်ဝှမ်းတွင် နံပါတ် (၁) နေရာတွင်ရှိနေပြီး ပြည်

တွင်းကုန်ထုတ်လုပ်မှု၏ အလုံးစုံစွမ်းအားမှာ သိသိသာသာတိုးတက်လာကြောင်း ညွှန်ပြနေကြောင်း ဖေါ်ပြထားပါသည်။

ရင်းမြစ် english.yunnangateway.com/html/2022/news_1020/26452.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

.....

တရုတ်နိုင်ငံ၏ အစားအသောက်ပေးပို့သော အော်ပရေတာများက စားသုံးသူများအကြောင်း ပိုမိုသိရှိ

တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် မကြာသေးမီနှစ်များအတွင်း ဆက်လက်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စားသောက်ဆိုင်များသည် ဒစ်ဂျစ်တယ်ပလပ်ဖောင်းများမှ တစ်ဆင့်အစားအသောက်ပေးပို့ခြင်းဝန်ဆောင်မှုများကို စတင်ခဲ့ကြကြောင်း အစားအသောက်ပေးပို့သောစျေးကွက်သည် ယွမ် ဘီလီယံ ၆၅၀ ကျော် တန်ဖိုးရှိကြောင်း ဥပမာအနေဖြင့် တရုတ်နိုင်ငံ၏ အစားအသောက်ပေးပို့သော ထိပ်တန်းပလက်ဖေါင်းတစ်ခုဖြစ်သော Meituan ကို ဥပမာထားကြည့်ပါက တစ်ရက်အတွင်း အမှာစာအရေအတွက်သည် ၂၀၂၀ ခုနှစ်အစောပိုင်းတွင်ပင် ယွမ်သန်း ၄၀ ကျော် ကျော်လွန်သွားခဲ့ပါကြောင်း အစားအသောက်နှင့် အဖျော်ယမကာ လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်ပလပ်ဖောင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းသည် အစားအသောက်ပေးပို့သောဝန်ဆောင်မှုများ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို မြှင့်တင်ပေးကာ အစားအသောက်ပေးပို့သော ကျွမ်းကျင်ပညာရှင် လိုအပ်ချက်ကို သိသိသာသာတိုးလာစေပါကြောင်း ရလဒ်အနေဖြင့် အစားအသောက်ပေးပို့သော အော်ပရေတာ အသက်မွေးဝမ်းကြောင်း လုပ်ငန်းအသစ်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ကြောင်း အသက် ၂၃ နှစ်အရွယ် Xing Ziyan သည် အွန်လိုင်းမီနူးများစတင်ရောင်းချရန်နှင့် အရောင်းမြှင့်တင်ရန်အတွက် ကွမ်ကျိုးရှိ CBD ခရိုင်အတွင်း နေ့စဉ်သယ်ယူပို့ဆောင်နေသည့် အော်ပရေတာတစ်ဦးဖြစ်ကြောင်း " အစားအသောက်ပေးပို့သော ယူဆောင်သွားသည့် အော်ပရေတာအနေဖြင့် အစားအသောက် ပါဝင်ပစ္စည်းများ၊ ထုပ်ပိုးမှုနှင့် ဝန်ဆောင်မှုဆိုင်ရာ သဘောထားများအပါအဝင် စားသောက်ဆိုင်များနှင့် မှာယူမှုများ၏ အသေးစိတ်အချက်အလက်များကို စောင့်ကြည့်ရမည်" ဟု Xing Ziyan မှ ပြောကြားခဲ့ပြီး မည်သည့်အမှားအယွင်းမဆို အရောင်းအဝယ်အပေါ် တိုက်ရိုက်သက်ရောက်မှု ရှိလာမည်ဖြစ်ကြောင်း စွမ်းဆောင်ရည်ညံ့ဖျင်းသော စီးပွားရေးလုပ်ငန်းများအတွက်၊ ပန်းကန်များကို ပြန်လည်ဒီဇိုင်းဆွဲခြင်း၊ စားသောက်ဆိုင်များကို ပြန်လည်အလှဆင်ခြင်း၊ ပရိုမိုးရှင်းကို အကောင်းဆုံးဖြစ်အောင်လုပ်ပြီး

Agribusiness & Fra

ဖောက်သည်တို့ပြန်ချက်အပေါ် အခြေခံ၍ အချိန်နှင့်တစ်ပြေးညီ ချိန်ညှိမှုပြုလုပ်ရန်ပင် ကူညီပေးသင့်ကြောင်း အစားအသောက်ပေးပို့သော အော်ပရေတာများ ပေါ်ပေါက်လာခြင်းသည် အစားအသောက်ပေးပို့သောလုပ်ငန်းများကို တဖြည်းဖြည်း ကျွမ်းကျင်လာစေရန်၊ တက်ကြွသောဝန်ဆောင်မှုကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးခြင်းကို ညွှန်ပြကြောင်း အလုပ်အကိုင် စုဆောင်းရေး ပလက်ဖောင်းများမှ အချက်အလက်များအရ ဘေဂျင်း၊ ရှန်ဟိုင်း၊ ကွမ်ကျိုးနှင့် ရှန်ကျန်းစသည့် ပထမအဆင့်မြို့ကြီးများတွင် ခေါ်ယူသွားသော အစားအသောက်ပေးပို့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်အကိုင်များသည် ဂယ်လိုအားမြင့်မားနေကြောင်း ပြသနေခဲ့ကြောင်း အစားအသောက်ပေးပို့သော အော်ပရေတာတစ်ခုသည် အများအားဖြင့် တစ်လလျှင် တရုတ်ငွေ ယွမ် ၁၀,၀၀၀ ရရှိကြောင်း ကောလိပ်ဘွဲ့ရများ၊ အမှုထမ်းဟောင်းများ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ မသန်စွမ်းသူများနှင့် အခြားအလုပ် အင်အားစုများသည် ဤလုပ်ငန်းသစ်သို့ ဝင်ရောက်လာနေကြကြောင်း သိရှိရပါသည်။

ရင်းမြစ်–english.yunnangateway.com/html/2022/news_1020/26454.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

အီးယူဒေသတွင်း စွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း

အီးယူကော်မရှင်က စွမ်းအင်ဆိုင်ရာစီမံချက်မူကြမ်းတစ်ရပ်(Blueprint) ကို ရေးဆွဲချမှတ်ပြီး ဥရောပခေါင်းဆောင်များပါဝင်သည့် ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို ၂၀.၁၀.၂၀၂၂ ရက်နေ့က ဘရပ်ဆဲလ်မြို့တွင်ကျင်းပ၍ စွမ်းအင်ဈေးနှုန်း မြင့်တက်မှုများအတွက် အမျိုးမျိုးအဖြေရှာ ဆွေးနွေးခဲ့ကြပါသည်။ စီမံချက်မူကြမ်းတွင် တင်ပြမှုတစ်ခုမှာ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စွမ်းအင်ဈေးနှုန်း မြင့်တက်မှုအခက်အခဲများမှ လျော့ပါးသက်သာမှုရစေမည့်အစီအစဉ်တစ်ခုအနေဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများထဲမှ ယူရို (၄၀) ဘီလီယံထောက်ပံ့ပေးရန်ဖြစ်ပါသည်။ ထို့ပြင် အီးယူအဖွဲ့ဝင်(၂၇)နိုင်ငံစုပေါင်း၍ ဓါတ်ငွေ့များပူးပေါင်းဝယ်ယူကြပြီး ပိုမိုကောင်းမွန်သော ဈေးနှုန်းများရရှိနိုင်စေရန် ဆောင်ရွက်ကြရန်၊ Liquefied Natural Gas(LNG) တည်ဆောက်ကြပြီး ဈေးနှုန်းတည်ငြိမ်သော LNG ဈေးကွက်တစ်ခုဖြစ်ပေါ်လာရန်လည်း ထည့်သွင်းဖော်ပြထားပါသည်။ ကော်မရှင်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ကွဲပြားခြားနားမှုများ မဖြစ်ပေါ်စေရန် ဓါတ်ငွေ့ဈေးနှုန်းသတ်မှတ်ခြင်း(price cap)ကို တင်ပြခဲ့ခြင်းမရှိပါ။

Agribusiness & Trade

အီးယူကော်မရှင်ဥက္ကဋ္ဌ Ms.Ursula von der Leyen က ဥရောပဒေသ၏ စွမ်းအင်လိုအပ်ချက်မှာ ကြီးမားကြောင်း၊ အဖွဲ့ဝင်နိုင်ငံများနှင့်၎င်းတို့၏စွမ်းအင်ကုမ္ပဏီများ၏ ပူးပေါင်းဝယ်ယူနိုင်မှုစွမ်းအား(joint purchasing power)ကို မြှင့်တင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်အခက်အခဲနှင့် ပတ်သက်၍ ဖြေရှင်းသတ်မှတ်သည့် နည်းလမ်းများအပေါ် သဘောထားများ အမျိုးမျိုးရှိနေကြပြီး ကော်မရှင်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား Supply side အခက်အခဲကို ပြေလည်ချောမွေ့လာစေမည့် စည်းမျဉ်းများချမှတ်ရန်လည်း ဆန္ဒရှိပါသည်။ အီးယူအနေဖြင့် စီစဉ်ဆောင်ရွက်နေမှုများအရ စျေးနှုန်းလက်ဝါးကြီးအုပ်ခြင်းများကို ကာကွယ်နိုင်ပြီး စျေးကွက်အတွင်း ပိုမိုပွင့်လင်းမြင်သာမှုနှင့် တည်ငြိမ်မှုရရှိစေပြီး သင့်တင့်မျှတသော စျေးနှုန်းနှင့်ဓါတ်ငွေ့များရရှိနိုင်ရန် ရည်ရွယ်ထားရှိပါသည်။

ဘရပ်ဆဲလ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂)ရက်ကြာ ထိပ်သီးဆွေးနွေးပွဲသည် (၂)ပတ်အတွင်း အီးယူအဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များ ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲတွင် နိုင်ငံခေါင်းဆောင်အများစုအနေဖြင့် စီမံချက်မူကြမ်း**ပါ**ချက်များကို ယေဘူယျအားဖြင့် သဘောတူညီမှု ရှိကြပြီး **ဓါတ်**ငွေ့စျေးနှုန်းသတ်မှတ်ရန် ဆွေးနွေးမှုများအပေါ် အဖွဲ့ဝင်နိုင်ငံများအကြား သဘောထားများ ကွဲပြားနေကြပြီး အတည်ပြုသဘောတူညီချက် မရရှိနိုင်ကြသေးဘဲ ဆက်လက်ညှိနှိုင်းရန် ရှိနေပါသည်။

Source: https://www.dw.com/en/eu-presents-blueprint-for-tackling-soaring-energy-costs/a-63480816 https://www.dw.com/en/eu-leaders-focus-on-war-and-energy-markets-at-summit/a-63509691

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.....

ဂျာမန်လွှတ်တော်က စွမ်းအင်ဆိုင်ရာထောက်ပံ့မှုအစီအစဉ်ကို အတည်ပြုခြင်း

ဂျာမန်လွှတ်တော်က စွမ်းအင်ကဏ္ဍအခက်အခဲများကို ဖြေရှင်းနိုင်ရန် ယူရို(၂၀၀) ဘီလီယံ(အမေရိကန်ဒေါ်လာ(၁၉၅)ဘီလီယံ) ထောက်ပံ့မှုအစီအစဉ် (energy relief plan)ကို ၂၁.၁၀.၂၀၂၂ ရက်နေ့က အတည်ပြုပေးလိုက်ပါသည်။ ဖက်ဒရယ်အစိုးရအနေဖြင့် လက်ရှိအိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသော စွမ်းအင်စျေးနှုန်းမြင့်တက်လာမှု အကျပ်အတည်းကို ဖြေရှင်းနိုင်စေရန် ရည်ရွယ်ပြီး ၂၀၂၄ ခုနှစ်အထိ ထောက်ပံ့မှုအစီအစဉ်ကို ဆောင်ရွက်

သွားရန် စီစဉ်ထားရှိပါသည်။ ထောက်ပံ့မှုအစီအစဉ်အပေါ် အခြားအီးယူအဖွဲ့ဝင်နိုင်ငံများ၏ ဝေဖန်မှုများလည်း မြင့်တက်ခဲ့ပါသည်။

အဆိုပါထောက်ပံ့မှုအစီအစဉ်အရ ကုမ္ပဏီကြီးများအတွက် စျေးနှုန်းသတ်မှတ်ခြင်း (price cap) အစီအစဉ်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စတင်သက်ရောက်မှုရှိမည်ဖြစ်ပြီး၊ အိမ်ထောင်စုများ အနေဖြင့် ၂၀၂၃ ခုနှစ်မတ်လမှစတင်၍ ပုံမှန်စွမ်းအင်သုံးစွဲမှုများအပေါ် သတ်မှတ်စျေးနှုန်းဖြင့်ကျသင့်တန်ဘိုး၏ (၈၀)ရာခိုင်နှုန်းကို လျော့ပေါ့သက်သာခွင့် ရရှိမည်ဖြစ်ပါသည်။

ဂျာမန်ဖက်ဒရယ်အစိုးရအတွက် ဓါတ်ငွေ့စျေးနှုန်းသတ်မှတ်ခြင်းအပေါ် ထောက်ပံ့မှုပေးခြင်းမှာ ဖွဲ့စည်းပုံအရ ထိန်းသိမ်းကာကွယ်ရမည့်ဥပဒေ(enshrined law) နှင့် ငြိစွန်းမှုရှိခြင်းကြောင့် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရှိနေခဲ့ပြီး ဂျာမန်ဥပဒေရေးဆွဲပြုပြင်သူများ(Law makers) က ထောက်ပံ့မှုအစီအစဉ်ကို အတည်ပြုခွင့်ပြုပေးရန် မဲဆန္ဒပေးတောင်းဆိုခဲ့ခြင်းကြောင့် လွှတ်တော်က ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ၂၀၀၉ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းကာလပြီး နောက်ပိုင်းတွင် အစိုးရ၏ အသားတင်ထုတ်ချေးငွေသည် ဂျီဒီပီ၏ ၀.၃၅ ရာခိုင်နှုန်းရှိရန် ကန့်သတ်ထားရှိပြီး ဂျာမန်အခြေခံ ဥပဒေအရ နိုင်ငံတွင်းသဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်း သို့မဟုတ် ဘဏ္ဍာရေးကဏ္ဍကို ထိခိုက်လာစေသည့်အရေးပေါ်အခြေအနေမျိုးတွင်သာ ချေးငွေထောက်ပံ့မှုအစီအစဉ်များကို ပြုလုပ်နိုင်ရန် ဖော်ပြသတ်မှတ်ထားပါသည်။ ဂျာမန်လွှတ်တော်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ ကူးစက်မှုဖြစ်ပွားသည့်ကာလများမှစ၍ ချေးငွေထောက်ပံ့မှုအစီအစဉ်များကို ပြုလုပ်ပေးခဲ့ပြီး ဖွဲ့စည်းပုံဆိုင်ရာကြွေးမြီကန့်သတ်ချက်ထားရှိမှုကို ခေတ္တရပ်ဆိုင်းထားခြင်းများ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ရကြောင်း သိရှိရပါသည်။

Source: https://www.dw.com/en/german-parliament-approves-200-billion-energy-relief-plan/a-63517489

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

.....

ဂျာမနီနိုင်ငံရှိ စားသောက်ကုန်လုပ်ငန်းများ အခြေအနေ

ဂျာမနီနိုင်ငံရှိ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် အာလူးထုတ်လုပ်သူများအသင်း (Federal Association of Fruit, Vegetable and Potato Processors –BOGK)သည် အဖွဲ့ဝင် ကုမ္ပဏီများနှင့် သက်ဆိုင်ရာကဏ္ဍများကိုကိုယ်စားပြု၍ မူဝါဒ၊ စျေးကွက်၊ ကုန်ကြမ်းရရှိမှု၊

ထောက်ပံ့ပို့ဆောင်မှု အစရှိသည်တို့အတွက် လိုအပ်သည်များပံ့ပိုးဆောင်ရွက်ပေးနေသော အဖွဲ့အစည်းဖြစ်ပါသည်။ အာလူး စိုက်ပျိုးထုတ်လုပ်မှုပိုင်းတွင် ကုန်ကြမ်းအပါအဝင် အခြားထောက်ပံ့ပို့ဆောင်မှုနှင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာမှုများအတွက် အသင်း၏ Managing Director ဖြစ်သူ Mr.Horst–Peter Karos က စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်ပစ္စည်းများသည် စွမ်းအင်ဈေးနှုန်းများနှင့်အတူ ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး ဈေးနှုန်းများလည်း များစွာမြင့်တက်လာနေကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အခက်အခဲများကြောင့်လည်း စိန်ခေါ်မှုတစ်ရပ်နှင့် တွေ့ကြုံနေရကြောင်း၊ ကုမ္ဍဏီများအနေဖြင့် စားသောက်ကုန်များနှင့် အာလူးကုန်ချောများ ထုတ်လုပ်နိုင်မှုနှင့် စားသုံးသူများအတွက် အာမခံချက်ပေးနိုင်မှုတို့သည်လည်း မေးခွန်းထုတ်စရာဖြစ်လာကြောင်း ပြောကြားခဲ့ပါသည်။

စားသောက်ကုန်ထုတ်လုပ်ရာတွင် လိုအပ်သော ထုပ်ပိုးမှုစရိတ်များနှင့် နေကြာဆီကဲ့သို့ ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ မြင့်တက်လာနေပြီး စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော ယူကရိန်းနိုင်ငံမှ အလုပ်သမားများနှင့် ကားမောင်းသူများကို ရုရှား–ယူကရိန်း ပဋိပက္ခဖြစ်ပွားမှုတွင် ဆုံးရှုံးရခြင်းများလည်း ရှိခဲ့ပါသည်။ BOGK အနေဖြင့် အာလူးထုတ်လုပ်မှုလုပ်ငန်းအတွက် ၂၀၂၂ ခုနှစ်နောက်ပိုင်းတွင်လည်း စိန်ခေါ်မှုများနှင့် ဆက်လက်တွေ့ကြုံရနိုင်ကြောင်း၊ လက်လီရောင်းဝယ်သူများနှင့် စာချုပ်ချုပ်ဆိုမှုများ အပြီးသတ်ပြုလုပ်နိုင်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်ကျစရိတ်များ ပြန်လည်တွက်ချက်ခြင်းတို့ လိုအပ်ကြောင်း ခန့်မှန်းထားရှိပါသည်။

Source: https://www.bogk.org/

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

.....

Agribusiness & Trac